# ကြေးမုံ
**The Mirror Daily**
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957


**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)


၁၃၈၄ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 19 October 2022 ၁၀၈၉၃


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်တွင်းကုန်ထုတ်လုပ်မှုကို လုံလောက်စွာဆောင်ရွက်နိုင်ခြင်းဖြင့် ကုန်ဈေးနှုန်းကြီးမြင့်မှုများကို ဖြေရှင်းနိုင်

# ပြည်ပအစားထိုးသွင်းကုန်များကို မိမိနိုင်ငံအတွင်း၌ အရည်အသွေးမီ ထုတ်လုပ်ခြင်းနှင့် ပြည်ပသို့ တင်ပို့ခြင်းများကို ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်း၊ ပြည်ပ စီးပွားရေးလုပ်ငန်းများ ကောင်းမွန်လာမည်

**နေပြည်တော် အောက်တိုဘာ ၁၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များအား မော်လမြိုင်မြို့ရှိ ပြည်နယ်ခန်းမ၌ တွေ့ဆုံ၍ ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒေါက်တာကံဇော်၊ ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဒေါက်တာချာလီသန်း၊ ဦးအောင်နိုင်ဦးနှင့် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ မွန်ပြည်နယ်ရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းရှင်များ တက်ရောက်ကြသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မော်လမြိုင်မြို့ရှိ ပြည်နယ်ခန်းမ၌ ခင်းကျင်းပြသထားသည့် ထုတ်ကုန်ပစ္စည်းများကို လေ့လာကြည့်ရှုစဉ်။

**ယနေ့ ဖတ်စရာ**

**ရာသီဥတုပြောင်းလဲမှုများကို ကောင်းစွာမထိန်းသိမ်းနိုင်ပါက ၂၀၉၀ ပြည့်နှစ်တွင် သမုဒ္ဒရာများ၏ အပူချိန်လေးဆခန့် မြင့်တက်လာနိုင်**


စာမျက်နှာ » ၁၃




**မြန်မာနိုင်ငံက ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်တင်ပို့ရာ၌ ဆန်အရည်အသွေးကို ကြပ်မတ်စစ်ဆေးမှုဖြင့် တောင်သူ၊ စက်ပိုင်၊ ကုန်သည်နှင့် ကုမ္ပဏီများ အဆင်ပြေသော နှစ်တစ်နှစ်အဖြစ် ရပ်တည်**


စာမျက်နှာ » ၁၅


**အချပ်ပို (၈) မျက်နှာပါရှိ**

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနား၊ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားပုံရိပ်များကို အချပ်ပို (၈) မျက်နှာဖြင့် ဖော်ပြထားပါသည်။

# ကြေးမုံ

## ကလေးငယ်များအားစောင့်ရှောက်မြှင့်တင်

မျက်မှောက်ကာလ၌ ရှင်သန်ရပ်တည်နေသော ကလေးသူငယ်များသည် အနာဂတ်ကို ပုံဖော်ကြမည့်၊ အနာဂတ်တွင် ကောင်းမွေ၊ ဆိုးမွေတို့ကို ဖန်တီးကြမည့်သူများဖြစ်သည်။ ကောင်းမွန်သောအနာဂတ်ကို ပုံဖော်တည်ဆောက်နိုင်ရန်အတွက် မျက်မှောက်ကာလရှိ ကလေးသူငယ်များ၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ပေးရမည်ဖြစ်ပြီး အကြောင်းအမျိုးမျိုးဖြင့် နိမ့်ကျနေသောကလေးငယ်များကိုလည်း စောင့်ရှောက်ကူညီဖေးမပေးရမည်ဖြစ်သည်။

ကမ္ဘာပေါ်တွင် ဆင်းရဲနွမ်းပါးမှုအကျိုးဆက်ကြောင့် ကလေးလုပ်သားများ နှစ်စဉ်များပြားလာသည်။ စစ်တမ်းများအရ ဆင်းရဲနွမ်းပါးမှု တစ်ရာခိုင်နှုန်းတိုးလာသည်နှင့်အမျှ ကမ္ဘာပေါ်ရှိနိုင်ငံများ၌ ကလေးအလုပ်သမား အနည်းဆုံး ၈ ဒသမ ၇ ရာခိုင်နှုန်းရှိလာသည်ဟု သိရှိရသည်။ လူ့အသိုင်းအဝိုင်းအတွင်း၌ ကလေးသူငယ် ၁၀ ယောက်တွင် ကလေးအလုပ်သမား တစ်ယောက်ရှိနေသည်။ ၂၀၁၆ ခုနှစ်တွင် ကမ္ဘာပေါ်၌ ကလေးအလုပ်သမား စုစုပေါင်း ၁၅၂ သန်းရှိပြီး ၂၀၂၀ ပြည့်နှစ်တွင် ကလေးအလုပ်သမား စုစုပေါင်း သန်း ၁၆၀ ရှိလာသဖြင့် လေးနှစ်အတွင်း ကလေးအလုပ်သမား ရှစ်သန်းကျော်တိုးလာသည်ဟု စစ်တမ်းများတွင် ဖော်ပြထားသည်။

အဆိုပါကလေးအလုပ်သမား စုစုပေါင်းအနက်မှ ၆ ဒသမ ၅ သန်းသည် အန္တရာယ်ရှိသော လုပ်ငန်းခွင်များ၌ အလုပ်လုပ်ကိုင်နေကြသည်ဟု ဆိုထားသည်။ ငတ်မွတ်ခေါင်းပါးမှု၊ သဘာဝဘေးအန္တရာယ်အမျိုးမျိုး ကြုံတွေ့ရမှု၊ စစ်ဘေးအန္တရာယ်ဖြစ်ပေါ်လာမှုများ၏ နောက်ဆက်တွဲအကျိုးဆက်တွင် ကလေးသူငယ်များ၏ လူမှုဘဝများထိခိုက်မှုများပြားလာသည်။ မျက်မှောက်ကာလတွင် ကိုဗစ်-၁၉ ကပ်ရောဂါ နောက်ဆက်တွဲအကျိုးဆက်ကြောင့် လူမှုအသိုက်အဝန်းမိသားစုများတွင် ကလေးအလုပ်သမားပြဿနာများကြီးမားလာပြီး ၂၀၂၂ ခုနှစ်တွင် ကမ္ဘာတစ်ဝန်း၌ ကလေးအလုပ်သမား ၈ ဒသမ ၉ သန်းနီးပါးရှိလာခဲ့သည်။

ကိုဗစ်-၁၉ ရောဂါနောက်ဆက်တွဲအကျိုးဆက်ကြောင့် စီးပွားရေးထိခိုက်မှုပြဿနာများရှိလာခဲ့ပြီး မိသားစုများဝင်ငွေထိခိုက်ရာမှ ဆင်းရဲနွမ်းပါးမှုမြင့်မားလာပြီး မိသားစုရှင်သန်ရပ်တည်နိုင်မှုအတွက် ကလေးအလုပ်သမားများ တိုးပွားလာသည်။ ကလေးငယ်များမှာ လုပ်ငန်းခွင်များထဲသို့ မလွှဲသာမရှောင်သာ ရောက်ရှိသွားပြီး လုပ်အားခေါင်းပုံဖြတ်ခံရခြင်း၊ အနိုင်ကျင့်နှိပ်စက်ခံရခြင်း၊ အန္တရာယ်ရှိသောလုပ်ငန်းများ၌ အတင်းအကျပ်စေခိုင်းခံရခြင်း၊ အထူးသဖြင့် အားနည်းသည့် မိန်းကလေးငယ်များ စိုက်ပျိုးရေးနှင့်အိမ်အကူလုပ်ငန်းများတွင် ခေါင်းပုံဖြတ်အနိုင်ကျင့်မှုခံရခြင်းများနှင့် ကြုံတွေ့နေရသည်။ ကလေးအလုပ်သမားအများစုအနေဖြင့် လူမှုအကာအကွယ်အထောက်အပံ့များ မဖြစ်မနေလိုအပ်လာသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးပေးဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက်ကို ၂၀၁၉ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ ငါးနှစ်တာကာလတိုစီမံချက်ကို ရေးဆွဲဆောင်ရွက်ခဲ့ပြီး အမျိုးသားအဆင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီများ၊ အခြားသောအဖွဲ့အစည်းများနှင့် အရပ်ဘက်အဖွဲ့အစည်းများ ချိတ်ဆက်၍ ဆောင်ရွက်နေသည်။ လုပ်ငန်းစီမံချက်ကာလပြီးဆုံးမည့် ၂၀၂၃ ခုနှစ်နောက်ပိုင်းတွင် အလားတူစီမံချက်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး လုပ်ငန်းများ မြန်ဆန်အောင်မြင်စွာဆောင်ရွက်နိုင်ရန် ဝိုင်းဝန်းလက်တွဲဆောင်ရွက်ရမည်ဖြစ်သည်။

ကလေးသူငယ်များ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံတော်၏အနာဂတ်ကို ကောင်းမွန်စွာဖန်တီးပေးနိုင်မည်ဖြစ်သည်။ ထို့အပြင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ လူနေမှုဘဝမြင့်မားမှု၊ ပညာရေးဖွံ့ဖြိုးတိုးတက်မှုများနှင့် ကလေးသူငယ်ဖွံ့ဖြိုးရေးမှာ တိုက်ရိုက်သက်ဆိုင်နေသည်။ ထို့ကြောင့် မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက် ရည်မှန်းချက်ကို ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ရလဒ်ကောင်းများ ရရှိရန်အတွက် ရေရှည်အလေးထားဆောင်ရွက်သွားရမည်ဖြစ်သည်။ ကလေးအလုပ်သမား ပပျောက်ရေးသည် ဆင်းရဲနွမ်းပါးမှုနှင့် တိုက်ရိုက်သက်ဆိုင်နေသဖြင့် ဆင်းရဲနွမ်းပါးမှုလျော့ကျစေရန် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါများရေးတို့ကို နိုင်ငံတော်အစိုးရက မျက်ခြည်မပြတ် အလေးထားဆောင်ရွက်နေသည်။

သို့ဖြစ်ရာ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုလုပ်ငန်းများတွင် အားလုံးပါဝင်ကာတက်ညီလက်ညီဆောင်ရွက်ပြီး နိုင်ငံဖွံ့ဖြိုးရေး၊ လူမှုဘဝမြင့်မားရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတို့ကို အလေးထားဆောင်ရွက်ပြီး နိုင်ငံအနာဂတ်အတွက် အဓိကအရင်းအမြစ်များဖြစ်သည့် ကလေးအလုပ်သမားများဘဝ လျှော့ချပေးကာ ကလေးသူငယ်များဘဝ မြင့်မားတိုးတက်ရေးကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ပြည်ထဲရေးဝန်ကြီးဌာနမိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း



နေပြည်တော် အောက်တိုဘာ ၁၈

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ စိန်ရာဇာသာသနာလင်္ကာရပရိယတ္တိစာသင်တိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ မြို့တော်ဦးကျောင်းတိုက်၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ မြို့မပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိပိဋကသုံးပုံနိကာယ ပရိယတ္တိစာသင်တိုက်၊ တာမွေမြို့နယ်ရှိ အရိယမဂ္ဂင်ကျောင်းတိုက်၊ တောင်ဥက္ကလာပမြို့နယ်ရှိ ကံသာကျောင်းတိုက်၊ သာကေတမြို့နယ်ရှိ သုစိတ္တာလင်္ကာရပရိယတ္တိစာသင်တိုက်နှင့် အင်းစိန်မြို့နယ်ရှိ မင်္ဂလာသီရိပရိယတ္တိစာသင်တိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ သာသနာ့ရောင်ခြည်ပရိယတ္တိစာသင်တိုက်၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်ရှိ သီတဂူဗုဒ္ဓကောလိပ်၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်ရှိ ထန်းတောကြီးကန် ကျောင်းတိုက်နှင့် မကွေးမြို့နယ်ရှိ ရတနာသိဒ္ဓိကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ မဇ္ဈိမရာတိုက်မကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ အောင်မြင့်ဇေယျာကျောင်းတိုက် တို့သို့ ဆန်ကြာဆံများကို လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



မြောက်ဦးခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဌေးနှင့် ဝန်ထမ်းများသည် မြောက်ဦးမြို့ ပညာရောင်ခြည်ဘုန်းတော်ကြီးကျောင်းနှင့် သာသနာလင်္ကာဘုန်းတော်ကြီးကျောင်းတိုက်တို့ရှိ ဆရာတော်ကြီးများထံသို့ အောက်တိုဘာ ၁၈ ရက်က ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ကုလားပဲများကို ဆက်ကပ်လှူဒါန်းစဉ်။

ငွေကြယ်

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၈ - ၁၀ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၄၀၀ | ၉,၄၀၀ | ၁,၀၄၇ | ၉,၇၅၄,၁၀၀ |
| MTSH | ၃,၅၀၀ | ၃,၄၅၀ | ၁၀,၄၃၂ | ၃၆,၁၄၂,၅၀၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၁၂ | ၉၃,၆၀၀ |
| FPB | ၂၁,၀၀၀ | ၂၁,၀၀၀ | ၄၄ | ၉၂၄,၀၀၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၀ | ၀ |
| EFR | ၂,၇၅၀ | ၂,၇၅၀ | ၂ | ၅,၅၀၀ |
| AMATA | ၅,၁၀၀ | ၅,၁၀၀ | ၉၀ | ၄၅၉,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် အောက်တိုဘာ ၁၈

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၀၆၆.၀ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၉၁.၆၉ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၅.၁၄၀ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၄၅.၂၉ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၅၀၂ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၃၂၁.၁ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၄၇၇.၅ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၄၀၈.၈ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၇.၃၂ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## အမှာစကား ပြောကြား

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မွန်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များအား မော်လမြိုင်မြို့ရှိ ပြည်နယ်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားစဉ်။




☆ ရှေ့ဖုံးမှ

### ပြည်နယ်အတွင်း MSME လုပ်ငန်းများဆောင်ရွက်နေမှုနှင့် ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များအား တစ်ဦးချင်း တင်ပြဆွေးနွေး

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ပြည်နယ်အတွင်းရှိ စက်မှုဇုန်များနှင့် စက်မှုဇုန်အတွင်းရှိ စက်မှုလုပ်ငန်းများ၏ လုပ်ငန်းဆောင်ရွက်နေမှုများ၊ ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မွန်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဝင်းထိန်၊ ပြည်နယ် ဆန်စက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးခိုင်ဦး၊ ပြည်နယ်ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းကိုယ်စား ဦးဟန်ထွန်းဇော်၊ ပြည်နယ်ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမြင့်စိုး၊ မော်လမြိုင်ဇုန်ဟိုတယ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးချန်ထွန်းနှင့် တက်ရောက်လာကြသူများက ရော်ဘာလုပ်ငန်းပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီပံ့ပိုးပေးစေလိုမှု၊ ဆားလုပ်ငန်းဆောင်ရွက်ရာတွင် စက်မောင်းဆီသုံးစွဲမှုများ လျှော့ချနိုင်ရေးအတွက် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဖြင့် အစားထိုးသုံးစွဲနိုင်ရေး၊ ပြည်နယ်မှထွက်ရှိသည့် ဆားကို ပြည်ပသို့ တင်ပို့နိုင်ရေးနှင့် ပြည်တွင်း၌ အဆင့်မြင့်ဆားများ ထုတ်လုပ်နိုင်ရေး နိုင်ငံတော်မှလိုအပ်သည်များ ကူညီပံ့ပိုးပေးစေလိုမှု၊ စိုက်ပျိုးရေးလုပ်ငန်းအတွက် လိုအပ်သည့် ရေလုံလောက်စွာရရှိရေး မြစ်ရေတင်စီမံကိန်း ဆောင်ရွက်ပေးစေလိုမှု၊ ရော်ဘာထွက်ဒေသများနှင့် မွန်ပြည်နယ်မှထွက်ရှိသည့် ရော်ဘာထုတ်ကုန်များကို ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ရန်အတွက် အရည်အသွေးမြင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်နေမှု၊ ငါးမွေးမြူရေးလုပ်ငန်းများအတွက် အရင်းမပျောက်မတည်ချေးငွေများ လိုအပ်မှု၊ ဒေသတွင်း ခရီးသွားလုပ်ငန်းများတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ ဆောက်လုပ်ရေးသုံးပစ္စည်းများ ဈေးနှုန်းသက်သာစွာဖြင့် ရရှိရန်လိုအပ်မှု၊ မော်လမြိုင်စက်မှုဇုန်ရှိ လုပ်ငန်းရှင်များအတွက် အတိုးနှုန်းသက်သာသည့် ချေးငွေများရရှိလိုမှု၊ သံရည်ကျိုလုပ်ငန်းများအတွက် လိုအပ်သည့် ကုန်ကြမ်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရရှိလိုမှု၊ ရက်ကန်းလုပ်ငန်းများအတွက် မတည်ချေးငွေများလိုအပ်မှု၊ သတ္တုထုတ်လုပ်မှုလုပ်ငန်းများအတွက် ကုန်ကြမ်းသတ္တုများ လိုအပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

### သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး

ဆက်လက်ပြီး လုပ်ငန်းရှင်များ၏ တစ်ဦးချင်းရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများက ဝန်ကြီးဌာနအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးကြပြီး ဝန်ကြီးဌာနအလိုက် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု၊ မွန်ပြည်နယ်အနေဖြင့် စက်မှုလက်မှုလုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းတို့တွင် အောင်မြင်စွာလုပ်ဆောင်နိုင်မည့် အခြေအနေများစွာရှိသည့်အတွက် ယခုထက် ဒေသတွင်းစီးပွားရေးပိုမိုဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်စေလိုမှုနှင့် လိုအပ်သည်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနများအကူအညီရယူဆောင်ရွက်နိုင်မှု၊ စီးပွားရေးလုပ်ငန်းများအတွက် နိုင်ငံတော်မှချေးငွေများကို ကာလအပိုင်းအခြားအလိုက် အတိုးနှုန်းသက်သာစွာဖြင့် ဆောင်ရွက်ပေးလျက်ရှိပြီး တင်ပြချက်များတွင်ပါဝင်သည့် ချေးငွေရယူလိုမှုအပေါ် သတ်မှတ်ချက်နှင့်အညီ ခွင့်ပြုပေးနိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိမှု၊ ပို့ကုန်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု စသည်တို့နှင့်ပတ်သက်၍ ပြန်လည်ဆွေးနွေးပြောကြားကြသည်။

### စီးပွားရေးမောင်းနှင်အား ကောင်းမွန်ပါက နိုင်ငံရေးနှင့် ကာကွယ်ရေးစွမ်းအားများသည်လည်း ကောင်းမွန်လာမည်ဖြစ်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် နိုင်ငံတစ်ခုသည် စီးပွားရေးမောင်းနှင်အား၊ နိုင်ငံရေးအားနှင့် ကာကွယ်ရေးစွမ်းအားကောင်းရန်လိုကြောင်း၊ စီးပွားရေးမောင်းနှင်အား ကောင်းမွန်ပါက နိုင်ငံရေးနှင့် ကာကွယ်ရေးစွမ်းအားများသည်လည်း ကောင်းမွန်လာမည်ဖြစ်ပြီး အင်အားကောင်းသည့် နိုင်ငံတစ်ခုဖြစ်လာမည်ဖြစ်ကြောင်း၊ ကမ္ဘာပေါ်တွင် ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးပြီး စီးပွားရေးအားကောင်းသည့် နိုင်ငံများ

- ☆ MSME လုပ်ငန်းတွင် ကုန်ထုတ်လုပ်မှု၊ ရောင်းဝယ်မှု၊ ဝန်ဆောင်မှုနှင့် အခြားလုပ်ငန်းဟူ၍ လေးမျိုးရှိပြီး မိမိတို့အနေဖြင့် ကုန်ထုတ်လုပ်မှုကို အဓိက အားပေး
- ☆ ဝယ်လိုအားနှင့် ရောင်းလိုအား မမျှတမှု၊ ပစ္စည်းရှားပါးမှုများကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှုများကို ဖြစ်စေနိုင်
- ☆ ပြည်တွင်းကုန်ထုတ်လုပ်မှုကို လုံလောက်စွာ ဆောင်ရွက်နိုင်မည်ဆိုပါက ဝယ်လိုအားနှင့် ရောင်းလိုအား မျှတလာမည်ဖြစ်သဖြင့် ကုန်ဈေးနှုန်းကြီးမြင့်မှုကို လျော့ကျလာစေမည်
- ☆ ပြည်ပအစားထိုးသွင်းကုန်များကို မိမိနိုင်ငံအတွင်း၌ အရည်အသွေးမီ ထုတ်လုပ်ခြင်းနှင့် ပြည်ပသို့ တင်ပို့ခြင်းများကို ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်း ပြည်ပ စီးပွားရေးလုပ်ငန်းများ ကောင်းမွန်လာမည်

ရှိသကဲ့သို့ အခြားနိုင်ငံရေးစနစ်များကို ကျင့်သုံး၍ စီးပွားရေး အားကောင်းလျက်ရှိသည့် နိုင်ငံများလည်း ရှိကြောင်း၊ နိုင်ငံအတွင်းရှိ သယံဇာတပစ္စည်းများနှင့် အရန်ငွေများရှိခြင်းကြောင့် ကာကွယ်ရေးစွမ်းပကားများကို မြှင့်တင်ဆောင်ရွက်ကြသည်များလည်းရှိကြောင်း၊ စီးပွားရေးအားကောင်းသည့် နိုင်ငံများတွင်ပင် နိုင်ငံရေးပြဿနာများကြောင့် ဆူပူမှုများဖြစ်ပေါ်နိုင်ပြီး အစိုးရအပေါ်တွင် မကျေနပ်မှုများဖြစ်ပေါ်ကြကြောင်း၊ ပြည်သူများတွင် လိုအပ်ချက်များ ဖြစ်ပေါ်လာသည့်အချိန်တွင် တိုင်းပြည်ဆူပူမှုများဖြစ်ပေါ်တတ်ကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ယခင်က စီးပွားရေးကျဆင်းမှုများကြောင့် ဆန်၊ ဆပါး အရေးအခင်းများဖြစ်ပေါ်၍ ဆူပူမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ၁၉၈၈ ခုနှစ်တွင်လည်း စီးပွားရေးကျဆင်းမှုနှင့် နိုင်ငံရေးဆိုင်ရာ သဘောထားကွဲလွဲမှုများကြောင့် ဆူပူမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့ကြောင့် နိုင်ငံရေးအရ တည်ငြိမ်ရန်အတွက် စီးပွားရေးကောင်းမွန်ရန် အရေးကြီးကြောင်း။

### စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ပြည်တွင်းကုန်ထုတ်လုပ်မှုများကို ဦးစားပေးဆောင်ရွက်

မိမိတို့နိုင်ငံသည် အခြေခံကောင်းများရှိပြီးဖြစ်သဖြင့် စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင်ကြောင်း၊ တိုင်းပြည်၏အားသည် ပြည်တွင်းမှာသာရှိသည်ဖြစ်သည့်အတွက် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ပြည်တွင်းကုန်ထုတ်လုပ်မှုများကို ဦးစားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မိမိအနေဖြင့် ပြည်တွင်းစီးပွားရေးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ပြီး မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အများဆုံးဆောင်ရွက်ကြသည်ဖြစ်သဖြင့် ယင်းကိုအခြေခံ၍ စီးပွားရေးကိုဆောင်ရွက်ပါက မလွဲမသွေ အောင်မြင်မည်ဖြစ်သည်ဟုယုံကြည်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ကုန်ဈေးနှုန်းများ မြင့်တက်ခဲ့သော်လည်း မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးနိုင်ငံဖြစ်သဖြင့် စားသောက်ကုန်များ ပြတ်လပ်မှုမရှိခဲ့ကြောင်း။

စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများ၌ပင် MSME လုပ်ငန်းများသည် စက်မှုကဏ္ဍ၏ ဝင်ငွေတွင် ၉၀ ရာခိုင်နှုန်းခန့်ရှိကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှု လုပ်ငန်းတွင်လည်း MSME လုပ်ငန်းများသည် အရေးအပါဆုံးအခန်းကဏ္ဍတွင် ပါဝင်သဖြင့် အားပေးဆောင်ရွက်ခြင်းသည် နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေကြောင်း၊ ပြည်တွင်း၌ လိုအပ်သည်များကို ပြည်တွင်း၌ ထုတ်လုပ်နိုင်ခြင်းဖြင့် ပစ္စည်းဈေးနှုန်းကြီးမြင့်မှုများကို ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME)လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ MSME လုပ်ငန်းတွင် ကုန်ထုတ်လုပ်မှု၊ ရောင်းဝယ်မှု၊ ဝန်ဆောင်မှုနှင့် အခြားလုပ်ငန်းဟူ၍ လေးမျိုးရှိပြီး မိမိတို့အနေဖြင့် ကုန်ထုတ်လုပ်မှုကို အဓိက အားပေးကြောင်း၊ ဝယ်လိုအားနှင့် ရောင်းလိုအား မမျှတမှု၊ ပစ္စည်းရှားပါးမှုများကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှုများကို ဖြစ်စေနိုင်ကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုကို လုံလောက်စွာဆောင်ရွက်နိုင်မည်ဆိုပါက ဝယ်လိုအားနှင့် ရောင်းလိုအား မျှတလာမည်ဖြစ်သဖြင့် ကုန်ဈေးနှုန်းကြီးမြင့်မှုကို လျော့ကျလာစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်တွင်းလိုအပ်သည့် ကုန်ပစ္စည်းများ ထိုက်သင့်သည့်ဈေးနှုန်းများဖြင့် ဝယ်ယူရရှိနိုင်ရန်လိုကြောင်း၊ ပြည်ပအစားထိုးသွင်းကုန်များကို မိမိနိုင်ငံအတွင်း၌ အရည်အသွေးမီ ထုတ်လုပ်ခြင်းနှင့် ပြည်ပသို့ တင်ပို့ခြင်းများကို ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်း ပြည်ပ စီးပွားရေးလုပ်ငန်းများ ကောင်းမွန်လာမည်ဖြစ်ကြောင်း။

စာမျက်နှာ ၄ သို့ ☆

ပေးသွားမည်ဖြစ်သည့် အခြေအနေများ၊ ချေးငွေများပြန်လည်ရရှိမှသာလျှင် နိုင်ငံတော်၏ လည်ပတ်သုံးစွဲငွေများ ပြန်လည်ရရှိမည်ဖြစ်ပြီး စီးပွားရေးကဏ္ဍသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ရယူထားသည့် ချေးငွေများကို သတ်မှတ်ကာလအတွင်း အချိန်မီ ပြန်လည်ပေးဆပ်ရန်လိုအပ်မှု၊ ကျေးလက်နေပြည်သူများ ဝင်ငွေတိုးပွားရေးနှင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သမဝါယမအစုအဖွဲ့များ ဖွဲ့စည်း၍ လိုအပ်သည်များ ကူညီပံ့ပိုးပေးလျက်ရှိမှု၊ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် သမဝါယမအသင်းအဖွဲ့များ ဖွဲ့စည်း၍ Contract Farming စနစ်ဖြင့် ချိတ်ဆက်ဆောင်ရွက်ပေးကာ စိုက်ပျိုးရေးတောင်သူများ၏ လိုအပ်ချက်များအား ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ စက်မှုနည်းပညာများနှင့် ပတ်သက်၍ နည်းပညာလိုအပ်ချက်များရရှိစေရေး ဆောင်ရွက်

☆ စာမျက်နှာ ၃ မှ

## စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ၊ သယံဇာတကုန်ကြမ်းများကို အကျိုးရှိရှိ အသုံးချနိုင်ရမည်

ကုန်ထုတ်လုပ်မှုများ ဆောင်ရွက်ရာတွင် ပြည်နယ်အတွင်းနှင့် ပြည်တွင်းမှ ထွက်ရှိသည့် ကုန်ကြမ်းများကို အဓိကအသုံးပြုနိုင်ရန်လိုကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် ကုန်ကြမ်းများ၊ မြေပေါ်မြေအောက် သယံဇာတပစ္စည်းကုန်ကြမ်းများကို အသုံးပြုနိုင်မည်ဆိုပါက များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ မွန်ပြည်နယ်အတွင်း စပါးစိုက်ပျိုးခြင်း၊ ဥယျာဉ်ခြံမြေများ စိုက်ပျိုးခြင်းနှင့် အခြားဆီထွက်သီးနှံနှင့် ရော်ဘာစသည့် စက်မှုထွက်ကုန်များရှိကြောင်း၊ စိုက်ပျိုးရေးထွက်ကုန်များကို အခြေခံသည့် ထုတ်ကုန်များကို များစွာ ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် အရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်သည့် စပါးမျိုးများ စိုက်ပျိုးနိုင်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံအနှံ့အပြားတွင် စပါးမျိုးကွဲများ များစွာစိုက်ပျိုးကြပြီး မျိုးမှန်မျိုးသန့်ရန်နှင့် မျိုးကွဲနည်းအောင် စိုက်ပျိုးကြရန်လိုကြောင်း၊ မွန်ပြည်နယ်အတွင်း စပါးအထွက်နှုန်းမှာ ပန်းတိုင်ရည်မှန်းချက်ထက် နည်းပါးသဖြင့် တစ်ဧကအထွက်နှုန်း တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ အထွက်နှုန်းများ တိုးတက် ကောင်းမွန်လာမည်ဆိုပါက ဒေသစားသုံးမှုဖူလုံသည့်အပြင် အခြားဒေသများနှင့် ပြည်ပသို့ တင်ပို့နိုင်မည်ဖြစ်ကြောင်း။

မော်လမြိုင်ဒေသတွင်း စိုက်ပျိုးရေးထုတ်ကုန်များကို အခြေခံသည့် ကုန်ထုတ်လုပ်မှုများကို ယခုထက်ပိုမိုတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ရော်ဘာစိုက်ပျိုးမှုများတွင်လည်း ရော်ဘာအထွက်နှုန်းများ ယခုထက်တိုးတက်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ မွန်ပြည်နယ်အတွင်း ကျွဲနှင့် နွားမွေးမြူမှုများလည်းရှိသဖြင့် အဆိုပါလုပ်ငန်းများမှတစ်ဆင့် သားရေထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်၍ရကြောင်း၊ ယင်းမှ ဖိနပ်ထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်၍ တစ်နိုင်ငံလုံးဈေးကွက်ကို ဖြန့်ဖြူးနိုင်သည်အထိ ရည်မှန်းလုပ်ဆောင်ရန်လိုကြောင်း၊ ရော်ဘာလုပ်ငန်းများမှ ပြည်တွင်းလိုအပ်ချက်ရှိသည့် မော်တော်ကားနှင့် မော်တော်ဆိုင်ကယ်များအတွက် တာယာများ ထုတ်လုပ်နိုင်မည်ဆိုပါက အကျိုးဖြစ်ထွန်းစေနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်မှလည်း လိုအပ်သည့် ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

မော်လမြိုင်တွင် ယခင်က ပင်လယ်ဆိပ်ကမ်းရှိခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ယခုအသုံးပြုမှုမရှိကြောင်း၊ မော်လမြိုင်ဒေသတွင် ပင်လယ်ဆိပ်ကမ်းတစ်ခု တည်ဆောက်နိုင်ရေးအတွက် မိမိတို့အနေဖြင့် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ မော်လမြိုင်ဒေသတွင် အပြည်ပြည်ဆိုင်ရာ လေဆိပ်တည်ဆောက်နိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ နောင်တစ်ချိန်တွင် မော်လမြိုင်ဒေသသို့ ခရီးသွားများ ဝင်ရောက်မှု ပိုမိုအားကောင်းလာစေရန်နှင့် လေကြောင်းမှကုန်စည်စီးဆင်းမှုများကို မြှင့်တင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

မွန်ပြည်နယ်သည် သစ်၊ ဝါးပေါများသည့် ဒေသဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် စက္ကူများလိုအပ်ချက်ရှိသဖြင့် ပြည်ပမှ တင်သွင်းနေရကြောင်း၊ သစ်နှင့် ဝါးများကို စိုက်ပျိုး၍ ပျော့ဖတ်စက္ကူ ထုတ်လုပ်ခြင်းနှင့် ဝါးကိုအခြေခံသည့် ကုန်ထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်၍ရကြောင်း၊ မြေလွတ်မြေရိုင်းများပေါ်တွင် သစ်နှင့် ဝါး စိုက်ပျိုးခြင်းများကို အမှန်တကယ် ဆောင်ရွက်မည်ဆိုပါက နိုင်ငံတော်အနေဖြင့် သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုပေးမည်ဖြစ်ကြောင်း၊ အလားတူ လယ်ယာစိုက်ပျိုးမြေများကိုလည်း ထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ ဥယျာဉ်ခြံမြေများကိုလည်း မိရိုးဖလာ စိုက်ပျိုးခြင်းထက် ခေတ်မီသည့်နည်းပညာများကို အသုံးပြု၍ အသီးအနှံများ အထွက်နှုန်းတိုးတက်ကောင်းမွန်သည့်မျိုးများကို စိုက်ပျိုးထုတ်လုပ်နိုင်ရန် လိုကြောင်း၊ ထုတ်လုပ်မှုများဆောင်ရွက်ရာတွင်လည်း အရည်အသွေးကောင်းမွန်ရန်နှင့် ထုပ်ပိုးမှုစနစ်များ ကောင်းမွန်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက လူများစိတ်ဝင်စားမှုရှိလာပြီး ထုတ်ကုန်များ ဈေးနှုန်းရရှိ၍ ရောင်းအားများလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ ဥယျာဉ်ခြံမြေသီးနှံများမှ ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်နိုင်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မော်လမြိုင်မြို့ရှိ ပြည်နယ်ခန်းမ၌ ခင်းကျင်းပြသထားသည့် ထုတ်ကုန်ပစ္စည်းများကို လေ့လာကြည့်ရှုစဉ်။

### လောင်စာဆီ သုံးစွဲမှုလျှော့ချရေးနှင့် လျှပ်စစ်ဓာတ်အား ဖူလုံစွာရရှိရေး

ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုန်ကြမ်း၊ လောင်စာဆီ၊ လျှပ်စစ်စွမ်းအားတို့ကို လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံတွင် လျှပ်စစ်စီမံကိန်းများ များစွာစီမံဆောင်ရွက်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ရပ်တန့်ခဲ့ရကြောင်း၊ ထို့ကြောင့် ပြည်တွင်းလျှပ်စစ်ဓာတ်အား လိုအပ်ချက်များရှိသလို တစ်ဖက်မှ လောင်စာဆီနှင့် ဂက်စ်များ ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း၊ လက်ရှိအချိန်တွင် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ မွန်ပြည်နယ်တွင်လည်း နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းများကို ကာလတစ်ခု ဆောင်ရွက်၍ရကြောင်း၊ စက်ရုံအလုပ်ရုံများအနေဖြင့် နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားများကို အသုံးပြုဆောင်ရွက်မည်ဆိုပါက ကုန်ကျစရိတ်ကို သက်သာစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားများထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ အချို့နိုင်ငံများတွင် စက်သုံးဆီများ ချွေတာရေးအတွက် Electric Vehicle လျှပ်စစ်စွမ်းအင်သုံးယာဉ်များကို အသုံးပြု၍ အများပြည်သူသယ်ယူပို့ဆောင်ရေးများကို အသုံးပြုလျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံအတွင်း လျှပ်စစ်ဓာတ်အား အသုံးပြုသည့် သယ်ယူပို့ဆောင်ရေးစနစ်ကို အသုံးပြုနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နေ့စဉ် အသုံးပြုလျက်ရှိသည့် မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များအတွက် လိုအပ်သည့် လောင်စာဆီများကို ပြည်ပမှ တင်သွင်းနေရသဖြင့် နိုင်ငံခြားငွေ သုံးစွဲကုန်ကျမှုများရှိကြောင်း၊ ထို့ကြောင့် လောင်စာဆီကို ချွေတာနိုင်သည့် လျှပ်စစ်ဓာတ်အားအသုံးပြုသည့် သယ်ယူပို့ဆောင်ရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရည်မှန်းချက်ထား ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မည်ဆိုပါက လောင်စာဆီများအတွက် ကုန်ကျစရိတ်များ များစွာလျှော့နည်းသွားမည်ဆိုပါက နိုင်ငံတော်အတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

### ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးဆောင်ရွက်

ယခင်က ပြည်တွင်း ကုန်ထုတ်လုပ်မှုများကို အားပေးမှုမရှိခဲ့ဘဲ ပြည်ပမှသာ တင်သွင်းသုံးစွဲခဲ့မှုများကြောင့် ပြည်တွင်း၌ လိုအပ်ချက်များ ဖြစ်ပေါ်ခဲ့ကြောင်း၊ ပြည်တွင်း၌ ထုတ်လုပ်၍ရသည့် အခြေခံသုံးကုန်၊ စားကုန်ပစ္စည်းများကို ပြည်ပမှ တင်သွင်းမှုများ လျှော့ချနိုင်ရန်အတွက် မိမိတို့အနေဖြင့် ဆောင်ရွက်လျက်ရှိပြီး ထိုသို့ဆောင်ရွက်ခြင်းမှာ ပြည်ပမှ တင်သွင်းမှုများကြောင့် နိုင်ငံခြားလိုငွေများ များစွာ ဖြစ်ပေါ်လျက်ရှိခြင်းကြောင့်ဖြစ်ကြောင်း၊ အလားတူ ပြည်တွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်၍ စားကုန်၊ သောက်ကုန်နှင့် သုံးကုန်များအတွက် လုံလောက်စွာထုတ်လုပ်နိုင်ရန် အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ပမှ သွင်းကုန်များ ထိန်းချုပ်ပေးမှုကြောင့် ပြည်တွင်း စက်မှုလုပ်ငန်းများ အားကောင်းလာပြီး အလုပ်အကိုင်များလည်း ပေါ်များလာကြောင်း၊ ယခင်က ဘိလပ်မြေများ ထုတ်လုပ်ရာတွင် ကုန်ထုတ်လုပ်မှုစရိတ်များ ကြီးမြင့်ခြင်းများဖြစ်ပေါ်ခြင်း၊ ကုန်ကြမ်းများမရရှိခြင်း၊ လောင်စာနှင့်စွမ်းအင်များ လုံလောက်စွာမရရှိခြင်း၊ နည်းပညာလိုအပ်ချက်များရှိခြင်းကြောင့် အခက်အခဲများဖြစ်ပေါ်ခဲ့သော်လည်း ယခုအခါလုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ရေး မိမိတို့အနေဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံတွင် ၂၀၁၈/၂၀၁၉ ခုနှစ်ခန့်မှစ၍ နိုင်ငံ၏စီးပွားရေးကျဆင်းခဲ့သော်လည်း ယခုအခါ မိမိတို့နိုင်ငံ၏ စီးပွားရေးမှာ ပြန်လည်တည်ငြိမ်ကောင်းမွန်လာပြီဖြစ်ကြောင်း။

### လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်၍ ဒေသနှင့်တိုင်းပြည်အတွက် အကျိုးပြုနိုင်ရမည်

လုပ်ငန်းများဆောင်ရွက်ရန်အတွက် အရည်အချင်းပြည့်ဝသည့် လူသားအရင်းအမြစ်များလည်း လိုအပ်ကြောင်း၊ ပညာရည်မြင့်မားရေးအတွက် မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မွန်ပြည်နယ်သည် ပညာရေး အားပေးသည့် ပြည်နယ်တစ်ခုဖြစ်ပြီး တက္ကသိုလ်ဝင်တန်းအောင်မြင်မှုတွင် ပထမရခဲ့ကြောင်း၊ ယင်းအတွက် ချီးကျူးပါကြောင်း၊ KG + 9 အောင်မြင်ပြီးချိန်တွင် တက်ရောက်နိုင်ရေး စက်မှုလက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး အထက်တန်းကျောင်းများကို ခရိုင်များ၌ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း၊ အဆိုပါ အထက်တန်းကျောင်းများမှ အောင်မြင်ပါက သိပ္ပံကျောင်းများ၊ တက္ကသိုလ်များသို့ ဆက်လက်တက်ရောက်နိုင်မည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် သက်ဆိုင်ရာ နယ်ပယ်အလိုက် နည်းပညာကျွမ်းကျင်သည့် လူသားအရင်းအမြစ်ကောင်းများ ပေါ်များစွာထွက်ပေါ်လာမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ပညာရေးကို အားပေးဆောင်ရွက်လျက်ရှိသကဲ့သို့ မိဘများအနေဖြင့်လည်း မိမိတို့ သားသမီးများ၏ ပညာရေးကို အားပေးရန်လိုကြောင်း။

နိုင်ငံတော်မှ ပညာသင်ကြားပေးလိုက်သူများအနေဖြင့်လည်း နိုင်ငံတော်အပေါ် ပြန်လည်အကျိုးပြုရန်လိုကြောင်း၊ တိုင်းပြည်နှင့် ပြည်သူအတွက် တာဝန်ထမ်းဆောင်ကြရန်လိုကြောင်း၊ ထို့ကြောင့် ပညာရေးနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် အားပေးဆောင်ရွက်လျက်ရှိပြီး စာသင်ကျောင်းများအားလုံး ဖွင့်လှစ်ပေးထားကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့်လည်း လူသားအရင်းအမြစ်များတိုးပွားလာစေရေး သက်ဆိုင်ရာ ပညာရပ်များအလိုက် သင်တန်းများ ဖွင့်လှစ်၍ ဆင့်ပွားသင်တန်းများ သင်ကြားပေးရန်လိုကြောင်း။

### ခရီးသွားလုပ်ငန်းကဏ္ဍ

ခရီးသွားလုပ်ငန်းနှင့်ပတ်သက်၍ နိုင်ငံတကာတွင်လည်း ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကို အားပေးကြကြောင်း၊ မွန်ပြည်နယ်သည် သာယာလှပသည့် ဒေသတစ်ခုဖြစ်ကြောင်း၊ ရေစီးရေလာများ ကောင်းမွန်စေရေးနှင့် မြို့များ သန့်ရှင်းသာယာလှပရေး၊ ပတ်ဝန်းကျင်သပ်ရပ်လှပရေး အားလုံးဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ လမ်းညွှန်အမှတ်အသားများ စနစ်တကျရှိစေရေးနှင့် သတ်မှတ်ထားသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ အတိုင်း လိုက်နာဆောင်ရွက်ရေး ထိန်းသိမ်းကြပ်မတ်ရန်လိုကြောင်း၊ သာယာလှပသည့် ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးဆောင်ရွက်နိုင်မှသာ ခရီးသွားဧည့်သည်များကို ဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း၊ အလားတူ ဒေသအစားအစာများကိုလည်း ကောင်းမွန်သန့်ရှင်းသပ်ရပ်အောင် ဆောင်ရွက်ခြင်း၊ အများသိအောင် ကြေညာပေးခြင်းများ ဆောင်ရွက်ပေးခြင်းဖြင့်လည်း ခရီးသွားများကို ဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း။

စာမျက်နှာ ၅ သို့ ☆

# (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနား ကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၈**

(၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန – ၂ ၌ ကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ နှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများမှတာဝန်ရှိသူများ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ အထောက်အကူပြုအဖွဲ့များ၊ အကဲဖြတ်ပညာရှင်ကြီးများ၊ အုပ်ချုပ်သူများ၊ နည်းပြများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အနုပညာရှင်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီသည် နိုင်ငံတော်၏တာဝန်များကို စတင်ထမ်းဆောင်ချိန်မှစ၍ နိုင်ငံတော်၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ တိုင်းပြည်စီးပွား ဖွံ့ဖြိုးတိုးတက်ရေးတို့အပြင် ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုရေးရာ ကိစ္စရပ်များ အပါအဝင် အဘက်ဘက်တွင် လစ်ဟာမှုမရှိစေရေး ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ ဆက်လက်၍လည်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားလူမျိုး အပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတို့ကို ဦးတည်ချက်ချမှတ်ပြီး နိုင်ငံတော်ကို အေးချမ်းသာယာခေတ်မီ ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် နှစ်စဉ်ကျင်းပခဲ့ရာမှ မကျင်းပခဲ့သည်မှာ ကြာပြီဖြစ်သည့် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေး၊ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ ဖော်ထုတ်ထိန်းသိမ်းဖော်ဆောင်နိုင်ရန်နှင့် နိုင်ငံချစ်စိတ်၊ ပြည်ထောင်စုစိတ်ဓာတ်များ နိုးကြားတက်ကြွစေပြီး ထာဝရငြိမ်းချမ်းရေးဖော်ဆောင်ရာတွင် ယဉ်ကျေးမှုကဏ္ဍမှ အထောက်အကူပေးနိုင်ရန် ရည်ရွယ်ကျင်းပခဲ့ခြင်းဖြစ်ပါကြောင်း။

> ❖ **နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတို့ကို ဦးတည်ချက်ချမှတ်ပြီး နိုင်ငံတော်ကို အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ**
>
> ❖ **ထို့ကြောင့် နှစ်စဉ်ကျင်းပခဲ့ရာမှ မကျင်းပခဲ့သည်မှာ ကြာပြီဖြစ်သည့် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေး၊ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ ဖော်ထုတ်ထိန်းသိမ်း ဖော်ဆောင်နိုင်ရန်နှင့် နိုင်ငံချစ်စိတ်၊ ပြည်ထောင်စုစိတ်ဓာတ်များ နိုးကြားတက်ကြွစေပြီး ထာဝရငြိမ်းချမ်းရေး ဖော်ဆောင်ရာတွင် ယဉ်ကျေးမှုကဏ္ဍမှ အထောက်အကူပေးနိုင်ရန် ရည်ရွယ်ကျင်းပခဲ့ခြင်းဖြစ်**

နိုင်ငံတစ်နိုင်ငံအေးချမ်းသာယာရန်၊ ဖွံ့ဖြိုးတိုးတက်ရန်နှင့် နိုင်ငံ၏သဘာဝသယံဇာတများကို အကျိုးရှိစွာ အသုံးချနိုင်ရန်၊ တိုင်းပြည်၏ သမိုင်းကြောင်း ရှည်လျားသည့် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး စရိုက်လက္ခဏာများ အရှည်တည်တံ့စေရန်အတွက်ဆိုရာတွင် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံးဖြစ်သည့် နိုင်ငံသားအားလုံးက တက်ညီလက်ညီဖြင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရမည့်ကိစ္စဖြစ်ပါကြောင်း။ **စာမျက်နှာ ၆ သို့** ❖

☆ **စာမျက်နှာ ၄ မှ**

### စည်းကမ်းစနစ်တကျ ထိန်းသိမ်းနေထိုင်ခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေမည်

အခွန်နှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် အချို့သော EAO အဖွဲ့များက တရားမဝင်ကုန်သွယ်မှုများတွင် ပါဝင်လျက်ရှိသည်ကို သိရှိရကြောင်း၊ တရားမဝင်ကုန်သွယ်မှုများကြောင့် နိုင်ငံတော်အတွက် နစ်နာမှုများရှိကြောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် ကုန်သွယ်မှုစာရင်းဇယားများကို တိုက်ဆိုင်စစ်ဆေးကြည့်ပါက ၅၀ ရာခိုင်နှုန်းနီးပါးခန့် ကွာဟနေသည်ကို တွေ့ရှိရပြီး တရားမဝင်ကုန်သွယ်မှုများ ရှိနေခြင်းကြောင့်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် တရားမဝင်ကုန်သွယ်မှုများမရှိစေရေး တတ်နိုင်သမျှ ထိန်းချုပ်ဆောင်ရွက်လျက်ရှိပြီး လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များ မရှိစေရေးအတွက်လည်း တာဝန်ရှိသူများအနေဖြင့် ထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ တရားမဝင်ပစ္စည်းများ၊ မူးယစ်ဆေးဝါးများနှင့် လက်နက်ခဲယမ်းများ သယ်ဆောင်မှုမရှိစေရေးအတွက် စစ်ဆေးမှုများရှိသော်လည်း ခရီးသွားလာမှုများ နှောင့်နှေးကြန့်ကြာမှုမရှိစေရေးအတွက် တတ်နိုင်သမျှ ဖြေရှင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ တစ်ဦးတစ်ယောက်ချင်းမှအစပြု၍ စည်းမဲ့ကမ်းမဲ့ဆောင်ရွက်မည်ဆိုပါက နိုင်ငံအနေဖြင့် တိုးတက်မှုများဖြစ်ပေါ်လာနိုင်မည်မဟုတ်သဖြင့် ပြည်သူများပါ ပါဝင်၍ စည်းကမ်းစနစ်တကျဖြင့် ထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသည့် မွန်ပြည်နယ်ရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စားသောက်ကုန်၊ လူသုံးကုန်၊ စက်မှုလက်မှုထုတ်ကုန်၊ ဒေသရိုးရာလက်မှုထုတ်ကုန်များ၊ အဝတ်အထည်များ၊ တိုင်းရင်းဆေးများ စသည့်ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုများကို ပြကွက်တစ်ခုချင်းစီအလိုက် စိတ်ဝင်တစား လှည့်လည်ကြည့်ရှုပြီး ဈေးကွက်ရရှိမှု အခြေအနေများကို မေးမြန်းဆွေးနွေးရာ လုပ်ငန်းအလိုက် စီးပွားရေးလုပ်ငန်းရှင်များက လိုက်လံရှင်းလင်း တင်ပြခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဒေါ်သင်းသင်းမြတ်အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အကအကဲဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဦးအောင်တင်ဝင်းအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။

❖ **စာမျက်နှာ ၅ မှ**

နိုင်ငံသားကြီးငယ်မဟူ ကျား/မ မရွေး အသိပညာရှင်၊ အတတ်ပညာရှင်များ၏ သိမြင်နှံ့စပ်မှု၊ ကျွမ်းကျင်တတ်မြောက်မှု၊ အတွေ့အကြုံရင့်ကျက်မှုများနှင့် စိတ်ရင်းစေတနာများသည် အခြေခံကျသည့် အရင်းအမြစ်များပင်ဖြစ်ပါကြောင်း၊ နိုင်ငံ၏သမိုင်းအဆက်ဆက်တွင် **“ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်”** ဟူသည့် ဓမ္မဓိဋ္ဌာန်ကျသည့် အမြင်အသိကသာ လက်တွေ့ကျပြီး အမှန်ကန်ဆုံးဖြစ်သည့်အတွက် နိုင်ငံနှင့်လူမျိုးအကျိုးကို တိုးတက်မြင့်မားအောင် အားလုံးက ကြိုးပမ်းစွမ်းဆောင်သွားကြရမည်ဖြစ်ပါကြောင်း။

မိမိတို့တိုင်းပြည်တွင် တိုင်းရင်းသားလူမျိုးပေါင်းစုံစုစည်းနေထိုင်ကြသကဲ့သို့ တိုင်းရင်းသားလူမျိုးပေါင်းစုံ၏ ရိုးရာဓလေ့ထုံးစံနှင့် ယဉ်ကျေးမှုအနုသုခုမများကလည်း ကွဲပြားခြားနားများပြားလှပါကြောင်း၊ အထောက်အထားများအရ မိမိတို့နိုင်ငံ၏ သမိုင်းဖြစ်စဉ်များတွင် လူသားမျိုးနွယ်စတင်ခဲ့မှုနှင့်အတူ ရေမြေဒေသသဘာဝကိုလိုက်ပြီး မတူကွဲပြားခြားနားသည့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ၊ အနုသုခုမဆိုင်ရာ အထောက်အထားများ၊ လက်မှုအဆင်တန်ဆာ အသုံးအဆောင်ပစ္စည်းများ၊ အနုသုခုမ အဆို၊ အတီး၊ အကများသည်လည်း တစ်ပါတည်း ဆင့်ကဲပေါ်ထွန်းလာခဲ့ပြီးဖြစ်ပါကြောင်း။

**❖ မိမိတို့တိုင်းပြည်တွင် တိုင်းရင်းသားလူမျိုးပေါင်းစုံ စုစည်းနေထိုင်ကြသကဲ့သို့ တိုင်းရင်းသား လူမျိုးပေါင်းစုံ၏ ရိုးရာဓလေ့ထုံးစံနှင့် ယဉ်ကျေးမှု အနုသုခုမများကလည်း ကွဲပြားခြားနား များပြားလှပါကြောင်း၊ အထောက်အထားများအရ မိမိတို့နိုင်ငံ၏ သမိုင်းဖြစ်စဉ်များတွင် လူသားမျိုးနွယ် စတင်ခဲ့မှုနှင့်အတူ ရေမြေဒေသ သဘာဝကိုလိုက်ပြီး မတူကွဲပြားခြားနားသည့် ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ၊ အနုသုခုမဆိုင်ရာ အထောက်အထားများ၊ လက်မှု အဆင်တန်ဆာ အသုံးအဆောင် ပစ္စည်းများ၊ အနုသုခုမ အဆို၊ အတီး၊ အကများသည်လည်း တစ်ပါတည်း ဆင့်ကဲပေါ်ထွန်းလာခဲ့ပြီးဖြစ်**

တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့် တိုင်းရင်းသားအသီးသီး၏ ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်အနုသုခုမပညာရပ်များသည် သမိုင်းနှင့်ချီပြီး ကြီးကျယ်ခမ်းနားစွာ တည်ရှိခဲ့ပါကြောင်း၊ အဆိုပါ ရှိခဲ့သည့်စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများနှင့် အစဉ်အလာများကို လျော့နည်းပပျောက်ခြင်းမရှိအောင် အားလုံးက ဝိုင်းဝန်းထိန်းသိမ်းကာကွယ် စောင့်ရှောက်သွားကြရန်လိုအပ်ပါကြောင်း။

ကွယ်လွန်သူ ဂီတပညာရှင်ကြီး စန္ဒရားဦးလှထွဋ်မှ ရေးသားပြုစုခဲ့ပြီး ၁၉၉၆ ခုနှစ်တွင် အမျိုးသားစာပေဆုချီးမြှင့်ခြင်းခံခဲ့ရသည့် “မြန်မာ့ဂီတရေစီးကြောင်း” စာအုပ်၌ ကမ္ဘာမှာရော မြန်မာမှာပါ Classic ဟုခေါ်သည့် ဂန္ထဝင်ဂီတပေါ်ထွန်းခဲ့သည့် ခေတ်တစ်ခေတ်ရှိသည်ဟု ဖော်ပြထားပါကြောင်း၊ အဆိုပါခေတ်မှာ ၁၈ ရာစုနှစ် အစောပိုင်းကာလ၊ ဒုတိယအင်းဝဟု သတ်မှတ်သည့် ညောင်ရမ်းခေတ် ၁၇၁၀ ပြည့်နှစ် ပတ်ဝန်းကျင်တွင် စာဆိုတော်ဝန်ကြီးပဒေသရာဇာက “ထံတျာတေရှင်” အစချီကြိုးသီချင်းများ၊ တျာခြင်းများ ရေးသားပြုစုနေချိန်၌ ဂျာမနီကဂီတပညာရှင်ကြီး ဘာ့(ခ်) (၁၆၈၅-၁၇၅၉) က God is My King အမည်ရှိ တေးဘွဲ့ကြီးကို သီကုံးနေချိန် ဖြစ်ပါကြောင်း။



ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အုပ်ချုပ်သူများအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူစဉ်။

၁၇၂၅ ခုနှစ်ဝန်းကျင်တွင် ဆီသည်ရွာစား ဦးအောင်ကြီးက “အင်းဝမြို့ဘွဲ့ ၁၂ ရာသီ လူးတား” စပ်ဆိုနေချိန်၌ အင်္ဂလန်က ဂီတပညာရှင်ကြီး ဟင်ဒယ်လ်က သိမ်းမြစ်တွင် ဘုရင်ရေဆင်းပွဲသဘင်ကျင်းပသည့် “ရေဇလာဂီတ” Water Music ကို သီကုံးနေပါကြောင်း။

၁၇၈၀ ပြည့်နှစ်ခန့်တွင် ဂျာမန်ဂီတပညာရှင် မိုးဇက်က Magic Flute “မှော်ပလွေ” အော်ပရာကို ရေးသားချိန်၌ လက်ဝဲသုန္ဒရအမတ်ကြီး ဦးမြတ်စံက “မဲဇာတောင်ခြေ” ရတုကြီးကို ရေးသားနေခဲ့ပါကြောင်း၊ ၁၉ ရာစု အစောပိုင်းဖြစ်သည့် ၁၈၀၀ ပြည့်နှစ်လွန်အချိန်များတွင် ဂျာမန်ဂီတပညာရှင် ဘေသိုဗင်က နပိုလီယန်စစ်ချီတက်ပုံကို ရေးဖွဲ့သည့် “ရဲစိတ်ရဲမာန်” တေးဘွဲ့ကြီးကို ရေးနေချိန်တွင် မြဝတီမင်းကြီး ဦးစက “သာဆန်းရဂုံဘွေ” ပတ်ပျိုးကြီးကို ရေးဖွဲ့နေပါကြောင်း။

၁၈၄၀ ပြည့်နှစ်ကာလများက ပိုလန်စန္ဒရားပညာရှင် “ရှိုပင်”က “ညဥ့်ယံတေးများ” ဆိုသည့် တေးဘွဲ့ကိုရေးစပ်နေချိန်တွင် အနောက်နန်းမိဖုရားမမြလေးက “ချစ်သမျှကို” ဂန္ထဝင်ပတ်ပျိုးကြီးကို ရေးသားနေချိန် ဖြစ်သည်ဟု မှတ်တမ်းများအရ သိရှိထားပါကြောင်း။

ဆိုလိုရင်းမှာ ကမ္ဘာတွင် ဂန္ထဝင်အနုပညာ၊ ဂန္ထဝင်ဂီတဟူ၍ ပေါ်ပေါက်ပြီး ယနေ့ထိတိုင်ခိုင်မြဲနေသကဲ့သို့ မိမိတို့နိုင်ငံတွင်လည်း ၎င်းတို့နှင့်ခေတ်ပြိုင် ဂန္ထဝင်အနုပညာ၊ ဂန္ထဝင်စာပေ၊ ဂန္ထဝင်ဂီတဆိုသည်များ ပေါ်ပေါက်ခဲ့ကာ ရှေးနှစ်ပေါင်းများစွာမှ ယနေ့ထက်တိုင် ခိုင်မြဲစွာတည်ရှိနေဆဲဖြစ်သည်ကို တင်ပြလိုခြင်းဖြစ်ပါကြောင်း။

အထက်တွင်တင်ပြခဲ့သည့် ဂန္ထဝင်အနုပညာများကို ဆက်လက်ထိန်းသိမ်း စောင့်ရှောက်နိုင်ရန်အတွက် ငါးနှစ်ကျော်နီးပါး ရပ်တန့်ခဲ့ရသည့် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို ပြန်လည်ကျင်းပနိုင်ရေးအတွက် ရှုထောင့်ပေါင်းစုံက စဉ်းစားခဲ့ကြရပါကြောင်း။

အထူးသဖြင့် တစ်ဖက်တွင် နိုင်ငံနှင့်တစ်ဝန်း၊ ကမ္ဘာနှင့်တစ်ဝန်း ရင်ဆိုင်ကြုံတွေ့နေကြရသည့် ကိုဗစ်-၁၉ ရောဂါ၏ ပိုးတွေ့ရှိမှုနှုန်းသည် သတိထားနေရဆဲ အခြေအနေတစ်ရပ်တွင် ရှိနေသေးသော်လည်း အခြေအနေအချိန်အခါအရ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို လုပ်သင့်သည့်အတွက် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေး စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ သတိထားပြီး ကြိုတင်ကာကွယ်မှုများနှင့် ဆောင်ရွက်ခဲ့ကြခြင်း ဖြစ်ပါကြောင်း။ **စာမျက်နှာ ၇ သို့** ❖





(၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက ကပြဖျော်ဖြေကြစဉ်။

❖ စာမျက်နှာ ၆ မှ

ကိုဗစ်-၁၉ ကပ်ရောဂါ ကျရောက်ခဲ့သည့်ကာလအတွင်း၌ ယင်းပညာရပ်များကို မြတ်နိုးဖက်တွယ်ခဲ့ကြသည့် အနုပညာရှင်အချို့ကို လက်လွှတ်ဆုံးရှုံးခဲ့ရပါကြောင်း၊ ကျန်ရှိနေသေးသည့် ပညာရှင်အများအပြားသည်လည်း အသက်အရွယ်နှင့် ကျန်းမာရေးကို အလေးထားဂရုပြုရမည့်အရွယ်သို့ ရောက်ရှိနေပြီဖြစ်ပါကြောင်း၊ သို့သော် အနုပညာမြတ်နိုးသူများ၏ သဘာဝအရ **"စိတ်ပျိုရင် ကိုယ်နုတယ်"** ဟူသည့် ဆိုစကားရှိသကဲ့သို့ မိမိတို့ နှစ်သက်မြတ်နိုးသည့် အနုပညာအလုပ်များနှင့် ထိတွေ့နေရလျှင်၊ မိမိတို့ သိရှိတတ်မြောက်ထားသည့် ပညာများဖြန့်ဝေနေရလျှင် အသက်ရှည်ဆေးတစ်ခုသဖွယ် ဖြစ်သည်ဟု နားလည်ထားမိကြသည့်အတွက် ဘက်ပေါင်းစုံမှ ဝိုင်းဝန်းဆွေးနွေးစဉ်းစားပြီး ကြိုတင်ပြင်ဆင်မှုများပြုလုပ်၍ ယခုပြိုင်ပွဲကြီးကို ကျင်းပနိုင်ခဲ့ခြင်းပင်ဖြစ်ပါကြောင်း။

ရှည်လျားသည့် သမိုင်းကြောင်းတစ်လျှောက် အဓွန့်ရှည်တည်တံ့ခဲ့သည့် မိမိတို့၏ အနုသုခုမပညာရပ်များကို "မဟာ" ဟူသည့် ကြီးကျယ်မြင့်မြတ်သောဂုဏ်ထူးဝိသေသနှင့် မဟာဂီတဟု ခေတ်အဆက်ဆက်တွင် တန်ဖိုးထားခဲ့ကြပါကြောင်း၊ ထိုသို့တန်ဖိုးထားခဲ့ကြသည့် စာသားတေးသွားများကို ၁၉၅၃ ခုနှစ်တွင် ဝိဝါဒကွဲပြားမှုမရှိစေရန် "နိုင်ငံတော်မူ" အဖြစ် သတ်မှတ်နိုင်ရေးအတွက် ပညာရှင်ကြီးများပါဝင်သည့်အဖွဲ့ကို ဖွဲ့စည်းပြီး ဆောင်ရွက်ခဲ့သည်ဟု လေ့လာသိရှိရပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် "စာသား၊ သံကျ၊ စည်းဝါး၊ အတော၊ အပိုဒ်ပြန်၊ အဆို" ဟု အပိုင်းခြောက်ပိုင်းခွဲခြားပြီး စနစ်တကျ မှတ်တမ်းပြုဆောင်ရွက်ခဲ့ကြကြောင်းကိုလည်း လေ့လာသိရှိရပါကြောင်း၊ သံကျ၊ စည်းဝါး၊ အတော၊ အပိုဒ်ပြန်အစရှိသည်တို့သည် အတီးပိုင်းနှင့် ပို၍အဆက်အစပ်ရှိနေသည်ကို သိရှိရပါကြောင်း။

သီချင်းတစ်ပုဒ်ကို သီဆိုတီးမှုတ်ကြရာတွင် အဆိုနယ်၊ အတီးနယ်ကို စနစ်တကျ သတ်မှတ်ပိုင်းခြားထားပြီးဖြစ်ပါကြောင်း၊ ထို့အတွက် မဟာဂီတဝင် တေးသီချင်း ၁၆၉ ပုဒ်ကို နိုင်ငံတော်မူအဖြစ် တိကျစွာသတ်မှတ်နိုင်ခဲ့ပြီးဖြစ်သည်ဟု သိရသည့်အတွက် မွန်မြတ်သည့် ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းမှုတစ်ခုအဖြစ် ဝမ်းသာကြည်နူးဖြစ်ရပါကြောင်း။

"အဆို" နှင့်ပတ်သက်၍ အသံ၏ ပေါ်ထွန်းရာဖြစ်သည့် "လည်၊ လျှာ၊ နှာ၊ အာ၊ သွား" ဆိုတဲ့ "ဌာန်" ငါးပါးကို ပေါင်းစည်းကာ အသံတို၊ အသံရှည်များနှင့် ဖွဲ့သီထားသည့် မဟာဂီတဆိုဟန်၊ ခေတ်ဟောင်းတေးဆိုဟန်၊ ကာလပေါ် တေးသီချင်းဆိုဟန်များဟုလည်း ကွဲကွဲပြားပြားရှိထားပြီး ဖြစ်ပါကြောင်း။

အလားတူ "အက" တွင်လည်း "ခေါင်း၊ ခါး၊ ခြေ၊ လက်"ဟူသည့် ခန္ဓာကိုယ်၏ အစိတ်အပိုင်းငါးခုကို ပိုင်းခြားသတ်မှတ်ပြီး နရီ၊ စည်းဝါး၊ တေးသွားများနှင့်အတူ ကပြကြရခြင်းဖြစ်ပါကြောင်း၊ မြန်မာ

☆ **အကပြိုင်ပွဲ၏ အထူးပြုဘာသာရပ်များဖြစ်ကြသည့် "ရာမာယဏ" ဇာတ်တော်ကြီးပြိုင်ပွဲ၊ ကွက်စိပ်ပြိုင်ပွဲ၊ ငါးပါဒအက္ခရာ ရုပ်စုံသဘင်ပြိုင်ပွဲ၊ ရုပ်သေးကြိုးဆွဲပြိုင်ပွဲ၊ တိုင်းရင်းသားရိုးရာ / ကျေးလက်ရိုးရာ အကပြိုင်ပွဲ၊ မွန်တိုင်းရင်းသားရိုးရာအကပြိုင်ပွဲ၊ မြန်မာအကအခြေခံကဗျာလွတ်အကပြိုင်ပွဲများအပြင် အဆိုပြိုင်ပွဲ၏ အထူးပြုဘာသာရပ်ဖြစ်သည့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေးပြိုင်ပွဲများကိုလည်း အောင်အောင်မြင်မြင် ထည့်သွင်းကျင်းပနိုင်ခဲ့ခြင်းဖြစ်သည့်အတွက် အသွင်သဏ္ဌာန်ရော အနှစ်သာရပါပြည့်စုံသည့် ရိုးရာယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် အရေးပါသည့် အောင်မြင်မှုတစ်ရပ်အဖြစ် မှတ်တမ်းတင်ဂုဏ်ပြု**

အကတွင် "တစ်ပင်တိုင်" အကသည် နူးညံ့သိမ်မွေ့မှု၊ ငြိမ့်ညောင်းသာယာမှု၏ စံတစ်ခုဖြစ်ပါကြောင်း၊ ပန်းချီ၏ မျဉ်းကွေး၊ မျဉ်းပျော့ပုံသဏ္ဌာန်အဝန်း၊ အဝိုင်း၊ အကွေး၊ အညွှတ်များနှင့် ကဟန်ပင်ဖြစ်ပါကြောင်း၊ မြန်မာတို့၏ ဂါရဝတရားကို အခြေခံသည့် ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်ကို ထင်ဟပ်ထားခြင်းပင်ဖြစ်ပါကြောင်း၊ ယခုနှောင်းပိုင်းတွင် ပျို့ရွယ်သူများ၏ အကသဘောမှာ သွက်လက်ဖျတ်လတ်မှုကို အားပြုသည့် မျဉ်းအမာသဏ္ဌာန်၊ ထောင့်ချိုးသဏ္ဌာန်၊ အမာအဆတ်၊ အလိမ်အကောက်များ လွှမ်းမိုးလာခြင်းကိုလည်း ပညာရှင်ကြီးများ သတိထားမိကြမည်ဖြစ်ပါကြောင်း။

ထို့ပြင် တေးသီချင်းများရေးသားရာတွင်လည်း မြန်မာတို့၏ ပေါကြွယ်ဝလှသည့် ဝေါဟာရများ၊ စာသားအဆင်တန်ဆာများ၊ အသံကာရန် သဘောညီသည့် ရေးနည်းစပ်ထုံးများကို ဂုဏ်၊ အလင်္ကာ၊ ရသမြောက်စွာ ပေါ်လွင်စေလိုသည့်အတွက် ယခုပြိုင်ပွဲကြီးတွင် "အရေး" ပြိုင်ပွဲကဏ္ဍကိုလည်း ထည့်သွင်းထားခြင်းဖြစ်ပါကြောင်း၊ ယနေ့တွင် (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ရှေးယခင် ၁၉၉၃ ခုနှစ်၌ စတင်ခဲ့စဉ်ကတည်းက ပါဝင်ခဲ့သည့် ပြိုင်ပွဲဝင်ဘာသာရပ်များ၊ ပြိုင်ပွဲဝင်စည်းကမ်းသတ်မှတ်ချက်များ၊ ပြိုင်ပွဲအမှတ်ပေးဇယားများအတိုင်း အားလုံး၏ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်မှုများဖြင့် အောင်မြင်စွာကျင်းပပြီးစီးခဲ့ပြီ ဖြစ်ပါကြောင်း။

အကပြိုင်ပွဲ၏ အထူးပြုဘာသာရပ်များဖြစ်ကြသည့် "ရာမာယဏ" ဇာတ်တော်ကြီးပြိုင်ပွဲ၊ ကွက်စိပ်ပြိုင်ပွဲ၊ ငါးပါဒအက္ခရာ ရုပ်စုံသဘင်ပြိုင်ပွဲ၊ ရုပ်သေးကြိုးဆွဲပြိုင်ပွဲ၊ တိုင်းရင်းသားရိုးရာ/ ကျေးလက်ရိုးရာ အကပြိုင်ပွဲ၊ မွန်တိုင်းရင်းသားရိုးရာအကပြိုင်ပွဲ၊ မြန်မာအက အခြေခံကဗျာလွတ်အကပြိုင်ပွဲများအပြင် အဆိုပြိုင်ပွဲ၏ အထူးပြုဘာသာရပ်ဖြစ်သည့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး ပြိုင်ပွဲများကိုလည်း အောင်အောင်မြင်မြင် ထည့်သွင်းကျင်းပနိုင်ခဲ့ခြင်းဖြစ်သည့်အတွက် အသွင်သဏ္ဌာန်ရော အနှစ်သာရပါ ပြည့်စုံသည့် ရိုးရာယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် အရေးပါသည့် အောင်မြင်မှုတစ်ရပ်အဖြစ် မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါကြောင်း၊ လာမည့်နှစ်များတွင် ယခုထက်ပိုမိုပြည့်စုံသည့် ပြိုင်ပွဲများဖြစ်စေရေး



အကဲဖြတ်ပညာရှင် မြင်းမူမောင်နိုင်မိုးက ကျေးဇူးတင်စကား ပြောကြားစဉ်။

ကြိုတင်စဉ်းစား ကြိုးစားဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း။

မျိုးဆက်သစ်များအနေဖြင့် ယခုပြိုင်ပွဲကြီးမှ ရရှိသည့် အောင်မြင်မှုများနှင့်အတူ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ဆက်လက် ထိန်းသိမ်းစောင့်ရှောက်သွားကြရန်၊ အတူတကွ ပြိုင်ပွဲဝင်ခဲ့ကြသည့် တိုင်းဒေသကြီး၊ ပြည်နယ်များအနေဖြင့် တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မြဲစေရေး ဆက်လက်ကြိုးစားတည်ဆောက်သွားကြရန်၊ မိမိတို့ယဉ်ကျေးမှု၊ မိမိတို့ဓလေ့ထုံးစံမှသည် မိမိတို့နိုင်ငံနှင့် မိမိတို့နိုင်ငံသားများအပေါ် မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ခိုင်မာရှင်သန်ရေးကို ဆက်လက်သယ်ဆောင် လက်ဆင့်ကမ်းသွားကြရန်၊ ဝါရင့်အနုပညာရှင်၊ သက်ကြီးအကဲဖြတ်ပညာရှင်များအနေဖြင့် မိမိတို့နှစ်ပေါင်းများစွာက လေ့လာသင်ယူခဲ့ရသည့် အနုသုခုမပညာရပ်များကို မျိုးဆက်သစ်သားငယ်၊ သမီးငယ်များထံ စဉ်ဆက်မပြတ်လက်ဆင့်ကမ်း အမွေပေးဝေနိုင်ကြစေရေးတို့အတွက် မိမိတို့၏ တစ်ကိုယ်ရေကျန်းမာရေးမှအစ အထူးဂရုပြုစောင့်ရှောက်နေထိုင်ကြပါရန် အလေးအနက်ထား ပန်ကြားလိုပါကြောင်းနှင့် ပြိုင်ပွဲကြီးအောင်မြင်အောင် ဝိုင်းဝန်းကူညီပါဝင်ဆောင်ရွက်ခဲ့ကြသူအားလုံးကိုလည်း ကျေးဇူးတင်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စား ဥက္ကဋ္ဌဒေါ်သင်းသင်းမြတ်၊ အကအကဲဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စား ဥက္ကဋ္ဌဦးအောင်တင်ဝင်း၊ အရေးအကဲဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စား အတွင်းရေးမှူးဦးမင်းယုနှင့် အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စား ဥက္ကဋ္ဌဦးအောင်ကိန်းတို့ကို လည်းကောင်း၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အုပ်ချုပ်သူများနှင့် အခမ်းအနားမှူးများကို လည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အကဲဖြတ်ပညာရှင် မြင်းမူမောင်နိုင်မိုးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက တေးသံသာများဖြင့် သီဆို၊ တီးမှုတ်၊ ကပြဖျော်ဖြေကြသည်။

(၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များ၊ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊ အမိနိုင်ငံတော်ကို ချစ်မြတ်နိုးသည့်စိတ်ဓာတ် ပိုမိုထွန်းကားလာစေရန် ရိုးရာယဉ်ကျေးမှုအနုပညာများကို ဖော်ထုတ်ထိန်းသိမ်းပြီး မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေး၊ ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ယဉ်ကျေးမှုကဏ္ဍမှ အထောက်အကူပြုနိုင်ရေးစသည့် ဦးတည်ချက်(၄)ရပ်ဖြင့် ကျင်းပခဲ့ခြင်းဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အနုပညာရှင် ၁၈၃၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ ကျောဖုံးမှ

ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတို့မှ ကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ အကဲဖြတ်ပညာရှင်ကြီးများ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ နည်းပြများ၊ ဆုရရှိကြသည့် ပြိုင်ပွဲဝင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ငါးနှစ်ကျော်ကာလနီးပါး ရပ်နားခဲ့ရသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး ပြန်လည်ကျင်းပနိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် အထူး အားထုတ်ခဲ့ရပါကြောင်း၊ သက်ဆိုင်ရာ ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့်ဆပ်ကော်မတီ အသီးသီးမှ တာဝန်ရှိသူများ၊ မြို့နယ်အဆင့်၊ ခရိုင်အဆင့်မှစ၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ အကဲဖြတ်ပညာရှင်ကြီးများ၊ နည်းပြဆရာ ဆရာမကြီးများ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ ပြိုင်ပွဲဝင်များ၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့် အောင်မြင်သိုက်မြိုက်ခမ်းနားစွာ ကျင်းပပြီးစီးခဲ့ပြီး ယခု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ချင်းပြည်နယ် တိုင်းရင်းသားရိုးရာနှင့် ကျေးလက်ရိုးရာယဉ်ကျေးမှုအဖွဲ့အား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။

○ မိမိတို့ နေ့စဉ် လူမှုဘဝထဲမှ ကောင်းမြတ်သော ဓလေ့ထုံးစံများနှင့် တန်ဖိုးကြီးမားသော အနုသုခုမ အမွေအနှစ်များကို ထိန်းသိမ်းခြင်း၊ စောင့်ရှောက်ခြင်းနှင့် ပွားများအောင် ကြိုးပမ်းခြင်းများ ဆောင်ရွက်သွားကြရမည်

○ နိုင်ငံတော်အဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲမှ အနာဂတ် နိုင်ငံတော်အတွက် မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းကြမည့် မျိုးဆက်သစ် ထူးချွန်သည့် အနုပညာရှင် မြောက်မြားစွာ ပေါ်ထွန်းလာမည်ဟု ယုံကြည်

အဖွဲ့လိုက်သော် လည်းကောင်း ဆုအသီးသီး ရယူနိုင်ကြသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ပြိုင်ပွဲဝင်များကို ဂုဏ်ယူဝမ်းမြောက်ကြောင်းကို ပြောကြားလိုကြောင်း၊ ဆုမရရှိသော်လည်း ရိုးရာယဉ်ကျေးမှု အနုသုခုမပညာရပ်များကို မြတ်မြတ်နိုးနိုး ယှဉ်ပြိုင်ခဲ့ကြသည့် ထိန်းသိမ်းခြင်းအပြင် အဆိုပါအမွေအနှစ်များ တိမ်ကောပျောက်ကွယ်မသွားစေရန် ဆင့်ကဲဆင့်ကဲ ဖြန့်ဝေ ဆက်ခံနိုင်ကြရန်ဖြစ်ကြောင်း။

အထူးအားဖြင့် ပင်းယခေတ်တွင် ပေါ်ထွန်းခဲ့သည့် ကာချင်းများ၊ အင်းဝခေတ်တွင် ပေါ်ထွန်းခဲ့သည့် တေးသီချင်းများကို အတီးတူရိယာ တစ်မျိုးတည်းအနေဖြင့်ဖြစ်စေ၊ ဆိုတီးနှစ်ဖြာ ရောနှော၍ဖြစ်စေ ထုတ်လွှင့်နေကြသည်ကို တွေ့မြင်ကြားသိနေရသည့်အတွက် များစွာအသိအမှတ်ပြုမိကြောင်း၊ ယနေ့ Globalization ဟု ခေါ်သည့် ကမ္ဘာ့ရွာကြီးထဲတွင် ရိုးရာကို နှောင့်ယှက်ဖျက်ဆီးခြင်းမှ ကင်းဝေးစေရန် ဝိုင်းဝန်းကြိုးပမ်းကာကွယ် ထိန်းသိမ်းသွားကြရမည်ဖြစ်ကြောင်း။

လွန်ခဲ့သော နှစ်ပေါင်း နှစ်ထောင့်ခြောက်ရာကျော်တွင် ပေါ်ထွန်းခဲ့သည့်ဗုဒ္ဓ၏တရားဒေသနာများနှင့် အခြားသော ဘာသာတရားတို့၏ များ ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

မကြာမီပြီးစီးတော့မည့် (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို အောင်မြင်ပြီးမြောက်အောင် စီမံဆောင်ရွက်ပေးကြသည့် ပြိုင်ပွဲကျင်းပရေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကရင်ပြည်နယ် တိုင်းရင်းသားရိုးရာနှင့် ကျေးလက်ရိုးရာယဉ်ကျေးမှုအဖွဲ့အား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဧရာဝတီတိုင်းဒေသကြီး တိုင်းရင်းသားရိုးရာနှင့် ကျေးလက်ရိုးရာယဉ်ကျေးမှုအဖွဲ့အား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။

ကဲ့သို့ ဆုပေးအပ်ချီးမြှင့်ခြင်း အခမ်းအနားကို ကျင်းပနိုင်ခဲ့ခြင်းဖြစ်ကြောင်း။

ယှဉ်ပြိုင်ခြင်းဖြင့် အောင်မြင်မှုမှတ်တိုင်တစ်ခု ရယူနိုင်ရေးဟု ဆိုရာတွင် ပညာရပ်တစ်ခုကို စည်းစနစ်ကျစွာ သင်ကြားနာယူမှု၊ စွဲမြဲစွာ တစိုက်မတ်မတ်လေ့ကျင့်ကြိုးစားမှု၊ ကျန်းမာရေးနှင့်ဆိုင်သည့် သက်လုံပြည့်ဝမှု၊ ဇွဲရှိမှုနှင့် သာလွန်ကောင်းမွန်သော ထိုးထွင်းသိမြင်မှုစသည့် အကြောင်းများစွာပေါ်၌ အခြေခံလျက်ရှိကြောင်း။

တစ်ဦးချင်းသော် လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များ၏ ကြိုးစားအားထုတ်မှုကိုလည်း တန်ဖိုးထားအသိအမှတ်ပြုပါကြောင်း။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို နိုင်ငံတော်အနေဖြင့် အချိန်အား၊ လူအား၊ ဓနငွေကြေးအင်အားများဖြင့် ကျင်းပပေးနေခြင်းသည် မြန်မာနိုင်ငံအတွင်း စုစည်းနေထိုင်ကြသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ပိုင်ဆိုင်ထားကြသည့် ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ၊ ကောင်းမြတ်သည့် ဓလေ့ထုံးတမ်းများကို သည့် ကြိုးသီချင်းများ၊ ကုန်းဘောင်ခေတ်တွင် ထင်ရှားခဲ့သည့် ဘွဲ့၊ သီချင်းခံ၊ ပတ်ပျိုးများ စသည့် မဟာဂီတဟု သတ်မှတ်ခြင်းခံထားရသည့် တေးသီချင်းများနှင့် ကျေးလက်တေးသံများသည် ယနေ့ခေတ် ပြည်သူများအကြား ပျံ့နှံ့မှုအားနည်းလာခဲ့ပြီဖြစ်ကြောင်း။

သို့သော် အချို့သော အသိပညာရှင်၊ အတတ်ပညာရှင်များသည် ယနေ့ခေတ် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာ တိုးတက်မြင့်မားလာမှုကိုအသုံးပြု၍ လူမှုကွန်ရက်မီဒီယာအချို့တွင် မဟာဂီတဝင်ကြိုး၊ ဘွဲ့၊ သီချင်းခံ၊ ပတ်ပျိုး အစရှိ ယဉ်ကျေးမှုဓလေ့ထုံးတမ်း အစဉ်အလာများ၏အရွေ့သည် အကောင်းနှင့်အဆိုး အရှိန်အဟုန်မြင့်မားလျက် အပြန်အလှန် ကူးပြောင်းနေသကဲ့သို့ ရည်ရွယ်ချက်ရှိရှိဖြင့် ရိုးရာယဉ်ကျေးမှု အလေ့အထ အမူအကျင့်စရိုက်များ တိမ်ကောပပျောက်သွားအောင် နည်းမျိုးစုံဖြင့် ထိုးဖောက်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်နေမှုများအပေါ် မိမိတို့ နိုင်ငံသူ နိုင်ငံသားများအနေဖြင့်လည်း အမျိုးဂုဏ် ဇာတိဂုဏ်စောင့်ထိန်းရင်း မိမိနိုင်ငံ မိမိနိုင်ငံသားများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်း အစဉ်အလာများ ကောင်းမြတ်သော အဆုံးအမများ ယနေ့အထိ တည်တံ့နေခြင်းသည် သက်ဝင်ယုံကြည်မှုနှင့်အတူ လက်ဆင့်ကမ်း ပညာအမွေပေးမှု ရှိခြင်းနှင့် နာယူမှတ်သားသူ အဆင့်ဆင့်ကလည်း ဖွဲ၊ လုံ့လ၊ ဝီရိယအပြည့်နှင့် စဉ်ဆက်မပြတ် ကြိုးစားကျင့်ကြံ ကြိုးစားအားထုတ်ခဲ့၍ဖြစ်ကြောင်း။

ထိုနည်းတူ မိမိတို့ နေ့စဉ် လူမှုဘဝထဲမှ ကောင်းမြတ်သောဓလေ့ထုံးစံများနှင့် တန်ဖိုးကြီးမားသော အနုသုခုမ အမွေအနှစ်များကို ထိန်းသိမ်းခြင်း၊ စောင့်ရှောက်ခြင်းနှင့် ပွားများအောင် ကြိုးပမ်းခြင်း ဦးစီးကော်မတီဝင်များ၊ လုပ်ငန်းကော်မတီအသီးသီးမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရန် လူအား ငွေအား စေတနာအားတို့ဖြင့် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များ၊ ကာလရှည်ကြာ ကျင်းပခဲ့သည့် ပြိုင်ပွဲကြီး တစ်လျှောက် မြန်မာတို့၏ အဆင့်အတန်း မြင့်မားလှသည့်

စာမျက်နှာ ၉ သို့ ❖

❖ စာမျက်နှာ ၈ မှ
အနုသုခုမပညာရပ်များ၊ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များနှင့် ဓလေ့ထုံးတမ်း အစဉ်အလာများကို မျိုးဆက်သစ် လူငယ်လူရွယ်၊ တိုင်းရင်းသားညီနောင်များအတွက် ပညာအမွေပေးရန် ပြင်းပြသည့် စိတ်စေတနာ အပြည့်အဝဖြင့် မိမိတို့၏အသက်အရွယ်နှင့် ကျန်းမာရေးကိုပင် လျစ်လျူရှုပြီး ပြိုင်ပွဲဝင်များအပေါ် လိုအပ်သည်များကို ပြုပြင်ပေးကြသည့် အကဲဖြတ်ဒိုင်လူကြီးများအပါအဝင် ပြိုင်ပွဲအားလုံး၌ စိတ်ရောကိုယ်ပါနှစ်ပြီး ဖွဲ့၊ လုံ့လ၊ ဝီရိယ အားမာန်အပြည့်အဝဖြင့် ပြိုင်ပွဲဝင်ခဲ့ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ချစ်ကြည်ရင်းနှီးအပ်သော တိုင်းရင်းသားညီနောင် လူငယ်လူရွယ်များ အားလုံးကို အထူးပင် ကျေးဇူးတင်ရှိပါကြောင်း။

**ပေါ်ထွန်းလာမည်**

ထို့ပြင် ပြိုင်ပွဲကာလတစ်လျှောက် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင် အသင်းသူ အသင်းသားများ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ နည်းပြများ အားလုံးကလည်း အဆင့်ရှိရှိ အပြိုင်အဆိုင် ကြိုးကြိုးစားစား ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်ကို ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ ယခုကဲ့သို့ နိုင်ငံတော်အဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲမှ အနာဂတ်နိုင်ငံတော်အတွက် မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းကြမည့် မျိုးဆက်သစ် ထူးချွန်သည့် အနုပညာရှင်မြောက်မြားစွာ ပေါ်ထွန်းလာမည်ဟု ယုံကြည်ပါကြောင်း။

ကျင်းပပြီးစီးခဲ့သည့် (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို အကြောင်းပြု၍ ရရှိခဲ့သော အောင်မြင်မှုဆုတံဆိပ်များ၊ ပြိုင်ပွဲကာလအတွင်း တွေ့ကြုံရင်းနှီးခဲ့ရသည့် တိုင်းရင်းသားညီအစ်ကို မောင်နှမများနှင့် အပြန်အလှန် ချစ်ကြည်ခိုင်မြဲခဲ့ရသော မေတ္တာတရားများကို အခြေခံ၍ မိမိတို့နေရပ်ဒေသများသို့ပြန်လည်ရောက်ရှိကြသည့်အခါ နိုင်ငံ့အကျိုးနှင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများဖြစ်ကြသည့် နိုင်ငံသူနိုင်ငံသားများ၏ အကျိုးကို သက်ဆိုင်ရာ လုပ်ငန်းခွင်၊ စာသင်ခန်းများမှတစ်ဆင့် ဆတက်ထမ်းပိုး သယ်ပိုးနိုင်ကြပါစေကြောင်း ပြောကြားသည်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးမြထွန်းဦး ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်း ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါ်အေးနုစိန် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

ထို့နောက် ဆုများပေးအပ်ချီးမြှင့်ရာ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာနှင့် ကျေးလက်ရိုးရာယဉ်ကျေးမှုအဖွဲ့များကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များက မဟာဂီတတေးသီချင်း အဆိုပြိုင်ပွဲ၊ ကာလပေါ်တေးသီချင်းအဆိုပြိုင်ပွဲ၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး တေးသီချင်းအဆိုပြိုင်ပွဲတို့တွင် ဆုရရှိသူများကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အဆင့်မြင့်ပညာအဆင့် (အမျိုးသား) **“အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး”** တေးသီချင်းအဆိုပြိုင်ပွဲတွင် ပထမဆုရရှိသော ရန်ကုန်တိုင်းဒေသကြီးမှ မောင်စွမ်းရည်ထက်က ဖျော်ဖြေတင်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များက အကပြိုင်ပွဲ၊ ရုပ်သေးကြိုးဆွဲပြိုင်ပွဲ၊ ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲ၊ ကွက်စိပ်ပြိုင်ပွဲ၊ ရာမာယဏဇာတ်တော်ကြီးပြိုင်ပွဲ၊ မြန်မာအက အခြေခံကဗျာလွတ်အကပြိုင်ပွဲတို့တွင် ဆုရရှိသူများနှင့် အကပံ့ပိုးဆိုင်းအဖွဲ့ ဆုရရှိသူများ၊ ဆို ငို ပြော ထူးချွန်ဆု၊ ဇာတ်ပို့ဆိုင်းထူးချွန်ဆု၊ ဇာတ်ညွှန်းထူးချွန်ဆု၊ ဒါရိုက်တာထူးချွန်ဆု ရရှိသူများကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

**ကပြဖျော်ဖြေ**

ထို့နောက် အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) ကဗျာလွတ် အကပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သည့် ကရင်ပြည်နယ်မှ နန်းသဇင်အေးနှင့်အဖွဲ့က ကပြဖျော်ဖြေတင်ဆက်သည်။

ယင်းနောက် ပြည်ထောင်စုတရားသူကြီးချုပ်က အရေးပြိုင်ပွဲတွင် ဆုရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဝါသနာရှင်အဆင့် (ပထမတန်း) အရေးပြိုင်ပွဲတွင် ပထမဆုရရှိသော ရန်ကုန်တိုင်းဒေသကြီးမှ ဦးဗိုလ်စိုး ရေးသားသည့် **“ထိန်းသိမ်းစို့လေ ရိုးရာအမွေ”** သီချင်းဖြင့် ဖျော်ဖြေတင်ဆက်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များက စောင်းအတီးပြိုင်ပွဲ၊ စန္ဒရားအတီးပြိုင်ပွဲ၊ ပတ္တလားအတီးပြိုင်ပွဲ၊ တယောအတီးပြိုင်ပွဲ၊ မယ်ဒလင်အတီးပြိုင်ပွဲ၊ ဂီတာအတီးပြိုင်ပွဲနှင့် ဒုံမင်းအတီးပြိုင်ပွဲ၊ ဆိုင်းတစ်ဦးချင်းအတီးပြိုင်ပွဲ၊ ဆိုင်းအဖွဲ့လိုက်အတီးပြိုင်ပွဲ၊ နှဲပြိုင်ပွဲ၊ ပလွေပြိုင်ပွဲ၊ အိုးစည်ပြိုင်ပွဲ၊ ဒိုးပတ်ပြိုင်ပွဲတို့တွင် ဆုရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) ပတ္တလား အတီးပြိုင်ပွဲတွင် ပထမဆုရရှိသော မွန်ပြည်နယ်မှ မနွေးနွေးထက်က တီးခတ်ဖျော်ဖြေတင်ဆက်ပြီး အခမ်းအနားကို ရုပ်သိမ်းသည်။

**ဆုတံဆိပ်ရရှိမှု**

(၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိမှုများမှာ ရန်ကုန်တိုင်းဒေသကြီးမှ ၁၂၈ ဆု၊ မန္တလေးတိုင်းဒေသကြီးမှ ၈၈ ဆု၊ ဧရာဝတီတိုင်းဒေသကြီးမှ ၅၈ ဆု၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၃၆ ဆု၊ ပဲခူးတိုင်းဒေသကြီးမှ ၃၃ ဆု၊ တနင်္သာရီတိုင်းဒေသကြီးမှ ၂၃ ဆု၊ မကွေးတိုင်းဒေသကြီးမှ ၂၂ ဆု၊ ချင်းပြည်နယ်မှ ၂၁ ဆု၊ ကရင်ပြည်နယ်မှ ၂၀၊ ရခိုင်ပြည်နယ်မှ ၂၀၊ ရှမ်းပြည်နယ်မှ ၁၉ ဆု၊ မွန်ပြည်နယ်မှ ၁၅ ဆု၊ ကချင်ပြည်နယ်မှ ၁၁ ဆုနှင့် ကယားပြည်နယ်မှ ၁၀ ဆု ရရှိခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးစိုင်းလုံးဆိုင် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာဗညားအောင်မိုး ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

# ရန်ကုန်မြို့ရှိ အားကစားကွင်း/အားကစားရုံများ လိုက်လံကြည့်ရှုစစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၁၈**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ အောင်ဆန်းအားကစားပြိုင်ဝင်း အဆင့်မြှင့်တင်တည်ဆောက်နိုင်မည့် အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ အောင်ဆန်းအားကစား ပြိုင်ဝင်းအတွင်းရှိ ပျက်စီးနေသော ပွဲကြည့်စင်အဆောက်အအုံ အနေအထားများ၊ ခြံစည်းရိုးများ၊ ဘောလုံးကွင်းနှင့် ဘော်လီဘောလေ့ကျင့်ရုံ အနေအထားများ၊ ပြင်ဆင်ရန်လိုအပ်သည့် အနေအထားများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လူငယ်အားကစားလေ့ကျင့်ရေးစခန်း သုဝဏ္ဏဘောလုံးကွင်းသို့ရောက်ရှိပြီး ဘောလုံးကွင်းကို ကြည့်ရှုစစ်ဆေးကာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံအမှာစကား ပြောကြားသည်။

ထို့နောက် မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်အားကစားကွင်းသို့ရောက်ရှိပြီး (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် လေ့ကျင့်နေသော လက်ရွေးစင်အားကစားသမားများ၏ လေ့ကျင့်နေမှုကိုကြည့်ရှုပြီး အားကစားသမားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ အမှာစကားပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ရုံးခန်း၌ ဥက္ကဋ္ဌဦးဇော်ထိန်၊ ဒုတိယဥက္ကဋ္ဌ ဦးမျိုးသိန်းထွေးနှင့် တာဝန်ရှိပုဂ္ဂိုလ်များကိုတွေ့ဆုံပြီး အဖွဲ့ချုပ်တာဝန်ရှိသူများအားလုံးက စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်ဖြင့် ပေါင်းစပ်ညှိနှိုင်း ကြိုးစားဆောင်ရွက်ကြရန်မှာကြားပြီး အဖွဲ့ချုပ်ဥက္ကဋ္ဌက တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် သဃ်္ဃန်းကျွန်းမြို့နယ် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ၂၀၂၂ ခုနှစ် အမျိုးသားတံခွန်စိုက် (အမျိုးသား/အမျိုးသမီး) ဘတ်စကက်ဘောပြိုင်ပွဲနှင့် U–18, U–25 (အမျိုးသား/အမျိုးသမီး) ဘတ်စကက်ဘောပြိုင်ပွဲတွင် RRY အသင်းနှင့် M.O.H.A အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်တွင်းနေရပ်စွန့်ခွာသူများ နေရပ်သို့ပြန်လည်ရောက်ရှိပါက နေထိုင်မှုအဆင်ပြေစေရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိ



**နေပြည်တော် အောက်တိုဘာ ၁၈**

ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာသတင်းနှင့်ပြန်ကြားရေးလုပ်ငန်းကော်မတီ (၁/၂၀၂၂) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးရဲတင့်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် သတင်းနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီဝင်များ တက်ရောက်ကြသည်။

**စီစဉ်ဆောင်ရွက်ပေး**

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးရဲတင့်က ပြည်တွင်း နေရပ်စွန့်ခွာသူများအနေဖြင့် ယာယီခိုလှုံရာစခန်းများတွင် နေထိုင်ကြစဉ် နိုင်ငံတော်အနေဖြင့် နေထိုင်စားသောက်ရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် လိုအပ်သည်များကို ကူညီထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ သို့သော်လည်း အခြေအနေကောင်းပါက၊ လုံခြုံရေးစိတ်ချရပါက ၎င်းတို့မူလနေထိုင်ရာအရပ်ဒေသသို့ ပြန်လည်နေထိုင်ကြရန် လိုအပ်ပါကြောင်း၊ နေရပ်သို့ ပြန်လည်ရောက်ရှိပါကလည်း နေထိုင်မှုအဆင်ပြေစေရန် ပို့ဆောင်ရေး၊ ငွေကြေးထောက်ပံ့မှု၊ ရိက္ခာထောက်ပံ့ပေးမှုများကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

နေရပ်စွန့်ခွာသူများအနေဖြင့် ယာယီခိုလှုံရာစခန်းများတွင် ခိုလှုံနေရခြင်းထက် မိမိတို့နေရာဒေသများတွင် ပြန်လည်နေထိုင်ခြင်းက ၎င်းတို့အတွက် အစစအရာရာ အဆင်ပြေနိုင်သဖြင့် လိုအပ်သည့် သတင်းအချက်အလက်နှင့် အသိပညာပေးခြင်းများ ဆောင်ရွက်ပေးကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီအတွင်းရေးမှူးနှင့် ကော်မတီဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့် လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

သတင်းစဉ်

# မဲဆန္ဒရှင်စာရင်းများစိစစ်ခြင်းနှင့် မဲရုံအရေအတွက်များ လျာထားသတ်မှတ်ခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၈**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို ကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိရာ လာမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်ပြည်သူများ ဥပဒေနှင့်အညီ လွတ်လပ်စွာ မဲပေးနိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီးအတွင်း မဲဆန္ဒရှင်စာရင်းများ စိစစ်ခြင်းနှင့် မဲရုံတည်နေရာများ အတည်ပြုသတ်မှတ်ခြင်းများ ဆောင်ရွက်သည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးစိုးဦးနှင့် ဦးတင်မောင်ဆွေ၊ ပြည်ခရိုင်တပ်နယ်မှူး၊ ပဲခူးတိုင်းဒေသကြီးနှင့် ပြည်ခရိုင် ရွေးကောက်ပွဲအရာရှိများ၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနဦးစီးမှူး၊ ပေါက်ခေါင်း၊ ပေါင်းတည်၊ ပန်းတောင်း၊ ပြည်၊ ရွှေတောင်၊ သဲကုန်းမြို့နယ်တို့မှ မြို့နယ် အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ရွေးကောက်ပွဲအရာရှိများ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဦးစီးမှူးများ၊ ပြည်မြို့နယ်အတွင်းရှိ ရပ်ကွက်/ ကျေးရွာအုပ်စု ၆၉ အုပ်စုမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ကော်မရှင်အဖွဲ့ဝင်များက အမှာစကား ပြောကြားသည်။



ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာသူများက မဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်ရေး၊ မဲရုံတည်နေရာ သတ်မှတ်အတည်ပြုနိုင်ရေးနှင့် မဲရုံသုံးပစ္စည်းများ လိုအပ်ချက်တို့နှင့် စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်




# လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်များ ခွင့်ပြုထုတ်ပေး

**တောင်ကြီး အောက်တိုဘာ ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော Peace Myanmar Group (PMG) Co;Ltd မှ အာမခံအလုပ်သမားဦးမျိုးဇော်ဦး၏ အလုပ်တွင်ထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် တောင်ကြီးမြို့ ပြည်နယ်လူမှုဖူလုံရေးရုံးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်မာအေးက အာမခံအလုပ်သမား ဦးမျိုးဇော်ဦး၏ဇနီးအား ကျန်ရစ်သူအကျိုးခံစားခွင့်ငွေကျပ် ၈၂၅၀၀၀၀ ကို မိတ်ဖက်ဌာနများ၊ အလုပ်ရှင်/ အလုပ်သမားကိုယ်စားလှယ်များ၊ အလုပ်သမားရေးရာ ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များ၏ရှေ့မှောက်တွင် ပေးအပ်ခဲ့သည်။ တောင်ကြီးမြို့နယ်လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသည့် အလုပ်ဌာနစုစုပေါင်း ၇၅၄ ဌာနရှိပြီး အာမခံအလုပ်သမားပေါင်း ၉၁၈၃ ဦးရှိကြောင်း သိရသည်။

၂၂

# ကံစီမံရာ

## မောင်နှင်းဆီ

“ဩော်... လောဘရယ်၊ ဒေါသရယ်၊ မောဟရယ်၊
အဝိဇ္ဇာ ပစ္စယာ သင်္ခါရာတဲ့၊
ပျော်လိုက် ရွှင်လိုက် ငိုကာရယ်ကာ၊
ဘယ်ဟာ မတည်မြဲ ဖောက်လွဲဖောက်ပြန်၊
အကြောင်းကံ ကမ္မသကာ။ ”

**တေးပြုစာဆို သုခ**
**သံစဉ်ဂီတ ဦးဘသိန်း(မန္တလေး)**
**(၁၉၅၆၊ ဘဝသံသရာရုပ်ရှင်ခေါင်းစီးသီချင်းမှ)**

ကိုယ်စိုက်တဲ့အသီးကို ကိုယ်စားရတယ်ဆိုတာကို လူတိုင်းသဘောပေါက်ပါတယ်။ စပါးပင်စိုက်ပျိုးခဲ့ရင် စပါးကို ရိတ်သိမ်းရမှာပဲ။ သရက်ပင်စိုက်ခဲ့ရင် တစ်နေ့မှာတော့ သရက်သီးစားရမှာပေါ့။ ကိုယ်လုပ်ဆောင်ခဲ့တဲ့ မျိုးစေ့အလျောက် အပင်ပေါက်တယ်။ အသီးအနှံသီးတယ်။

ဒီတော့ ဉာဏ်ရှိတဲ့လူ၊ အမြော်အမြင်ရှိတဲ့လူက စပါးကို အထွက်နှုန်းကောင်းတဲ့ စပါး၊ မျိုးကောင်းမျိုးသန့်ကို သေသေချာချာရွေးချယ်ပြီး စိုက်တယ်။ အထွက်နှုန်းလည်းမကောင်း၊ စပါးဈေး၊ ဆန်ဈေးလည်း မကောင်းတဲ့ စပါးမျိုးကိုစိုက်ရင် ပင်ပန်းရသလောက် ကောင်းကျိုးအသီးအပွင့် အဆင့်အတန်းမမြင့်ပေဘူးပေါ့။ စပါးစိုက်မှာချင်းအတူတူ မျိုးကောင်းမျိုးသန့်စိုက်ဖို့ဟာ အခြေခံကျကျ အရေးကြီးလှပေတာပဲ။ ရေ၊ မြေ၊ မိုး၊ ပိုး၊ ကြိုးစားမှု စတဲ့ အချက်တွေလည်း ပါဝင်ပါရဲ့။ ဗီဇမျိုးစေ့အရည်အသွေးကောင်းဖို့ရာက အဓိကအရေးကြီးကြောင်း တွေ့ကြရမယ်။

**တန်ဖိုးချင်းကွာခြား**

သရက်ပင်တွေ စိုက်ထားတဲ့ သရက်တောတွေမှာ မြကျောက်တို့၊ စိန်တလုံးတို့ တန်ဖိုးရှိတဲ့မျိုးကို စိုက်ခဲ့တဲ့ သရက်ပင်တွေက ရောင်းတဲ့အခါ ဈေးကောင်းရကြတယ်။ မျောက်ခေါင်းတို့၊ လောက်စာလုံးတို့၊ သေးလည်းသေး၊ ချဉ်လည်းချဉ်၊ အသားလည်းနည်းတဲ့ သရက်သီးသရက်စေ့ကို စိုက်ခဲ့မိရင် ဘယ်လိုလုပ် ချမ်းသာပါ့မလဲ။ ကောင်းတဲ့အမျိုးအစား၊ မှန်ကန်တဲ့ရွေးချယ်မှုနဲ့ လုံ့လဝီရိယစိုက်ပြီး အလုပ်လုပ်တဲ့ အကျိုးရလဒ်နဲ့ သာမန်လုပ်တယ်ဆိုရုံလုပ်တဲ့အလုပ်နဲ့ တန်ဖိုးချင်းကွာခြားမှာပဲ။

အလုပ်တစ်ခုလုပ်တယ်ဆိုရင် ရှေ့နောက်မြော်တွေးဆင်ခြင်ပြီး လုပ်ရတယ်။ ကောင်း၊ ဆိုးရလဒ်၊ အတိုင်းအဆ စသည်တို့ကို ကြည့်ရမယ်။ စိတ်ပါလက်ပါ၊ စိတ်ဝင်တစား လုပ်ရမယ်။ အလုပ်ကို မြတ်မြတ်နိုးနိုး လေးလေးစားစားလုပ်ရမယ်။ အများကို ကောင်းကျိုးပြုမှာမျိုး၊ သူတစ်ပါးကို မထိခိုက်တာမျိုး၊ အပြစ်ကင်းတာမျိုး လုပ်ရပါမယ်။ ဉာဏသမ္ပယုတ်၊ သောမနဿသဟဂုဏ်၊ အသင်္ခါရိက စတဲ့အချက်တွေနဲ့ ကြိုတင်စူးစမ်းချင့်ချိန်ပြီး အကောင်းဆုံးလုပ်ရမယ်။ အဲဒီအလုပ်ဟာ ကိုယ်ပြုလုပ်တဲ့ ကံပါပဲ။ ကိုယ်ပြုတဲ့ကံ ပဲ့တင်သံ ကိုယ့်ထံပြန်လာတယ်။ ဒါကြောင့် ကောင်းမှုသုစရိုက်ပြုခဲ့တဲ့သူဟာ ကောင်းမှုကောင်းကျိုးတွေ သူခံစားရတယ်။ မကောင်းမှုဒုစရိုက်တွေ (မိုက်မဲစွာ) ကျူးလွန်သူဟာ ဘယ်သူမပြု မိမိမှုဆိုသလိုပဲ မိမိကိုယ်တိုင်သာပဲ အကုသိုလ်ရဲ့ အကျိုးဆက်တွေကို သိမ်းပိုက်ရမှာမလွဲပါ။

ကဲ - ဒါဆို ကံကောင်းတာတွေ လိုချင်ပါတယ်။ ရချင်ပါတယ်။ ဘယ်လိုအလုပ်မျိုးတွေ လုပ်ရမှာပါလဲ။

“မကောင်းမှုများ ရှောင်ရှားပယ်ခွာ၊ ကောင်းမှုအပေါင်းစုဆောင်းကြပါ။ မိမိစိတ်ရင်း သန့်ရှင်းစေရာ၊ ဤသုံးပါးဘုရားသာသနာ။” လို့ သီတဂူဆရာတော်အရှင်ဉာဏိဿရ သီကုံးတာလေး မှတ်ရလွယ်ပါတယ်။ ဒါဟာ အသက်အရွယ်ခုနစ်နှစ်သား၊ သားတော် ရှင်ရာဟုလာကိုရှင်လေးကို ဟောကြားတဲ့ (အမ္ဗလဋ္ဌိက ရာဟုလောဝါဒသုတ်) ဆုံးမစကားထဲမှာလည်းပါတယ်။ ဩဝါဒပါတိမောက်မှာလည်းပါတယ်။ ဓမ္မပဒထဲမှာလည်း တွေ့ရပါတယ်။

မြတ်စွာဘုရားရှင်ဟာ လူသားတွေကို ဘေးကင်းစေချင်လို့ ဆင်းရဲကင်းပျောက် ချမ်းသာရောက်ဖို့ သုစရိုက်၊ ကုသိုလ်ကောင်းမှုပြုလိုက်ကြ။ ဒါမှသာ ကောင်းတဲ့ကံတွေပြုနေလို့ ကောင်းကျိုးတွေ ဖြာဖြာဝေဝေ သာယာစိုပြည်မယ်။ ဒုစရိုက် အကုသိုလ် အလုပ်ဆိုး၊ အလုပ်မှား၊ အလုပ်မတရားတွေလုပ်နေရင် အကုသိုလ် အကျိုးဆက် (ပါပကံ) နောက်ဆက်တွဲတွေ အစုလိုက်အပြုံလိုက် ကိုယ်ကိုယ်တိုင်သိမ်းပိုက်ခံစားရမှာပဲလို့ (ပုည-ကောင်းမှု) (ပါပ- ဆိုးမှု)ခွဲခြားနားလည်ပြီးဆောင်ရန်၊ ရှောင်ရန် တရားတွေနဲ့ လမ်းညွှန်ထားခဲ့ပါတယ်။ ကျင့်တာ၊ မကျင့်တာ မိမိတို့ရဲ့ရွေးချယ်မှုပါပဲ။ သူ့ထိုက်နဲ့သူ့ကံ။ ကံစီမံရာသွား။

ပုမသိ၊ ပမသိ။

ဒီအလုပ်ဟာ ပုညကုသလ ကောင်းမှုလား၊

ဒီအလုပ်က ပါပ ဒုစရိုက်ဆိုးမှုပေလား၊

မခွဲခြား၊ မစဉ်းစား၊ နားမလည်၊ မသိမြင်သူတို့ဟာ လွဲမှားစွာပဲ မိုက်ပြီးရင်းမိုက်၊ အစီစိထိအောင် ကျင်းတူးပြီး ဆက်မိုက်နေကြဦးမှာပဲပေါ့။ အဝိဇ္ဇာဆိုတဲ့ မသိမမြင်မှု၊ အလွဲမြင်သိနေမှုက အကြင်သူကို ငရဲတိရစ္ဆာန်ဘဝ အရှင်လတ်လတ် ကျရောက်စေပါတယ်။ နွားတွေ၊ ဝက်တွေကို ခြံလှောင်သလို လူကိုအချုပ်ထောင်၊ အကျဉ်းထောင်ထဲ ထည့်ထားခြင်းခံရတာဟာ ပုမသိ ပမသိ (အရပ်စကားအနေနဲ့ ဘုမသိ ဘမသိလို့ သုံးနှုန်းနေကြ) ဆင်ခြင်တုံတရားနည်းပါး (မရှိ) ခဲ့လို့ လက်ထိပ်တို့၊ သံခြေကျင်းတို့ ဝတ်ဆင်နေရခြင်းပေပေါ့။

**အထင်မှားနေကြ**

ပါရမီကံဆိုတာကတော့ ငါတို့နဲ့မဆိုင်လောက်ပါဘူးလို့ မသိသူတွေက အထင်မှားနေကြတယ်။ ပါရမီဆယ်ပါးနဲ့မြတ်စွာဘုရားက ဘုရားလောင်းဘဝအဆက်ဆက် (သာဓက ဇာတ်ကြီးဆယ်ဘွဲ့၊ တေ-ဇ-သု-နေ-မ စသဖြင့်) ကြိုးစားလုပ်ဆောင်ဖြည့်ကျင့်ခဲ့ရတာကို ကြည့်ပြီး ငါလိုပုထုဇဉ်နဲ့ အလှမ်းဝေးလောက်တယ်။ အထင်လွဲနေတတ်ပါတယ်။

ဒီမယ်-ပါရမီကံဆိုတာ ဘုရားမှသာ ကျင့်သုံးဆောက်တည်ရတာမဟုတ်။ ဘုရားလောင်းမှသာ လုပ်ဆောင်ဖွယ်ရာမဟုတ်။ သဲသဲကွဲကွဲ၊ ထင်ထင်ရှားရှား သိမြင်နားလည်မှ ကံစီမံရာ လိုက်ပါဖြစ်ပေါ်ကြရတဲ့ ဘဝမှာ ကံကောင်းကြလိမ့်မယ်။

ပါရမီကံက မြင့်မြတ်သူတို့ရဲ့ လုပ်ဆောင်ချက်ကို ခေါ်တာဖြစ်တယ်။ မိမိကိုယ်ကို တန်ဖိုးထားပါ၊ မိမိကိုယ်ကို လေးစားမြှင့်တင်ပါ။ လူနေချိုကြားဖြစ်ချင်ဖြစ်ပါစေ၊ စိတ်နေဘုံဖျား ရှိနေပါစေ။ ရိုးရိုးကျင့်ပြီး မြင့်မြင့်ကြံပါလေ။ ဒါဟာလိုရင်းပါ။

သစ္စာ၊ သီလ၊ ခန္တီ၊ ဝီရိယနဲ့ ဒါန၊ ပညာစတဲ့ ပါရမီဆယ်ပါးကို တစ်နေ့တည်း တစ်ပြိုင်တည်းလုပ်ဖို့ရာ မဆိုလိုပါဘူး။ စိတ်ထဲမှာ ဒီပါရမီကံတွေကို ငါကြိုးစားပြီး မဖြစ်မနေ လုပ်ဆောင်နေမယ်။ ငါဟာ ပါရမီကံ ရင့်သန်သူဖြစ်နိုင်ပေတာပဲ။ စေတနာကောင်းရင် ကံကောင်းမှာပဲ။ ပစ္စေကဗုဒ္ဓါ၊ အဂ္ဂသာဝက၊ မဟာသာဝက စတဲ့မြင့်မြတ်တဲ့ သူတော်ကောင်းတွေ အများအပြား ကျင့်ကြံအားထုတ်ကြတဲ့ တရားတွေကို ငါလည်းလုပ်လို့ရတယ်။ ငါလည်းဆိုင်တယ်။ ငါလည်းကျင့်ကြံလုပ်ဆောင်နိုင်တာပဲ။

ဘာသာရေးတရားတွေ ဟောပြောနေတာလား။

စာဖတ်သူ ထင်ချင်သလိုသာ ထင်မြင်ပါ၊ ရပါတယ်။ တကယ်တော့ စာရေးသူ Joanne Kathleen Rowling ဂျင်းနီကက်သလင်းရိုလင်း၊ ကလောင်နာမည် ဂျေကေရိုလင်းဆိုတဲ့ ဆင်းရဲသားမိဘနှစ်ပါးက မွေးဖွားခဲ့ရပေမယ့် ကိုယ့်အားကိုယ်ကိုး၊ ကိုယ်ထူကိုယ်ထ၊ ပညာရေးမှာ အင်္ဂလိပ်စာပေ အဓိကနဲ့ ဘွဲ့တစ်ခုရအောင်ကြိုးစား၊ အင်္ဂလိပ်စာပြ ဆရာမဘဝနဲ့ နွမ်းနွမ်းပါးပါး၊ ချို့ချို့တဲ့တဲ့ဘဝနဲ့ စာကြည့်တိုက်က စာအုပ်တွေအဖော်လုပ်ကာ၊ မပြတ်တမ်းဖတ်ကာ၊ မှတ်ကာ၊ ဖွဲ့ကြိုးကြိုးနဲ့ ၂၀ နှစ်ကြာအောင် ရုန်းကန်လိုက်တာ အင်္ဂလန်မှာနိုင်ငံကျော်ရုံမက ကမ္ဘာကျော်တဲ့ စာရေးဆရာမအဖြစ် အဆန်းတကြယ်ပေါက်သွားတဲ့ ကံထူးသူအကြောင်း ဟိုရှာဖတ်၊ ဒီရှာဖတ်၊ ရှာဖွေလေလေ တွေ့ရှိလေလေမို့ စိတ်ကူးထဲပေါ်လာရာ ချစ်စွာသော စာဖတ်သူထံ မျှဝေနေတာပါ။ ဆက်လေ့လာကြည့်ရင် သိနိုင်ပါတယ်။

> ☆ **ပါရမီကံဆိုတာ ဘုရားမှသာ ကျင့်သုံးဆောက်တည်ရတာမဟုတ်။ ဘုရားလောင်းမှသာ လုပ်ဆောင်ဖွယ်ရာမဟုတ်။ သဲသဲကွဲကွဲ၊ ထင်ထင်ရှားရှား သိမြင်နားလည်မှ ကံစီမံရာ လိုက်ပါဖြစ်ပေါ်ကြရတဲ့ဘဝမှာ ကံကောင်းကြလိမ့်မယ်။**
>
> ☆ **ပါရမီကံက မြင့်မြတ်သူတို့ရဲ့ လုပ်ဆောင်ချက်ကို ခေါ်တာဖြစ်တယ်။ မိမိကိုယ်ကို တန်ဖိုးထားပါ၊ မိမိကိုယ်ကို လေးစားမြှင့်တင်ပါ။ လူနေချိုကြားဖြစ်ချင်ဖြစ်ပါစေ၊ စိတ်နေဘုံဖျား ရှိနေပါစေ။ ရိုးရိုးကျင့်ပြီး မြင့်မြင့်ကြံပါလေ။**

**အကြောင်းအမျိုးမျိုးနဲ့ ငြင်းပယ်ခဲ့ကြ**

ဂျေကေရိုလင်းရေးတဲ့ ဝတ္ထုတွေကို အင်္ဂလန်၊ လန်ဒန်ရှိ စာအုပ်ထုတ်ဝေရေးတိုက်တွေ တော်တော်များများက ဖတ်ကြည့်ပြီး အကြောင်းအမျိုးမျိုးနဲ့ ငြင်းပယ်ခဲ့ကြတယ်။ ဒါမျိုးထုတ်ရင် ရှုံးလို့ မွဲမှာပေါ့လို့ မကြားတကြား ပြောသူကပြော။ ရှည်လွန်းတယ်ဆိုသူဆို။ ဒါက ကလေးပုံပြင်ဖြစ်နေတယ်။ ဘယ်သူဝယ်မှာလဲ စသဖြင့် မကြားတကြား ဝေဖန်တာကော၊ ဖြောင်အထင်အမြင်သေးစွာ ငြင်းပယ်ရင်း၊ စာမူဖိုင်ကြီးကို ပြန်ပေးရင်း ပြောကြတာကော။ အငြင်းပယ်ခံရတဲ့ မျှော်လင့်ချက်ဆုံးရှုံးမှု၊ ရှုံးနိမ့်ခြင်းတွေဟာ ၁၄ ကြိမ် အနည်းဆုံးရှိခဲ့တယ်။ နောက်ထုတ်ဝေရေးတိုက်တစ်ခုကို မသွားဝံ့၊ မသွားရဲတော့လောက်အောင် ရှက်ရွံ့သိမ်ငယ်ခဲ့ရတယ်။ ၁၉၉၇ ခုနှစ်မှာ ထုတ်ဖြစ်ခဲ့ပါတယ်။

ဟယ်ရီပေါ်တာ ပထမဝတ္ထုရှည်ကို ပထမမူကြမ်းကတည်းက ကြိုက်တယ်၊ ကောင်းတယ်၊ ဘာမှဆိုစရာ အပြစ်မရှိဘူးစသဖြင့် အားပေးဖေးမသူကတော့ နှစ်ယောက်လောက်ပဲရှိပါတယ်။ ဂျေကေရိုလင်းရဲ့ ညီမလေးနဲ့၊ သူ့အခင်ဆုံးသူငယ်ချင်းတစ်ယောက်။ မနည်းပါ။

ဂျေကေရိုလင်းက စာအုပ်ကြားမှာခေါင်းထည့်ပြီး ဖတ်လိုက်၊ မှတ်လိုက်၊ တွေးလိုက်၊ ရေးလိုက်။ စာအုပ်ထဲက စာကြီးပေကြီးတွေ၊ ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းများစွာထဲက ဇာတ်ကောင်တွေနဲ့သာ ပိုမိုပြီး သူက ရင်းနှီးထိတွေ့နေခဲ့တာ။ ပြင်ပမှာ မိတ်ဆွေအပေါင်းအသင်းတော့ များများစားစား မရှိရှာဘူး။ ရုပ်ရည်ကလည်း အချောအလှမဟုတ်။ ပေါ်ပြူလာဖြစ်ချင်တဲ့၊ ဆိုရှယ်ကျချင်တဲ့ စိတ်မျိုးလည်းမရှိ။ ကိုယ့်အတွေးနဲ့ ဝတ္ထုဇာတ်ကောင်တွေမွေး၊ ဇာတ်လမ်းတွေဖွဲ့၊ ဇာတ်အပျိုး၊ အခင်း၊ အတက်၊ အခက်၊ အဖြေ၊ အလှည့်၊ အကွေ့စသဖြင့် အမျိုးမျိုးစဉ်းစားလိုက်၊ ချရေးလိုက်။ ရှာဖွေလေ့လာဆည်းပူး၊ ရေးမှတ်ရေးသား၊ ဖန်တီးနေခဲ့တာ တက္ကသိုလ်ကနေ အသက် (၂၁-၂၂) အရွယ်လောက် ဘွဲ့ရသည်မှ ဟိုပြောင်းဒီပြောင်း အင်္ဂလိပ်စာသင်ပြတဲ့ ဆရာမဘဝ၊ ခက်ခက်ခဲခဲ ဆင်းဆင်းရဲရဲ ၁၀ နှစ်ကျော် ရုန်းကန်ကူးခတ်ရင်း စာရေးဆရာမ မဖြစ်ဖြစ်အောင် ဇွဲနပဲနဲ့ကြိုးစားခဲ့ရှာတယ်။

အဲဒီ ၁၀ နှစ် ခရီးကြမ်းကိုပြန်ပြောတိုင်း မျက်ရည်ဝဲရတယ်။ အနင်းခံရတဲ့စပါး သန်တယ်။ ဒုက္ခသောကတွေကို အရှုံးမပေးဘဲ ဒူးမထောက်၊ လက်မမြှောက် (ကူသူကယ်သူမရှိ) အသက် (၂၁) နှစ်မှ (၃၂) နှစ်အကြား မုန်တိုင်းထန်တဲ့ခရီးမှာ လဲပြိုနစ်မြုပ်မသွားအောင် အားတင်းရုန်းကန်ခဲ့ရတာပါ။

ခုရေတွင်းတူး၊ ခုရေကြည်သောက်ချင်လို့တော့ မရနိုင်ဘူး။ အချိန်အတိုင်းအတာတစ်ခုကိုတော့ ဇွဲရှိရှိနဲ့ ကိုယ့်ရည်မှန်းချက်မပျောက်ဘဲ အဆက်မပြတ် နေ့စဉ်ရက်ဆက်၊ အစဉ်တစိုက်၊ ကြားကွက်လပ်မရှိစေရ “ဝီရိယာဓိပတိ”စတဲ့ အဓိပတိတရားတွေနဲ့ ပါရမီကံ ပြုလုပ်ရပေတယ်။

သူရေးသမျှ ဟယ်ရီပေါ်တာဝတ္ထုရှည် ခုနစ်အုပ်က ကမ္ဘာ့ဘာသာစာပေ ၈၅ မျိုးနဲ့ ထုတ်ဝေဘာသာပြန်ရတယ်။ အင်္ဂလိပ်လို ထုတ်ဝေတာတင် စောင်ရေသန်းပေါင်း ၆၀၀ ကျော်နေပြီ။ ရုပ်ရှင်ဇာတ်ကားရိုက်ကူးပြသလို့ စာမူခရတာလည်း ဝင်ငွေချမ်းသာကြွယ်ဝစေခဲ့ပြီ။ ကမ္ဘာ့စာအုပ်စာပေသမိုင်းမှာ အရောင်းရဆုံးစာရေးဆရာမ J.K.Rowling ဂျေကေရိုလင်းဆိုတာသူပါပဲ။ ဒါဟာ လွယ်လွယ်တော့ရတာ မဟုတ်ပါ။ ကံစီမံရာ။ သူအလုပ်ကြိုးစားခဲ့လို့ အောင်မြင်တာပါပဲ။ ။

# (၂၄) ကြိမ်မြောက် အာဆီယံငွေရေးကြေးရေးပေါင်းစည်းရေးဆိုင်ရာ အဆင့်မြင့်ကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၈**

(၂၄) ကြိမ်မြောက် အာဆီယံငွေရေးကြေးရေးပေါင်းစည်းရေးဆိုင်ရာ အဆင့်မြင့်ကော်မတီ အစည်းအဝေး (24th ASEAN Senior Level Committee– SLC on Financial Integration) ကို ယနေ့ နံနက် ၇ နာရီတွင် Hybrid Format ဖြင့် ကျင်းပရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင်တက်ရောက်သည်။




**တင်ပြ**

ဦးစွာ ပူးတွဲသဘာပတိများ ဖြစ်ကြသည့် စင်ကာပူနိုင်ငံငွေကြေးအာဏာပိုင်အဖွဲ့နှင့် လာအိုနိုင်ငံဗဟိုဘဏ်တို့မှ ဒုတိယဥက္ကဋ္ဌများက အဖွင့်အမှာစကားပြောကြားကြပြီး အာဆီယံ+၃ မေခရိုစီးပွားရေးသုတေသနရုံး (ASEAN+3 Macroeconomic Research Office – AMRO) နှင့် အာရှဖွံ့ဖြိုးရေးဘဏ် (Asian Development Bank– ADB) တို့မှ လတ်တလော မေခရိုစီးပွားရေးအခြေအနေများ၊ ကမ္ဘာ့တစ်ဝန်းနှင့် ဒေသတွင်းဆိုင်ရာ ငွေရေးကြေးရေး ဖွံ့ဖြိုးတိုးတက်မှုနှင့်စပ်လျဉ်း၍ တင်ပြကြသည်။

ဆက်လက်၍ အာဆီယံနိုင်ငံများအချင်းချင်း သတင်းအချက်အလက်အပြန်အလှန် ချိတ်ဆက်နိုင်သော မူဘောင် (ASEAN Interoperable Data Framework) နှင့် အာဆီယံနိုင်ငံများအချင်းချင်း ငွေပေးချေမှုစနစ်များ ချိတ်ဆက်မှုအစီအစဉ် (ASEAN Multilateral Payments Connectivity Initiative) တို့နှင့်စပ်လျဉ်းသည့် တိုးတက်မှုအခြေအနေများကို သက်ဆိုင်သည့် လုပ်ငန်းကော်မတီများမှ ရှင်းလင်းတင်ပြကြသည်။

အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပရာ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ အာဆီယံငွေရေးကြေးရေးပူးပေါင်းဆောင်ရွက်မှုအတွက် ဦးစားပေးဆောင်ရွက်လျက်ရှိသည့် အကြောင်းအရာများ၊ တိုးတက်မှုနှင့် အာဆီယံစီးပွားရေးအသိုက်အဝန်း (ASEAN Economic Community–AEC) လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ အာဆီယံဘဏ်လုပ်ငန်း ပေါင်းစည်းရေးမူဘောင် (ASEAN Banking Integration Framework–ABIF)၊ ငွေလုံးငွေရင်းစာရင်း ပိုမိုလွတ်လပ်ခွင့်ပြုရေး (Capital Account Liberalization–CAL)၊ အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်မှု (Capital Market Development–CMD)၊ အားလုံးပါဝင်သော ငွေရေးကြေးရေးကဏ္ဍ (Financial Inclusion–FINC)၊ ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ လွတ်လပ်ခွင့်ပြုရေး (Financial Services Liberalization–FSL)၊ ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ် (Payment and Settlement System–PSS)၊ စွမ်းရည်မြှင့်တင်ရေးကြီးကြပ်ထိန်းကျောင်းမှု ကော်မတီ (Steering Committee on Capacity Building – SCCB) တို့နှင့် စပ်လျဉ်း၍ နောက်ဆုံးတိုးတက်မှုကို လုပ်ငန်းကော်မတီအသီးသီးမှ ရှင်းလင်းတင်ပြရာ ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌများက လမ်းညွှန်မှုများ ပြုကြသည်။

ထို့နောက် အဆင့်မြင့်ကော်မတီလုပ်ငန်းအဖွဲ့၏ ပူးတွဲသဘာပတိများက ရေရှည်တည်တံ့ခိုင်မြဲပြီး အကျပ်အတည်းဖြစ်ပေါ်မှုဒဏ်ကို ခံနိုင်ရည်ရှိစေရေး အထောက်အကူပြုဘဏ္ဍာငွေ (Sustainable Finance) နှင့်စပ်လျဉ်း၍ လည်းကောင်း၊ မလေးရှားနိုင်ငံဗဟိုဘဏ်က အာဆီယံဒေသတွင်း ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ခံနိုင်ရည်ရှိမှုနှင့် သတင်းအချက်အလက်များ မျှဝေခြင်းအစီအစဉ် (ASEAN Cybersecurity Resilience and Information Sharing Platform–CRISP)နှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် အာဆီယံငွေကြေးဖလှယ်မှု အစီအစဉ်နှင့်စပ်လျဉ်း၍ နောက်ဆုံး တိုးတက်မှုအခြေအနေ (Update on ASEAN Swap Arrangement– ASA) ကို ဖိလစ်ပိုင်နိုင်ငံဗဟိုဘဏ်ကလည်းကောင်း၊ အာဆီယံငွေရေးကြေးရေးပေါင်းစည်းရေး အဆင့်မြင့်ကော်မတီဆိုင်ရာအချက်များ (Terms of Reference –TOR) နှင့်စပ်လျဉ်း၍ စင်ကာပူ ငွေကြေးအာဏာပိုင်အဖွဲ့ကလည်းကောင်း တင်ပြကြရာ ဒုတိယဥက္ကဋ္ဌများက လမ်းညွှန်မှုများ ပြုလုပ်ကြသည်။ ယင်းနောက် အစည်းအဝေး ပူးတွဲသဘာပတိများက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

■

## သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများလှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၁၈**

မြန်မာနိုင်ငံစာရေးဆရာအသင်းက ၁၃၈၄ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့ အထိမ်းအမှတ် (၃၅) ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် စေတနာရှင်များက အလှူငွေများ ဆက်လက်လှူဒါန်းကြရာ ဦးမြင့်စိုး (စာရေးဆရာ မြင့်စိုး–နတလ)က အလှူငွေကျပ်သုံးသိန်း၊ ဦးဝေလွင် (စာရေးဆရာ ဝေလွင်မောင်)က ငွေကျပ်နှစ်သိန်း၊ ဒေါက်တာအေးမင်း(ဒေါက်တာအောင်ထက် ဆေး–၁) မိသားစုနှင့် ဦးသန်းဝင်း(မင်းယဉ်စု)မိသားစုတို့က ငွေကျပ်တစ်သိန်းစီ၊ စာရေးဆရာကြီး ကပ္ပတိန်သာစိန်မိသားစုက ငွေကျပ်ခုနစ်သောင်း၊ မရမ်းကုန်းမြို့နယ်စာရေးဆရာအသင်းနှင့် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ်ငါးသောင်းစီ၊ ဦးထင်ကျော်မိုး (မြေလတ်ထင်ကျော်မိုး)မိသားစုက ငွေကျပ်နှစ်သောင်း ပေးအပ်လှူဒါန်းကြရာ အသင်းအတွင်းရေးမှူး ဦးညွန့်တင် (မောင်ငြိမ်းသူ–ကြို့ပင်ကောက်) နှင့် တာဝန်ရှိသူများကလက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားသည်။

အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာရေးဆရာအသင်း အမှတ် (၁၇၃/၁၇၅) ပန်းဆိုးတန်းလမ်း (အလယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း–၀၁–၂၅၂၄၁၇၊ ၀၉–၄၅၀၀၉၀၄၈၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**




## ရုရှားဖက်ဒရေးရှင်းနိုင်ငံ The Republic of Buryatia, Ulan-Ude တွင် ကျင်းပမည့် ပထမအကြိမ် အပြည်ပြည်ဆိုင်ရာအရှေ့ဖျားသိပ္ပံနှင့်အဏုမြူရောင်ခြည်နည်းပညာဖြင့် ရောဂါရှာဖွေကုသရေး လက်တွေ့လေ့ကျင့်ရေးဆိုင်ရာဆွေးနွေးပွဲသို့ မြန်မာနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ တက်ရောက်မည်

**နေပြည်တော် အောက်တိုဘာ ၁၈**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ The Republic of Buryatia, Ulan–Ude တွင် ကျင်းပမည့် ပထမအကြိမ် အပြည်ပြည်ဆိုင်ရာ အရှေ့ဖျားသိပ္ပံနှင့် အဏုမြူရောင်ခြည်နည်းပညာဖြင့် ရောဂါရှာဖွေကုသရေး လက်တွေ့လေ့ကျင့်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ရန် ကာကွယ်ရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ အထူးကုဆရာဝန်ကြီး ငါးဦးတို့သည် ယနေ့ ညနေ ၄ နာရီခွဲတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှတစ်ဆင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ထွက်ခွာသွားကြောင်း သိရသည်။



အဆိုပါ ဆွေးနွေးပွဲသည် နိုင်ငံတော်ဝန်ကြီးချုပ်၏ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ အလုပ်သဘောခရီးစဉ်အတွင်း တွေ့ဆုံဆွေးနွေးမှုအရ ဖိတ်ကြားလာခြင်းဖြစ်ပြီး မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများမှ အထူးကုဆရာဝန်များတက်ရောက်၍ အဏုမြူရောင်ခြည်နည်းပညာဖြင့် ရောဂါရှာဖွေကုသရေး ပညာရပ်များကို ညှိနှိုင်း ဆွေးနွေးကြမည့်အပြင် နိုင်ငံတကာမှ ပညာရှင်များနှင့် အတွေ့အကြုံများ ဖလှယ်မည်ဖြစ်ပါသဖြင့် မိမိနိုင်ငံအတွင်း အဏုမြူရောင်ခြည်နည်းပညာဖြင့် ကင်ဆာရောဂါ ရှာဖွေကုသရေးဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအတွက် အထောက်အကူများစွာရရှိနိုင်ပြီး နိုင်ငံတကာမှ အတွေ့အကြုံကောင်းများ ပြန်လည်မျှဝေပေးနိုင်မည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

### မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် အောက်တိုဘာ ၁၈**

စစ်ကိုင်း တိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

# ဂျပန်နိုင်ငံရှိ ဘဏ္ဍာရေးအဖွဲ့အစည်းများ ဆိုက်ဘာတိုက်ခိုက်မှုတုံ့ပြန်ရေးလေ့ကျင့်မှု စတင်ဆောင်ရွက်

**တိုကျို အောက်တိုဘာ ၁၈**

ဂျပန်နိုင်ငံရှိ အစိုးရရုံးများနှင့် စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများအား ဆိုက်ဘာတိုက်ခိုက်မှုမှ ကာကွယ်ရေးအတွက် ဂျပန်နိုင်ငံဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းအေဂျင်စီ၏ကြီးကြပ်မှုဖြင့် ဘဏ္ဍာရေးဆိုင်ရာ အဖွဲ့အစည်း ၁၆၀ ခန့်က ဆိုက်ဘာတိုက်ခိုက်မှု တုံ့ပြန်ရေးလေ့ကျင့်မှုကို ယနေ့စတင်လေ့ကျင့် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အောက်တိုဘာ ၁၈ ရက်တွင် စတင်ဆောင်ရွက်သည့် ၎င်းဆိုက်ဘာတိုက်ခိုက်မှုတုံ့ပြန်ရေးလေ့ကျင့်မှုသည် ရက်သတ္တတစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ လက်ရှိအချိန်တွင် ဂျပန်နိုင်ငံအတွင်းနှင့် ပြည်ပတွင် ဆိုက်ဘာတိုက်ခိုက်မှုများ အများအပြား ဖြစ်ပွားလျက်ရှိနေပြီး ပြစ်မှုကျူးလွန်သည့် နည်းလမ်းများမှာလည်း များပြားကြောင်း ဆိုက်ဘာလုံခြုံရေးမူဝါဒဆိုင်ရာရုံးမှ ညွှန်ကြားရေးမှူး ဆာတိုတက်ဆူယိုရှီက ပြောကြားသည်။

နိုင်ငံအတွင်းရှိ ဘဏ္ဍာရေးဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် ယခုဆောင်ရွက်သည့် ဆိုက်ဘာတိုက်ခိုက်မှုတုံ့ပြန်ဆောင်ရွက်ရေး လေ့ကျင့်မှုမှ ဆိုက်ဘာတိုက်ခိုက်မှု တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းများကို အများအပြားသိရှိနိုင်ပြီး လက်တွေ့လုပ်ငန်းနယ်ပယ်တွင် အသုံးချသွားနိုင်မည်ဟု ၎င်းက ပြောကြားသည်။

၎င်းဆိုက်ဘာတိုက်ခိုက်မှုတုံ့ပြန်ဆောင်ရွက်ရေး လေ့ကျင့်မှုတွင် ပါဝင်ဆောင်ရွက်သည့်ဘဏ်များနှင့် ဘဏ္ဍာရေးဆိုင်ရာ အဖွဲ့အစည်းများကလည်း လေ့ကျင့်မှုအတွင်း မိမိတို့၏ဘဏ်များနှင့် အဖွဲ့အစည်းများအား ဆိုက်ဘာတိုက်ခိုက်မှုမှကာကွယ်ရေး ကနဦးပြင်ဆင်ဆောင်ရွက်မှုများကို အသီးသီးရှင်းလင်းခဲ့ကြောင်း သိရသည်။

ဂျပန်နိုင်ငံ၌ ၂၀၂၁ ခုနှစ်အတွင်း အစိုးရရုံးများနှင့် စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများအား ဆိုက်ဘာတိုက်ခိုက်မှု ၁၂၂၀၉ ကြိမ် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**

**ဘာသာပြန်- စိုးသူရ**



# ရုရှားနိုင်ငံ၌ တိုက်လေယာဉ်ပျက်ကျမှုကြောင့် ၁၃ ဦး သေဆုံး

**မော်စကို အောက်တိုဘာ ၁၈**

ရုရှားနိုင်ငံတောင်ပိုင်း၌ အောက်တိုဘာ ၁၇ ရက်ညနေပိုင်းက Su-34တိုက်ခိုက်ရေးဂျက်လေယာဉ် ပျက်ကျမှုကြောင့် သေဆုံးသူ ၁၃ ဦး ရှိလာကြောင်း တီအေအက်စ်အက်စ်သတင်းအေဂျင်စီက ယနေ့တွင် သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါ တိုက်လေယာဉ်ပျက်ကျမှုကြောင့် သေဆုံးခဲ့သည့် ၁၃ ဦးထဲတွင် ကလေးငယ်သုံးဦးပါဝင်ကြောင်း အရေးပေါ်အခြေအနေဆိုင်ရာ ဝန်ကြီးဌာန၏ပြောကြားချက်ကို ကိုးကား၍ တီအေအက်စ်အက်စ် သတင်းအေဂျင်စီက သတင်းဖော်ပြခဲ့သည်။

ထို့ပြင် တိုက်လေယာဉ်ပျက်ကျမှု ဖြစ်ပွားပြီးနောက် ဒဏ်ရာရရှိခဲ့သူ ၁၉ ဦးကိုလည်း ဆေးဝါးကုသမှုခံယူရန် ဆေးရုံများသို့ ပို့ဆောင်ထားကြောင်းနှင့် တိုက်လေယာဉ်ပျက်ကျမှုဖြစ်ပွားရာ နေရာဖြစ်သည့် ရေးစ်မြို့မှ လူပေါင်း ၃၆၀ ကိုလည်း ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးထားကြောင်း ရုရှားမီဒီယာများက သတင်းဖော်ပြထားသည်။

အဆိုပါ Su-34 တိုက်ခိုက်ရေးဂျက်လေယာဉ်သည် ပျံတက်စဉ်အတွင်း အင်ဂျင်မီးလောင်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း လေယာဉ်အမှုထမ်းများက သတင်းပေးပို့ခဲ့ပြီး လေယာဉ်မီးလောင်ပေါက်ကွဲပြီးနောက် အနီးအနားရှိ ကိုးထပ်အဆောက်အအုံပေါ်သို့ ကူးစက်လောင်ကျွမ်းခဲ့ကြောင်းနှင့် လေယာဉ်ပျက်ကျရသည့် အကြောင်းအရင်းနှင့်စပ်လျဉ်း၍ ရုရှားအာဏာပိုင်များက စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်- အလင်းသစ်**

# ယူဂန္ဓာနိုင်ငံ၌ အီဘိုလာရောဂါကြောင့် သေဆုံးသူ ၂၄ ဦး ရှိလာ

**ကန်ပါလာ အောက်တိုဘာ ၁၈**

ယူဂန္ဓာနိုင်ငံ၌ အီဘိုလာရောဂါကြောင့် သေဆုံးသူ ၂၄ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ နိုင်ငံအတွင်း ပြီးခဲ့သည့်ရက်များအတွင်းက အီဘိုလာရောဂါကြောင့် ငါးဦးသေဆုံးခဲ့သည်။

နိုင်ငံအတွင်း လက်ရှိအချိန်တွင် အီဘိုလာရောဂါကူးစက်ခံရသူ ၆၀ ရှိပြီး ရောဂါမှပြန်လည်ကျန်းမာလာသူ ၂၄ ဦးရှိကြောင်း သိရသည်။ လက်ရှိအချိန်တွင် နိုင်ငံအတွင်းရှိ မူဗန်ထီဒေသနှင့် ကက်စန်တာဒေသများတွင် အီဘိုလာရောဂါကူးစက်မှု ထိန်းချုပ်ရေးအတွက် အသွားအလာကန့်သတ်ခြင်းအပါအဝင် ညမထွက်ရအမိန့် ထုတ်ပြန်ထားကြောင်း သိရသည်။

မြို့တော်ကန်ပါလာတွင်လည်း အီဘိုလာရောဂါထိန်းချုပ်ရေးအတွက် တုံ့ပြန်ဆောင်ရွက်မှုများကို ဆောင်ရွက်နေကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်- စိုးသူရ**

■

# ရာသီဥတုပြောင်းလဲမှုများကို ကောင်းစွာမထိန်းသိမ်းနိုင်ပါက ၂၀၉၀ ပြည့်နှစ်တွင် သမုဒ္ဒရာများ၏အပူချိန် လေးဆခန့်မြင့်တက်လာနိုင်

**ဝယ်လင်တန် အောက်တိုဘာ ၁၈**

လက်ရှိအချိန်တွင် ကမ္ဘာပေါ်တွင်ဖြစ်ပွားနေသည့် ရာသီဥတုပြောင်းလဲမှုများကို ကောင်းစွာမထိန်းသိမ်းနိုင်ပါက ၂၀၉၀ ပြည့်နှစ်တွင် ကမ္ဘာပေါ်ရှိ သမုဒ္ဒရာများ၏အပူချိန် လေးဆခန့်မြင့်တက်လာနိုင်ကြောင်း သြစတြေးလျနိုင်ငံမှ သုတေသီများက ပြောကြားသည်။



ထိုကဲ့သို့ဖြစ်လာပါက ကမ္ဘာပေါ်ရှိသက်ရှိများအတွက် ဆိုးရွားသည့်အကျိုးဆက်များ ဖြစ်လာနိုင်သဖြင့် သမုဒ္ဒရာများ၏အပူချိန် လျှော့ချရေးအတွက် စနစ်တကျစီမံဆောင်ရွက်သွားရမည်ဟု Nature Reviews ဂျာနယ်က ပြောကြားသည်။ လက်ရှိအချိန်တွင် ပါရီရာသီဥတုဆိုင်ရာ သဘောတူညီချက်အတိုင်း ကမ္ဘာ၏အပူချိန်ကို ၂ ဒီဂရီဆဲလ်ဆီးရပ်အထိ လျှော့ချသွားနိုင်မည်ဆိုပါက ၂၀၃၀ ပြည့်နှစ်အရောက်တွင် ကမ္ဘာပေါ်ရှိ သမုဒ္ဒရာများ၏အပူချိန်ကို လျှော့ချသွားနိုင်မည်ဟု အောက်ကလန်တက္ကသိုလ်မှ သုတေသီများနှင့် ပြင်သစ်၊ တရုတ်၊ ဗြိတိန်နိုင်ငံများမှ သုတေသနအင်စတီကျူများက ပြောကြားသည်။ လူသားများသည် လေထုထဲသို့ ဖန်လုံအိမ်ဓာတ်ငွေ့များကို စွန့်ထုတ်ရာမှ ကမ္ဘာမြေကြီးပူနွေးမှုဖြစ်လာပြီး ၎င်းအပူများသည် သမုဒ္ဒရာများထဲတွင် အဆုံးသတ်ကြကြောင်း သိရသည်။

ထို့ပြင် သမုဒ္ဒရာများ ပူနွေးလာခြင်းကြောင့် ကမ္ဘာပေါ်ရှိရာသီဥတုအခြေအနေများနှင့် စားနပ်ရိက္ခာထုတ်လုပ်မှုဖြစ်စဉ်များတွင် အကျိုးသက်ရောက်မှုများ ရှိကြောင်း သိရသည်။ သမုဒ္ဒရာများ ပူနွေးလာမှုကြောင့် ကမ္ဘာ၏တစ်ဖက်ခြမ်းတွင် ရေကြီးခြင်း၊ မိုးခေါင်ရေရှားခြင်းနှင့် ခြောက်သွေ့ခြင်းများ ဖြစ်လာချိန်တွင် အခြားတစ်ဖက်တွင် မိုးရွာသွန်းမှုများပြားခြင်းနှင့် စိုစွတ်ခြင်းတို့ဖြစ်လာကြောင်း သိရသည်။

သမုဒ္ဒရာများ ပူနွေးလာမှုကြောင့် ကမ္ဘာပေါ်ရှိ ဂေဟစနစ်ကိုလည်း အကျိုးသက်ရောက်ခြင်းများ ရှိကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်- စိုးသူရ**

# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၃၂၄၈ ဦး ထပ်မံတွေ့ရှိ

**ဆိုးလ် အောက်တိုဘာ ၁၈**

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၃၂၄၈ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၂၅၁၆၄၆၉၅ ဦးရှိလာကြောင်း တောင်ကိုရီးယားကျန်းမာရေးအာဏာပိုင်များက ယနေ့တွင် ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအနက် ၈၇ ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအနက်မှ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ကျန်ရှိသူများသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်း သိရသည်။

ထို့ပြင်တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ခြောက်ဦးထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၂၈၈၅၆ ဦးရှိလာကြောင်း တောင်ကိုရီးယားကျန်းမာရေးအာဏာပိုင်များက ပြောကြားသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူအရေအတွက်သည် တောင်ကိုရီးယားနိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း၏ သုည ဒသမ ၁၁ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်- အလင်းသစ်**



# မြန်မာနိုင်ငံလုံးဆိုင်ရာထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသသာသနာနုဂ္ဂဟအသင်း(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

၂၀၂၂ ခုနှစ် အောက်တိုဘာလ ၁၈ ရက်

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်တောင်ခြေ ကင်မွန်းချောင်း တောင်တက်ကားဂိတ်တွင် အောက်တိုဘာလ ၁၂ ရက်နေ့ နံနက်ပိုင်း၌ KNLA တပ်မဟာ(၁)နှင့် NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ရက်စက်စွာ လာရောက်ပစ်ခတ်မှုကြောင့် ဘုရားဖူးပြည်သူသုံးဦး သေဆုံးပြီး ၁၉ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သတင်းများကို စိတ်မချမ်းမြေ့ဖွယ်ရာ ကြားသိရပါသည်။

ယခုအချိန်သည် သီတင်းကျွတ်ကာလဖြစ်ခြင်း၊ ဒေသအားဖြင့် မြန်မာနိုင်ငံသားများသာမက ပြည်ပမှ ထေရဝါဒဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထား၍ လာရောက်ဖူးမြော်ရာ ကျိုက်ထီးရိုးဆံတော်ရှင်စေတီတော်ဖြစ်ခြင်းတို့ကြောင့် ယခုအကြမ်းဖက်မှုသည် မြတ်ဗုဒ္ဓ၏ သာသနာတော်ထွန်းကားပြန့်ပွားရေးကိုပါ ထိခိုက်စေပါသည်။

ဗုဒ္ဓသာသနာတော်အကျိုးကို ဆယ်စုနှစ်တစ်ခုကျော် တစိုက်မတ်မတ် ထမ်းရွက်သယ်ပိုးလျက်ရှိသော မြန်မာနိုင်ငံလုံးဆိုင်ရာထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသသာသနာနုဂ္ဂဟအသင်း(ဗဟို)အနေဖြင့် ယခုအကြမ်းဖက်မှုကို လုံးဝလက်မခံနိုင်ကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့်
နယ်စပ်တောင်တန်းဒေသသာသနာနုဂ္ဂဟအသင်း(ဗဟို)

# နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ တရားမဝင်သစ် ၁၀၉ တန်ကျော် သိမ်းဆည်းရမိ

နေပြည်တော် အောက်တိုဘာ ၁၈

နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ တရားမဝင်သစ် ၁၀၉ ဒသမ ၉၈၁၄ တန် သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၀ ရက်မှ ၁၆ ရက်အထိ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင်ကျွန်း ၇၇ ဒသမ ၆၀၆၀ တန်၊ သစ်မာ ၂၇ ဒသမ ၆၅၈၂ တန်၊ အခြား ၄ ဒသမ ၇၁၇၂ တန် စုစုပေါင်း ၁၀၉ ဒသမ ၉၈၁၄ တန်၊ ယာဉ်/ယန္တရား ခုနစ်စီး၊ တရားခံငါးဦး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။



သတင်းစဉ်

# မအူပင်မြို့နယ်၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ရပ်မိရပ်ဖများ၊ ပြည်သူများ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပ

မအူပင် အောက်တိုဘာ ၁၈

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်၌ နယ်မြေစိုးမိုးရေးအတွက် စစ်ကြောင်းကြီးငါးကြောင်းဖြင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ကျေးရွာအတွင်းရှိ ရပ်မိရပ်ဖများ၊ ပြည်သူများတွေ့ဆုံပွဲကို ထနီးကျေးရွာအုပ်စု မထွေးချောင်းဓမ္မာရုံနှင့် စစ်ကိုင်းကျေးရွာအုပ်စု ပုညာနန္ဒကျောင်း ဓမ္မာရုံတို့၌ ယနေ့ကျင်းပသည်။



တွေ့ဆုံဆွေးနွေးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက တရားဥပဒေစိုးမိုးရေး၊ နယ်မြေလုံခြုံရေး၊ မူခင်းလျော့နည်းကျဆင်းရေး၊ နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းများ လွယ်ကူစွာပြုလုပ်နိုင်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေး စသည့်လုပ်ငန်းကိစ္စရပ်အသီးသီးအားသက်ဆိုင်ရာဌာနများအလိုက် ရှင်းလင်းဆွေးနွေးပြောကြားပြီး တက်ရောက်လာကြသည့် ပြည်သူများက သိရှိလိုသည်များအား မေးမြန်းရာ သက်ဆိုင်ရာ ဌာနအလိုက် ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။

**လှူဒါန်းပေးခဲ့**

အဆိုပါ တွေ့ဆုံပွဲသို့ မအူပင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတိုးတိုးဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့် ပြည်သူများ တက်ရောက်ကြပြီး တက်ရောက်လာသော ပြည်သူများအား ဆန်များလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် အောက်တိုဘာ ၁၈

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင် FM၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ **“မုံရွာမြို့အတွင်း PDF အမည်ခံအကြမ်းဖက်သမားများ၏ ရမ်းသမ်းပစ်ခတ်မှုကြောင့် သံဃာတော်တစ်ပါး ထိခိုက်ဒဏ်ရာရရှိပြီး အမျိုးသားနှစ်ဦးသေဆုံး”** ခေါင်းစဉ်ဖြင့် အောက်တိုဘာ ၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

အလားတူ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“ကျိုက်ထီးရိုးဆံတော်ရှင်စေတီတော်မြတ်ကြီး ကင်မွန်းချောင်းတောင်တက်ကားဂိတ်အား KNLA တပ်မဟာ(၁)နှင့် NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်မှုကြောင့် အပြစ်မဲ့ပြည်သူများ ထိခိုက်သေဆုံးသည့်ဖြစ်စဉ်”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉ ၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၉-၁၀-၂၀၂၂ ဗုဒ္ဓဟူးနေ့

### MRTV HD

| | |
|---|---|
| ၀၆:၀၀ | တောင်တန်းသာသနာပြုဆရာတော် ဘုရားကြီး၏ ပရိတ်တရားတော် (ဝဋ္ဋသုတ်) |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၃၅ | (၂၃)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ |
| ၀၉:၁၀ | စိုက်ပျိုးရေးရာအဖြေရှာ |
| ၀၉:၄၀ | ချစ်စရာ့ပန်းလွှန်(CBT) |
| ၁၀:၀၀ | သတင်းထဲကသတင်း |
| ၁၁:၃၀ | ရွှယ်စုံလင်အာဆီယံအစီအစဉ် |
| ၁၂:၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်ပန်းရနံ့လွင့်ပျံ့အမုန်း' (အပိုင်း-၁၉) |
| ၁၃:၁၀ | သီချင်းကြိုးပဒေသာ |
| ၁၃:၃၀ | MRTV National News |
| ၁၄:၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'အချစ်ဆိုသည်မှာ' (အပိုင်း-၁၃+၁၄) |
| ၁၅:၃၀ | မျိုးဂုဏ်တင့်စေဆိုကရေးတီးအမွေ |
| ၁၆:၃၅ | အသိပညာနှင့်အမှန်တရား |
| ၁၇:၂၅ | ခေတ်အလိုက်ကြေးမုံပြင် |
| ၁၇:၄၀ | မြို့တော်နေပြည်တော်က ကျောက်စိမ်းဥယျာဉ် |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၃၅ | (၃၈)ဗြာမဂ်လာ (ဦးနန်းဝင်းရေးသားပူဇော်တင်ဆက်သည်) 'သဝဏ္ဏနဥဒသန်' |
| ၁၉:၁၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်ပန်းရနံ့လွင့်ပျံ့အမုန်း' (အပိုင်း-၂၇) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | သံစဉ်ချိုမြမြန်မာတေးအလှ |
| ၂၁:၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'အချစ်ဆိုသည်မှာ' (အပိုင်း-၄၀) (ဇာတ်သိမ်းပိုင်း) |

### mitv

| | |
|---|---|
| 07:02 | Evergreen Classic: Te Ja Su Ne Ma (Tekkatho Lei Lei) |
| 07:10 | Myanmar Traditional Cart Business |
| 07:31 | Myanmar Guitarist |
| 07:54 | Kid's Home |
| 08:01 | News |
| 08:28 | Ancient Historical Kakku Pagoda |
| 08:36 | Reflected Glory |
| 09:01 | Myanmar Traditional Instruments (MYANMA OBOE) |
| 09:27 | Myanmar Puppeteers (Zawgyi Dance) |
| 09:36 | Let's Taste Delicious Insects: Choice Mixed Insects and Lettuce Salad & Red Ant and Soy Bean Paste Curry |
| 09:55 | The Art of Making Paper Toys |
| 10:01 | News |
| 10:27 | Unique Art of Stucco Work |
| 10:44 | Myanmar Invites You |
| 11:01 | Graffiti: Character Art |

### MRTV NRC

**အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
မုလအိ(အပိုင်း-၁)

**ချင်း(လိုင်စိုး) (၀၇:၀၀ မှ ၀၈:၀၀)**
ပြောင်းပူးခြောက်ပြုတ်နည်း

**ချင်း(ချို) (၀၈:၀၀ မှ ၀၉:၀၀)**
ဘုံတလာရေတံခွန်အကြောင်း

**မွန် (၀၉:၀၀ မှ ၁၁:၀၀)**
အလှဖြာဝေရာမည်မြေ

**ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)**
ကေန့်ပျိုင်နှင့်ရွှေဖရုံသီးချက်

**ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)**
လူသားတို့ရဲ့ကျေးဇူးရှင်(ပျား)

**ဝ (၁၅:၀၀ မှ ၁၇:၀၀)**
ခေါက်ဆွဲချက်ပြုလုပ်နည်း

**ကချင် (၁၇:၀၀ မှ ၁၉:၀၀)**
ပူတာအိုသို့အလည်တစ်ခေါက်

**ကယား (၁၉:၀၀ မှ ၂၁:၀၀)**
ကယားမျိုးနွယ်စုတို့ရဲ့ဝတ်စားဆင်ယင်မှု

**ပအိုဝ်းကရင် (၂၁:၀၀ မှ ၂၂:၀၀)**
မြောင်းမြမုန့်ဟင်းခါးချက်စားရအောင်

**အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ကရင်စာပေစကားပြောကြရအောင် (အပိုင်း-၆)

### MRTV NEWS

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၈:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၀၈:၃၅ | ချစ်စရာ့....ပန်းလွှန် |
| ၀၉:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၁၁:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၁၄:၀၀ | MRTV National News |
| ၁၅:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၁၇:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၁၉:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၂၀:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၂၁:၀၀ | ပြည်တွင်းသတင်း(LIVE) |

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အုပ်ထိန်းခွင့်ဆိုင်ရာဥပဒေ' |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ |
| ၁၀:၃၀ | ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း(အပိုင်း-၁) |
| ၁၁:၀၀ | PR SYSTEM (အပိုင်း-၁) |
| ၁၁:၃၀ | အတွေးအမြင် (အပိုင်း-၁) |

### MRTV FARMERS'

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက် |
| ၀၆:၀၂ | တောင်သူလယ်သမားရေးရာသတင်း |
| ၀၇:၀၀ | ကြံဖတ်မှသည်ကုန်ချောနှစ်မျိုးဆီသို့ |
| ၀၇:၃၀ | အသားတိုးကြက်မွေးမြူရေးမှသည် ကျေးလက်ပြည်သူများဝင်ငွေတိုးပွားရေးဆီသို့ |
| ၀၇:၅၀ | ပြည်ထောင်စုနယ်မြေမှနေချင်စဖွယ်ကျေးရွာများ |
| ၀၈:၂၀ | ခေတ်မီအရည်အသွေးကောင်းရောင်းပန်းလှ |
| ၀၉:၂၀ | လူသားနှင့်ကမ္ဘာဘေးကင်းစေဖို့ဇဏစနစ်ဖြင့်မောင်းနှင်ကြပါစို့ |
| ၀၉:၂၀ | အစားထိုးသီးနှံစိုက်ပျိုးရေး မျိုးစေ့မျိုးပင်ပံ့ပိုးကူညီပေး |

### MRTV SPORTS

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၃၀ | အခြေခံအားကစားနည်းစနစ်များ |
| ၀၇:၀၀ | Sports News |
| ၀၇:၃၀ | Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review |
| ၀၇:၄၅ | အားကစားလောကထဲက သူတို့အကြောင်း |
| ၀၈:၀၀ | ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ်ဘောလုံးပွဲစဉ်များ |
| ၂၀:၀၀ | ပြည်တွင်းသတင်း |

Education Channel ကို နေ့စဉ်နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# မြန်မာနိုင်ငံက ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်တင်ပို့ရာ၌ ဆန်အရည်အသွေးကို ကြပ်မတ်စစ်ဆေးမှုဖြင့် တောင်သူ၊ စက်ပိုင်၊ ကုန်သည်နှင့် ကုမ္ပဏီများ အဆင်ပြေသော နှစ်တစ်နှစ်အဖြစ် ရပ်တည်



**ရန်ကုန် အောက်တိုဘာ ၁၈**

မြန်မာနိုင်ငံက ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ကုမ္ပဏီ ၃၀ ကျော်မှ ဆန်တင်ပို့လျက်ရှိရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက ပြည်ပပို့ကုန် ဆန်အရည်အသွေးကို စစ်ဆေးကြပ်မတ်မှုဖြင့် မြန်မာ့ဆန်အရည်အသွေးကို ထိန်းချုပ်နိုင်မှုကြောင့် ယခုနှစ်ပြည်ပသို့ ဆန်တင်ပို့မှုတွင် စိုက်ပျိုးတောင်သူ၊ စက်ပိုင်၊ ကုန်သည်နှင့် ကုမ္ပဏီများ အဆင်ပြေသော နှစ်တစ်နှစ်အဖြစ် ရပ်တည်လျက်ရှိကြောင်း သိရသည်။

ယခင်က ကုမ္ပဏီများစုပေါင်း၍ ပြည်ပသို့ ဆန်တင်ပို့ရာ၌ အရည်အသွေးလျော့သော ဆန်များ ရောနှောပါဝင်တတ်မှုကြောင့် အရည်အသွေးကောင်းတင်ပို့သောကုမ္ပဏီများ နစ်နာမှုများစွာကြုံတွေ့ခဲ့ရပြီး ယခုအခါ သက်ဆိုင်ရာ ဝန်ကြီးဌာနက ကြပ်မတ်ဆောင်ရွက်မှုဖြင့် တင်ပို့သောဆန်အိတ်အတွင်း ကုမ္ပဏီအမှတ်တံဆိပ်ကို ထည့်သွင်းထားခြင်း၊ ဆန်အရည်အသွေး အထူးဂရုပြုစစ်ဆေးခြင်းနှင့် ထွက်ရှိသော ဆန်များမှာ ကြိတ်ခွဲရန် ကောင်းမွန်သော တန်းမြင့်ဆန်များဖြစ်ခြင်းတို့ကြောင့် ဘင်္ဂလားဒေ့ရှ်အပါအဝင် ပြည်ပပို့ကုန်ဆန်များ အရည်အသွေးကောင်းမွန်သည့်အတွက် ဆန်တင်ပို့မှုတွင် ပို့ကုန်ကဏ္ဍ မြင့်တက်လာခြင်းဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့/အနောက်)၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မိုးစပါးများထွက်ရှိပြီဖြစ်ရာ သက်ရင့်မျိုးဖြစ်သော ရတနာတိုးနှင့် မနေသုခ ပြည်တွင်းဈေးကွက်အတွင်း အဝင်များ၍ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ဘုရင့်နောင်ဆန်စပါးကုန်စည်ဒိုင်သို့ ဆင်းသုခနှင့် ရတနာတိုး တစ်ရက်လျှင် ဆန်အိတ် တစ်သိန်းခန့် ဝင်ရောက်လျက်ရှိပြီး နယ်စုံမှ ထွက်ပေါ်လာသော မိုးစပါးတို့တွင် အချို့မှာ တစ်ဧက တင်းရာကျော်ထွက်နှုန်းကောင်းခဲ့ပြီး အချို့မှာ မိုးကြောင့် ထွက်နှုန်းလျော့မှုများရှိခဲ့သော်လည်း ပျမ်းမျှအားဖြင့် တစ်ဧကလျှင် တင်း ၇၀/၈၀ ထက် မလျော့ကြောင်း သိရသည်။ သက်ရင့်စပါးဖြစ်သော မနေသုခနှင့် ရတနာတိုးစပါးကို အောင်မြင်စွာ ရိတ်သိမ်းနိုင်ခဲ့ကာ ဥရောပဈေးကွက်ဝင် ကရင်မဆန်များ ဘုရင့်နောင်ကုန်စည်ဒိုင်သို့ အောက်တိုဘာလကုန်ပိုင်းတွင် လှိုင်လှိုင်ဝင်ရောက်လာမည်ဖြစ်သည်။

ဧရာဝတီတိုင်းဒေသကြီးမှ ထွက်ရှိသော ဆန်စပါးသုံးပုံနှစ်ပုံမှာ ရန်ကုန်မြို့ ကုန်စည်ဒိုင်များထက် ပုသိမ်ကုန်စည်ဒိုင်သို့တင်ပို့လျက်ရှိရာ ပြည်ပတင်ပို့ခွင့်ရရှိထားသော ကုမ္ပဏီများအနေဖြင့် ပုသိမ်မြို့မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တစ်ပိုင်တစ်နိုင် တိုက်ရိုက်တင်ပို့လျက်ရှိသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ဆန်အဝယ်လိုက်မှုကြောင့် ဝယ်ယူသော ဆန်အမျိုးအစားများ ပြည်တွင်းဈေးကွက်၌ အရောင်းအဝယ်ကောင်းလျက်ရှိပြီး ဝယ်ယူသွားသောဆန်အတွက် တစ်ပတ်၊ ၁၀ ရက် ငွေစောင့်ဆိုင်းရမှုမရှိဘဲ ငွေလက်ငင်းစနစ်ဖြင့် ဝယ်ယူရောင်းချနိုင်ခြင်း၊ ဆန်စပါးရောင်းဝယ်မှုတွင် ဘဏ်များနှင့် ချိတ်ဆက်ဆောင်ရွက်မှု အားကောင်းခြင်းတို့ကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်တင်ပို့ခွင့်ရရှိထားသော ကုမ္ပဏီ ၃၀ ကျော်မှာ ဈေးကွက်ခိုင်မာမှုကို ရရှိလျက်ရှိသည်။

“ဒီနှစ် ဆန်တင်ပို့ရောင်းချရာမှာ ငွေလက်ငင်းဈေးကွက်ပုံစံနဲ့ ရောင်းချရတာဖြစ်တဲ့အတွက် အားလုံးအဆင်ပြေကြတယ်။ ပြီးတော့ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကလည်း ပို့ကုန်ဆန်အရည်အသွေးကို ကြပ်မတ်စစ်ဆေးတယ်။ ပို့ကုန် ဆန်အိတ်တွေမှာ ကုမ္ပဏီအမှတ်အသားကို ထည့်ပေးထားတာကြောင့် တင်ပို့တဲ့နိုင်ငံမှာ တစ်ခုခုဖြစ်ရင် ဘယ်ကုမ္ပဏီဆိုတာ သိနိုင်အောင် ဝန်ကြီးဌာနက ဆောင်ရွက်ထားတဲ့အတွက် အရည်အသွေးကို ထိန်းချုပ်ပြီးသားဖြစ်စေပါတယ်။ မိုးစပါးအထွက်နှုန်းကောင်းပြီး ကြိတ်ခွဲလို့ရတဲ့ တန်းမြင့်ဆန်တွေ ပြည်ပကို တင်ပို့ခွင့်ရရှိတဲ့အတွက် ဒီနှစ်ဟာ တောင်သူကစပြီး ပို့ကုန်တင်ပို့တဲ့ ကုမ္ပဏီတွေအားလုံး အဆင်အပြေဆုံး နှစ်တစ်နှစ်လို့ဆိုရမှာပါ” ဟု ဘုရင့်နောင် ဆန်စပါးကုန်စည်ဒိုင်မှ အတွင်းရေးမှူး ဦးသန်းဦးက ပြောသည်။

ပြည်တွင်းစပါးဈေး အစိုတင်း ၁၀၀ လျှင် ငွေကျပ် ၁၀ သိန်း၊ အခြောက်တင်း ၁၀၀ လျှင် ငွေကျပ် ၁၂ သိန်း ရရှိသောကြောင့် စိုက်ပျိုးတောင်သူများ အဆင်ပြေခဲ့ပြီး ပြည်တွင်း ဆန်စပါးဝယ်ယူခြင်းနှင့် ပြည်ပပို့ကုန်တွင်လည်း အကျိုးအမြတ်ရရှိလျက်ရှိကာ ငွေကြေးကဏ္ဍတွင် ပို့ကုန်ပစ္စည်းများ သင်္ဘောတင်ပြီးပါက ထုတ်ယူနိုင်ရန် ဘဏ်များနှင့်ချိတ်ဆက်၍ စီမံဆောင်ရွက်ထားမှုကြောင့် ယမန်နှစ်ကဲ့သို့ ငွေကြေးအခက်အခဲများမရှိသည့်အတွက် Exporter များအနေဖြင့် ဆန်နှင့်ဆန်ကွဲကို တရုတ်၊ ဖိလစ်ပိုင်၊ ဘင်္ဂလားဒေ့ရှ်နှင့် ဥရောပနိုင်ငံအချို့သို့ တင်ပို့ရာ၌ အဆင်ပြေလျက်ရှိသည်။

**ညိမ်းသူ(သတင်းစဉ်)**
**ဓာတ်ပုံ-ကနူး**

# တရားမဝင် သစ်မျိုးစုံ၊ ထိန်းချုပ်ဓာတုပစ္စည်း၊ စားသောက်ကုန်ပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ယာဉ်နှင့် ယန္တရားအပိုပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၁၈**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၆ ရက်တွင် ကချင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တပ်မတော်ဦးဆောင်သောပူးပေါင်းအဖွဲ့က ကာမိုင်း-နန့်ယား-ဖားကန့်သွားလမ်းမပေါ်တွင် ယာဉ်စစ်ဆေးရေးဆောင်ရွက်နေစဉ် ယာဉ်တစ်စီးပေါ်၌ ထိန်းချုပ်ဓာတုပစ္စည်းများဖြစ်သည့် အမိုနီယမ်နိုက်ထရိတ်ဟုယူဆရသော အဖြူရောင်အစေ့ငယ်အိတ်များ ၂၄၈၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၈၀၀၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၂၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၆၈၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။





ကချင်ပြည်နယ်အတွင်း၌ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

ထို့အတူ အောက်တိုဘာ ၁၇ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရန်ကုန်တိုင်းဒေသကြီးရှိ ကုန်သေတ္တာစစ်ဆေးရေးစခန်းများတွင် တာဝန်ကျအကောက်ခွန်အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ Wilmar ဆိပ်ကမ်း၌ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေ ၂၃၀၅၄၂၉၅၈ ကျပ်) ကိုလည်းကောင်း၊ မြန်မာစက်မှုဆိပ်ကမ်းကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော Clear Float Glass များ (ခန့်မှန်းတန်ဖိုးငွေ ၆၆၅၂၉၂၄ ကျပ်) ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၂၃၇၁၉၅၈၈၂ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အောက်တိုဘာ ၁၇ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးမြို့နယ် အကောက်ခွန်ဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က မြဝတီမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် ယာဉ်တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းများ၊ ပြန်လည်ပြုပြင်ထားသည့် မော်တော်ယာဉ်နှင့် ယန္တရားအပိုပစ္စည်းများ၊ မော်တော်ယာဉ် ဆက်စပ်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၁၃၅၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် နောက်တွဲယာဉ်တစ်တွဲနှင့် Nissan Diesel Tractor Head တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းအရ လည်းကောင်း၊ အောက်တိုဘာ ၁၈ ရက်တွင် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် သာယာဝတီခရိုင်များအတွင်း တရားမဝင် သစ်မျိုးစုံ ၁၆ ဒသမ ၀၀၀၆ တန် (ခန့်မှန်းတန်ဖိုးငွေ ၆၅၃၂၄၃၂ ကျပ်) ကို သစ်တောဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၁၂၈၆၆၇၄၃၂ ကျပ်ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အောက်တိုဘာ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ် (တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော မော်တော်ယာဉ်နှစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ကြမ်းခင်းဖယောင်းပုဆိုး အလိပ် ၄၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀) နှင့် ဆောက်လုပ်ရေးသုံးပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၈၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၈၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ အောက်တိုဘာ ၁၆ ရက်၊ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၇ မှု (ခန့်မှန်းတန်ဖိုးငွေ ၄၀၅၂၄၃၃၁၄ ကျပ်) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

# မရမ်းကုန်းနှင့် တာချီလိတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၁၈**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၇ ရက် မွန်းလွဲ ၁ နာရီခွဲတွင် မရမ်းကုန်းမြို့နယ် အမှတ်(၇)ရပ်ကွက် ကမ္ဘာအေးဘုရားလမ်းတွင် မမို့မို့ထွန်း၊ ခင်ကျော်ဦး(ခ)ကျော်ဦး၊ မအိအိသဲ(ခ)အိတုန်တို့ကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မွန်းလွဲ ၂ နာရီခွဲတွင် ဒေါပုံမြို့နယ် ဗိုလ်ထွန်းဇံရပ်ကွက် မေတ္တာလမ်းနေ စိတ်ကြွရူးသွပ်ဆေးပြားများရောင်းချပေးသူ ကျော်ဆန်းဝင်း(ခ)ကျော်စွာကို ဖမ်းဆီးရမိခဲ့သည်။

ထိုနေ့ ညနေ ၆နာရီခွဲတွင် တာချီလိတ်မြို့ မယ်ခေါင်ရပ်ကွက် မယ်ခေါင်(၄)လမ်းတွင် ထူးထူးလွင် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၄၀၀၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၉-၁၀-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၇၀ | ၂၀၁၅ | ၂၀၁၀ | ၁၉၈၀ | ၂၀၁၅ | ၂၀၃၅ | ၂၀၂၅ | ၂၀၀၀ | ၂၀၉၅ | ၂၁၁၀ | ၂၀၀၅ | ၂၀၁၅ | ၂၀၅၀ | ၂၀၅၀ | ၂၀၅၅ | ၂၂၇၅ | ၂၇၇၀ |
| 95 Ron | ၂၀၄၀ | ၂၀၈၅ | ၂၀၈၅ | ၂၀၄၅ | ၂၀၈၅ | ၂၁၀၅ | ၂၀၉၀ | ၂၀၇၀ | ၂၁၆၅ | ၂၁၈၀ | ၂၀၇၅ | ၂၀၉၀ | ၂၁၂၀ | ၂၁၂၀ | ၂၁၂၅ | ၂၃၄၀ | ၂၈၅၅ |
| HSD (500 ppm) | ၂၇၀၅ | ၂၇၆၅ | ၂၇၆၀ | ၂၇၂၀ | ၂၇၆၀ | ၂၇၈၀ | ၂၇၈၀ | ၂၇၄၅ | ၂၈၆၀ | ၂၈၅၅ | ၂၇၅၅ | ၂၇၆၀ | ၂၇၉၅ | ၂၈၀၀ | ၂၈၀၀ | ၃၀၂၀ | ၃၄၈၅ |
| HSD (50 ppm) | ၂၇၉၀ | ၂၈၄၀ | ၂၈၃၅ | ၂၈၀၀ | ၂၈၃၅ | ၂၈၆၀ | ၂၈၅၅ | ၂၈၂၀ | ၂၉၃၅ | ၂၉၃၀ | ၂၈၃၀ | ၂၈၄၀ | ၂၈၇၀ | ၂၈၇၅ | ၂၈၇၅ | ၃၀၉၅ | ၃၅၂၀ |
| HSD (10 ppm) | ၂၇၉၀ | ၂၈၄၀ | ၂၈၃၅ | ၂၈၀၀ | ၂၈၃၅ | ၂၈၆၀ | ၂၈၅၅ | ၂၈၂၀ | ၂၉၃၅ | ၂၉၃၀ | ၂၈၃၀ | ၂၈၄၀ | ၂၈၇၀ | ၂၈၇၅ | ၂၈၇၅ | ၃၀၉၅ | ၃၅၂၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၇၂ | ၁၉၄၃ |
| 95 Ron | ၁၉၃၉ | ၂၀၁၁ |
| HSD (500 ppm) | ၂၅၉၈ | ၂၆၈၀ |
| HSD (50 ppm) | ၂၆၆၉ | ၂၇၅၂ |
| HSD (10 ppm) | ၂၆၆၉ | ၂၇၅၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## အမာမြို့ မျက်ခါးကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

အမာ အောက်တိုဘာ ၁၈

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများပူးပေါင်းလျက် ဖျာပုံမြို့နယ် အမာမြို့ ကျောင်းကုန်းကျေးရွာအုပ်စု မျက်ခါးကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများရှိ ပြည်သူများနှင့်တွေ့ဆုံ၍ ပြည်သူ့အကျိုးပြု ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးခြင်းအစီအစဉ်ကို ယနေ့နံနက် ၁၀ နာရီခွဲက ကျောင်းကုန်းကျေးရွာအုပ်စု မျက်ခါးကျေးရွာရှိ ဇေယျာဘုမ္မိ ဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ခဲ့သည်။



ကွင်းဆင်း ဆောင်ရွက်ရာတွင် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသက်ထားမောင်က "ကျွန်တော်တို့အနေနဲ့ အခုလို ကျေးရွာလုံခြုံရေး၊ အိမ်ထောင်စုစာရင်းအချက်အလက် မှန်ကန်စွာရရှိရေး၊ ကိုဗစ်ကာကွယ်ဆေးထိုးနှံရေးအပါအဝင် လိုအပ်တဲ့ ကဏ္ဍတွေ လာရောက်ဖြည့်ဆည်းပေးတာဟာ ဒေသဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေချင်လို့ စီမံဆောင်ရွက်ပေးတာဖြစ်ပါတယ်"ဟု ပြောသည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်ဗိုလ်မှူးငွေမင်းထိုက်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးငွေးနိုင်ဦးတို့က ဒေသလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကိစ္စရပ်များနှင့် ပတ်သက်၍လည်းကောင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများက မိမိတို့သက်ဆိုင်ရာဌာနအလိုက် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကိုလည်းကောင်း အသီးသီးဆွေးနွေးကြသည်။ ထို့နောက် အချွန်ဆန်တစ်ပြည် ၁၅၀၀ ကျပ်နှုန်း၊ စားအုန်းဆီတစ်ပိဿာ ၅၀၀၀ ကျပ်နှုန်းဖြင့် ဈေးနှုန်းသက်သာစွာရောင်းချပေးခြင်း၊ ကျန်းမာရေးဦးစီးဌာန တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက်(၂)ဖြင့် အိမ်ထောင်စုစာရင်းများ ပြုလုပ်ပေးခြင်းအပါအဝင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးကြပြီး ဒေသအခြေအနေနှင့် ပတ်သက်၍ သိရှိလိုသည်များ မေးမြန်းမှုအပေါ် သက်ဆိုင်ရာဌာနများမှ ကဏ္ဍအလိုက် ပြန်လည်ဖြေကြားဆွေးနွေးခဲ့ကြောင်း သိရသည်။

၂၀၇



## အခြေခံပညာအထက်တန်း/အလယ်တန်း ကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှုသင်တန်းဖွင့်

ရန်ကုန် အောက်တိုဘာ ၁၈

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် အခြေခံပညာအထက်တန်း/အလယ်တန်း ကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၂/၂၀၂၂) သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက အခြေခံပညာဦးစီးဌာန ပညာရေးစီမံခန့်ခွဲမှုသင်တန်းကျောင်း(ရန်ကုန်)၌ ပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်းက အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းတွင် စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းများ၊ သင်ကြားမှုဆိုင်ရာလုပ်ငန်းများ၊ ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းများ၊ မူဝါဒ/စီမံကိန်းဆိုင်ရာလုပ်ငန်းများနှင့် ကွန်ပျူတာ/ICT လုပ်ငန်းများကို ပညာရေးစီမံခန့်ခွဲမှု သင်တန်းကျောင်း(ရန်ကုန်)မှ ဌာနခွဲမှူးများ၊ လက်ထောက်ကထိကများ၊ ဦးစီးအရာရှိများဖြစ်သည့် သင်တန်းနည်းပြ ၁၄ ဦးနှင့် ဝန်ကြီးဌာနများမှ နည်းပြများက ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ အထက်တန်းကျောင်းအုပ်ကြီး ၁၂၄ ဦး၊ အလယ်တန်းကျောင်းအုပ်ကြီး ၁၇၆ ဦး စုစုပေါင်း ၃၀၀ တက်ရောက်ကြကာ သင်တန်းကာလမှာ အောက်တိုဘာ ၁၈ ရက်မှ နိုဝင်ဘာ ၁၂ ရက်အထိ ၂၆ ရက်ကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ၂၀၂၂-၂၀၂၃ ခုနှစ် ဆီထွက်သီးနှံနေကြာ ကေပြည့်မီရေးစီမံကိန်း တာဝန်ပေးအပ်ပွဲအခမ်းအနား ကျင်းပ

ပုသိမ် အောက်တိုဘာ ၁၈

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်အတွင်းရှိ စိုက်ခင်းများတွင် ၂၀၂၂-၂၃ ခုနှစ် ဆီထွက်သီးနှံနေကြာ စိုက်ပျိုးဆောင်ရွက်မည့် တောင်သူများအား စီမံကိန်းတာဝန်ပေးအပ်ပွဲအခမ်းအနားကို ပုသိမ်မြို့ မြက်တိုစုပေါင်းရုံးအစည်းအဝေးခန်းမ၌ ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပုသိမ်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးက အဖွင့်အမှာစကားပြောကြားခဲ့သည်။ ထို့နောက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ခရိုင်မန်နေဂျာဒေါ်ချယ်ရီတင်က နေကြာစိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပုသိမ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးဆန်းဝင်းက ဆီထွက်သီးနှံနေကြာ စိုက်ပျိုးခြင်းနှင့် စီမံကိန်းတာဝန်ပေးအပ်ခြင်းအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။



ဆက်လက်၍ ပုသိမ်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့် တာဝန်ရှိသူများက နေကြာသီးနှံစိုက်ပျိုးမည့် တောင်သူများအား နေကြာစိုက်ပျိုးမှုတာဝန်ပေးအပ်လွှာများနှင့် ရေဆင်း(၁) စပ်မျိုးနေကြာတစ်ဧကအတွက် သုံးကီလိုဂရမ်ပါဝင်သောအိတ်များကို ပေးအပ်ရာ တောင်သူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

မြင့်ဟန်(ပြန်/ဆက်)

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# ဌာနဆိုင်ရာများအနေဖြင့် ကဏ္ဍအလိုက်တင်ပြချက်များတွင် အချက်အလက်များ မှန်ကန်တိကျစေရေး အထူးဂရုစိုက်ဆောင်ရွက်

**ရန်ကုန် အောက်တိုဘာ ၁၈**

ဌာနဆိုင်ရာများအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် တင်ပြချက်များတွင် အချက်အလက်များ မှန်ကန်တိကျစေရေး အထူးဂရုစိုက်ဆောင်ရွက်ရန် ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ကျင်းပသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက ပြောကြားသည်။

**ပူးပေါင်းပါဝင်ဆောင်ရွက်**

တိုင်းဒေသကြီးဝန်ကြီးချုပ်က ကိုဗစ် -၁၉ ရောဂါကူးစက်မှုနှင့် ပိုးတွေ့မှုနှုန်းများရှိနေသေး၍ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ ကာကွယ်ဆေးနှင့် ထပ်ဆောင်းကာကွယ်ဆေးများ အကြိမ်ပြည့်ထိုးနှံသွားရေး၊ နှာခေါင်းစည်း စနစ်တကျတပ်ဆင်ရေး တာဝန်ရှိသူများ ဝိုင်းဝန်းဆောင်ရွက်ပေးရန်၊ ဒေသဖွံ့ဖြိုးရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးကြပ်ပြီး မြို့နယ်များတွင်ရှိသည့် ဌာနဆိုင်ရာများကိုအခြေခံ၍ဖွဲ့စည်းထားသောတရားဥပဒေစိုးမိုးရေး၊ အုပ်ချုပ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ ကာကွယ်ရေး စစ်ကြောင်းကြီး (၅) ကြောင်းဖြင့် မြေပြင်ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ဌာနဆိုင်ရာများက သက်ဆိုင်ရာစစ်ကြောင်းအလိုက် ပူးပေါင်းပါဝင်ဆောင်ရွက်သွားရန် ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများ လုပ်ငန်းကဏ္ဍအလိုက် အထွေထွေဆွေးနွေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# အမှန်တကယ်စိုက်ပျိုးမွေးမြူလုပ်ကိုင်သည့် လုပ်ငန်းရှင်များအား နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများကို အမြန်ဆုံးထုတ်ချေးပေး



**ဘားအံ အောက်တိုဘာ ၁၈**

အမှန်တကယ် စိုက်ပျိုးမွေးမြူလုပ်ကိုင်ပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးကို အထောက်အကူပြုနိုင်သည့် လုပ်ငန်းရှင်များအား နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများကို အမြန်ဆုံးထုတ်ချေးပေးနိုင်ရေး ဆောင်ရွက်ရန် လိုအပ်ကြောင်း ယနေ့နံနက် ၁၀ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ပြည်နယ်အဆင့် ကျေးရွာစီမံကိန်းကြီးကြပ်မှုကော်မတီ၏ (၇/၂၀၂၂) လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ပြောကြားသည်။

**ကွင်းဆင်းစိစစ်**

ပြည်နယ်ဝန်ကြီးချုပ်က အတည်ပြုထားသည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ကွင်းဆင်းစိစစ်ပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ ထုတ်ချေးပေးရန်လိုကြောင်း၊ အစည်းအဝေးသို့တက်ရောက်လာသူများကလည်း နိုင်ငံ့စီးပွားမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို အကောင်အထည်ဖော်ရာတွင် လိုအပ်သည်များကို ဝိုင်းဝန်း အကြံပြုဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးစောခင်မောင်မြင့်၊ ပြည်နယ်အဆင့်စီမံကိန်းကြီးကြပ်မှုကော်မတီဝင်များ၊ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်လာသော ခရိုင်၊ မြို့နယ်အဆင့် စီမံကိန်းကြီးကြပ်မှုကော်မတီဝင်များက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# နိုင်ငံသားတို့၏ ပညာရည်မြင့်မားမှုသာ ကမ္ဘာ့အလယ်တွင် တင့်တယ်မည်

**ထားဝယ် အောက်တိုဘာ ၁၈**

မိမိတို့ ကြုံတွေ့လာရမည့် စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရန်အတွက် ပညာရေးတိုးတက်မှုသည် အလွန်အရေးပါကြောင်း၊ နိုင်ငံတစ်နိုင်ငံတွင် နိုင်ငံသားတို့၏ ပညာရည်မြင့်မားမှုသာ ယင်းနိုင်ငံသည် ကမ္ဘာ့အလယ်တွင် တင့်တယ်နိုင်မည်ဖြစ်ကြောင်း တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက ယနေ့နံနက် ၉ နာရီက ထားဝယ်မြို့ ထားဝယ်ပညာရေးဒီဂရီကောလိပ် တိက္ခပညာခန်းမ၌ ကျင်းပသည့် ထားဝယ်ပညာရေးဒီဂရီကောလိပ်၏ ပညာရေးဘွဲ့ (B.Ed) စာပေးစာယူသင်တန်း၊ အမှတ်စဉ် (၂/၂၂) (ပထမနှစ်) သင်တန်းသား သင်တန်းသူများအား ကြိုဆိုပွဲအခမ်းအနားတွင် ပြောကြားသည်။

**အမှန်တကယ်တတ်ကျွမ်း**

တနင်္သာရီတိုင်း ဒေသကြီးဝန်ကြီးချုပ်က ပညာရေးတိုးတက်မှုကို မဖြစ်မနေ ဝိုင်းဝန်းအားထုတ်ကြိုးပမ်းရမည်ဖြစ်ကြောင်း၊ အရည်အသွေးပြည့်ဝသော ပညာရေးကို လေ့လာဆည်းပူးသည့်အခါတွင် အမှန်တကယ် တတ်ကျွမ်းရန် ကိုယ်တိုင်လေ့လာ ဆည်းပူးအားထုတ်မှသာ အရည်အသွေးရှိမည်ဖြစ်ကြောင်း၊ ယခုအခါ ပညာရေးပြုပြင်ပြောင်းလဲရေးကို ဆောင်ရွက်လျက်ရှိရာ ၂၁ ရာစုကျွမ်းကျင်မှုများကို မြှင့်တင်ပေးနိုင်မည့် စာသင်ခန်းတွင်သင်ယူမှု၊ On line သင်ယူမှုများမှတစ်ဆင့် လူတိုင်းအတွက်အကျိုးရှိစေမည့်တစ်သက်တာသင်ယူမှုအခွင့်အလမ်းများ ရရှိအောင် ကြိုးပမ်း ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ပြောင်းလဲလာသော ပညာရေးပုံစံသစ်များနှင့် လိုက်လျောညီထွေစေရန် ကြိုးစားဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**






# နိုင်ငံတော်တည်ဆောက်ရေးတွင် မျိုးဆက်သစ်နိုင်ငံ့သားကောင်းများကို ပြုစုပျိုးထောင်ပေးသည့် ဆရာ ဆရာမများ၏အခန်းကဏ္ဍသည် အရေးကြီး

**လွိုင်ကော် အောက်တိုဘာ ၁၈**

နိုင်ငံတော် တည်ဆောက်ရေးတွင် အသိပညာ၊ အတတ်ပညာများ ပြည့်ဝသည့် မျိုးဆက်သစ်နိုင်ငံ့သားကောင်းများကို ပြုစုပျိုးထောင်ပေးသည့် ဆရာ ဆရာမများ၏ အခန်းကဏ္ဍသည် အရေးကြီးကြောင်း ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က ယနေ့နံနက်ပိုင်းက လွိုင်ကော်ပညာရေးဒီဂရီကောလိပ် ကယားသဇင်ခန်းမ၌ကျင်းပသည့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ် ပညာရေးဘွဲ့ စာပေးစာယူပထမနှစ် (၂/၂၂) သင်တန်းသား သင်တန်းသူများအား ကြိုဆိုပွဲအခမ်းအနားတွင် ပြောကြားသည်။

**လူထုအကျိုးပြု**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ဆရာ ဆရာမများ၏ သင်ကြားမှုအရည်အသွေးကို မြှင့်တင်ရန် ခေတ်စနစ်နှင့်အညီ အတတ်ပညာ ဖွံ့ဖြိုးတိုးတက်မှုများကို စဉ်ဆက်မပြတ် လေ့လာလိုက်နာ သင်ယူနေရမည်ဖြစ်ကြောင်း၊ သင်တန်းပြီးဆုံး၍ လုပ်ငန်းတာဝန်များကိုဆောင်ရွက်ရာတွင် ပညာရေးကဏ္ဍသာမက ကျန်းမာရေး၊ လူမှုရေး၊ ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာအခန်းကဏ္ဍ အသီးသီးတွင် ပါဝင်ဆောင်ရွက်နိုင်သည့် လူထုအကျိုးပြုသူများအဖြစ် စွမ်းဆောင်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက်ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ အားပေးစကားပြောကြားသည်။

အဆိုပါ သင်တန်းသို့ ပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမ စုစုပေါင်း ၁၇၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၁၃၆၃၈ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၅၁၅ ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၈-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်းကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအားကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၇-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၈-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၃,၆၃၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲ အတည်ပြုလူနာသစ် (၅၁၅) ဦး တွေ့ရှိရသဖြင့် ရောဂါပိုး တွေ့ရှိမှု ရာခိုင်နှုန်းမှာ (၃.၇၈) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၂၇၅,၅၆၇) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၂၉,၃၇၆) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၆၀) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၃,၀၁၄) ဦးရှိပြီ ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၇၁) ဦး ရှိပါသည်။

မြန်မာနိုင်ငံတွင် (၂၈-၁-၂၀၂၂) ရက်နေ့မှ (၁၅-၁၀-၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူများနှင့် သေဆုံးသူများ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားရှိမှုအခြေအနေ များကိုဆန်းစစ်ချက်အရ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူ စုစုပေါင်း၏ (၉၀.၄) ရာခိုင်နှုန်း နှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း၏ (၈၀.၉) ရာခိုင်နှုန်းတို့မှာ ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်း မရှိသူများနှင့် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားခြင်း မရှိသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

| ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများ | ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားသူ | ကိုဗစ်-၁၉ ရောဂါ ကြောင့် သေဆုံးသူ |
|---|---|---|
| ကာကွယ်ဆေးလုံးဝထိုးနှံထားခြင်းမရှိသူနှင့် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံထားခြင်း မရှိသူ | ၉၀.၄ % | ၈၀.၉ % |

နိုင်ငံတကာသုတေသနတွေ့ရှိချက်များအရလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားသူ များတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမို လျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။ သို့ဖြစ်ရာ အသက် (၅) နှစ်နှင့်အထက် ပြည်သူများသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား မဖြစ်မနေထိုးနှံထားရှိရန်လိုအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၅ နှစ်နှင့်အထက် ပြည်သူများအားလုံးအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ ထိုးနှံပေးလျက်ရှိသည့်အပြင် အသက် ၁၂ နှစ်မှ ၁၈ နှစ်အတွင်း ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ကျောင်းသား၊ ကျောင်းသူများနှင့် အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးလျက် ရှိရာ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများ နှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၈၈၇၇၈၈၇ | ၉၆၂၃၁၁၈၄ | ၁၀၉၀၈၀၂ |
| ၂။ | အိန္ဒိယ | ၄၄၆၃၂၄၃၀ | ၄၄၀၇၇၀၆၈ | ၅၂၈၉၁၃ |
| ၃။ | ပြင်သစ် | ၃၆၂၆၈၀၂၈ | ၃၅၀၈၂၁၉၄ | ၁၅၅၉၈၀ |
| ၄။ | ဘရာဇီး | ၃၄၉၆၇၂၁၂ | ၃၃၉၅၃၄၃၃ | ၆၈၇၂၉၃ |
| ၅။ | ဂျာမနီ | ၃၄၇၅၈၈၈၉ | ၃၃၀၁၇၈၀၀ | ၁၅၁၆၂၉ |
| ၆။ | တောင်ကိုရီးယား | ၂၅၁၆၄၆၉၅ | ၂၄၇၄၀၂၅၀ | ၂၈၈၅၆ |
| ၇။ | ဗြိတိန် | ၂၃၇၉၈၇၉၃ | ၂၃၄၂၈၇၁၈ | ၁၉၁၆၈၁ |
| ၈။ | အီတလီ | ၂၃၁၁၄၀၁၃ | ၂၂၃၉၁၈၄၄ | ၁၇၈၀၈၁ |
| ၉။ | ဂျပန် | ၂၁၈၁၄၉၇၃ | ၂၀၄၅၄၈၉၄ | ၄၅၉၄၆ |
| ၁၀။ | ရုရှား | ၂၁၃၂၄၄၃၁ | ၂၀၆၃၈၆၁၀ | ၃၈၉၀၈၄ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၁၄၉၃၈၉၄ | ၁၀၅၉၉၅၆၀ | ၄၃၁၅၈ |
| ၂။ | အင်ဒိုနီးရှား | ၆၄၆၀၂၆၅ | ၆၂၈၄၃၈၂ | ၁၅၈၃၄၅ |
| ၃။ | မလေးရှား | ၄၈၆၈၄၀၂ | ၄၈၀၈၉၀၉ | ၃၆၄၂၃ |
| ၄။ | ထိုင်း | ၄၆၈၇၂၈၁ | ၄၆၄၉၅၀၉ | ၃၂၈၈၂ |
| ၅။ | ဖိလစ်ပိုင် | ၃၉၈၆၀၂၈ | ၃၈၉၇၄၀၈ | ၆၃၅၈၂ |
| ၆။ | စင်ကာပူ | ၂၀၁၇၂၆၁ | ၁၉၂၃၃၉၀ | ၁၆၄၆ |
| ၇။ | မြန်မာ | ၆၂၉၃၇၆ | ၆၀၃၀၁၄ | ၁၉၄၇၁ |
| ၈။ | ဘရူနိုင်း | ၂၃၁၈၃၃ | ၂၂၂၁၄၀ | ၂၂၅ |
| ၉။ | လာအို | ၂၁၆၁၀၁ | ၂၀၈၃၄၄ | ၇၅၈ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၇၉၇၅ | ၁၃၄၈၅၄ | ၃၀၅၆ |

## သထုံမြို့၌ ကျောင်းသူကျောင်းသားများ စာဖတ်ရှိန်မြင့်မားရေး နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်

သထုံ အောက်တိုဘာ ၁၈

မွန်ပြည်နယ် သထုံမြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ ယနေ့မွန်းလွဲပိုင်းက သိမ်ကုန်းရပ်ကွက်ရှိ ဦးဖြူ အခြေခံပညာမူလတန်းကျောင်း၌ နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်ပေးပြီး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။

နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်ရာတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများ အားလပ်ချိန်ကို အကျိုးရှိစွာအသုံးပြုကြရေး၊ ကျောင်းစာကိုကြိုးစားကြသလို ဗဟုသုတတိုးပွားရေးအတွက် ပြင်ပစာပေများကိုပါ လေ့လာဖတ်ရှုကြရေးတို့ကို ဆွေးနွေးပြီး ကျောင်းသား ကျောင်းသူများက ခင်းကျင်းထားသည့် စာအုပ်စာစောင်များကို စိတ်ကြိုက်ရွေးချယ်ဖတ်ရှုကာ စာဖတ်စွမ်းရည်ယှဉ်ပြိုင်ခြင်းများ ပြုလုပ်ကြသည်။



အဆိုပါ အသိပညာပေးလုပ်ငန်းတွင် ကျောင်းသား ကျောင်းသူများ ဖတ်ရှုလေ့လာနိုင်ရန် ကလေးကဗျာများ၊ ရုပ်ပြပုံပြင်များ၊ စာစောင်များ စသည့် ကလေးများအသိပညာတိုးပွားရေး စာအုပ်စာပေများကို ခင်းကျင်းပြသခြင်း၊ လက်ဝယ်အရောက်ငှားရမ်းပေးခြင်းတို့အပြင် စာဖတ်ရှိန်မြှင့်တင်ရေး၊ သဘာဝဘေးအန္တရာယ်၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေး စသည့် အသိပညာပေး နံရံကပ်စာစောင်များကို ခင်းကျင်းပြသရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

ခရိုင်ပြန်/ဆက်

## စားသောက်ကုန်လုပ်ငန်းလမ်းညွှန်စာအုပ်များ အခမဲ့ရယူနိုင်

ရန်ကုန် အောက်တိုဘာ ၁၈

စားသောက်ကုန်လုပ်ငန်းလမ်းညွှန်စာအုပ် Myanmar Food Guide လိုအပ်သူများသည် မိမိလုပ်ငန်းလိပ်စာကတ်ပေး၍ အခမဲ့ လာရောက် ထုတ်ယူနိုင်ကြောင်း သိရသည်။

စားသောက်ကုန်လုပ်ငန်းလမ်းညွှန်စာအုပ်ကို ၂၀၀၈ ခုနှစ်တွင် စတင် ထုတ်ဝေခဲ့ပြီး စားသောက်ကုန်ဆိုင်ရာ လုပ်ငန်းအချက်အလက် ပေါင်း ၄၆၀၀၀ ကျော်ကို လွယ်လင့်တကူ ရှာဖွေနိုင်မည်ဖြစ်သည်။

စားသောက်ကုန်လုပ်ငန်းလမ်းညွှန်စာအုပ် လိုအပ်သူများသည် အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ရုံးချိန် နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း မင်္ဂလာတောင်ညွန့်မြို့နယ် ရွှေပြည့်စုံဈေး ၈ လွှာတွင် လာရောက်ထုတ်ယူနိုင်သည်။

စားသောက်ကုန်လုပ်ငန်းနှင့် သက်ဆိုင်သော ပြည်တွင်းပြည်ပ သတင်းများ၊ ဗဟုသုတနှင့် အကြောင်းအရာများကို Food Guide Website https://www.foodindustrydirectory.com.mm/ နှင့် Facebook Page တွင် အချိန်နှင့်တစ်ပြေးညီ ဖတ်ရှုနိုင်ကြောင်းသိရသည်။

မျိုးမင်းသူရ

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ အောင်လင်း၏ အရိုင်းစံပယ် အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**၁၇-၁၀-၂၀၂၂ ရက်နေ့မှအဆက်**

'မ' သည် ဘာမျှပြန်မပြောဘဲ ငြိမ်၍သာနေသည်။ သည်စကားထဲတွင် တစ်ခွန်းဝင်လိုက်လျှင် တစ်ခွန်းကျုံတော့မည်ကိုလည်း 'မ' က ရိပ်မိသည်။

ကိုခင်မောင်ကြည်ကမူ သူလိုချင်သောစကားကို မရသေးသဖြင့် ကျေနပ်ပုံမရချေ။

"အမေရိကားသူတွေဟာ ဆက်ဆံရာမှာ မြန်မာမိန်းကလေးတွေထက် ပွင့်လင်းတယ်၊ ရိုးသားတယ်"

"ပွင့်လင်းတယ်ဆိုတာတော့ 'မ' မယုံဘူး။ အကျင့်သိက္ခာပျက်ပြားတဲ့နေရာမှာ အမေရိကားပြည်ဟာ ထိပ်ဆုံးကနေမှာပဲ"

ကိုခင်မောင်ကြည်သည် 'မ' ၏စကားကို နားထောင်ရင်း မရယ်ချင့်ရယ်ချင် ရယ်လိုက်ပြန်သည်။ 'မ' ကမူ စိတ်ထဲတွင် ထင်သည့်အတိုင်း ပြောချလိုက်သည်။ ကိုခင်မောင်ကြည်သည် လူကြီးရှက်၍ ရယ်ရသော ရယ်ခြင်းမျိုးဖြင့်သာ ရယ်လိုက်ရသော်လည်း 'မ' ၏စကားကို ကျေနပ်ဟန်မရှိချေ။

" 'မ' က အမေရိကန်ကို ဘာလို့မုန်းတာလဲ။ 'မ' တစ်ခေါက်လောက် သွားစေချင်တယ်။ 'မ' ထင်တာတွေ တစ်ခုမှမဟုတ်ဘူးဆိုတာ တွေ့ရမယ်"

'မ' ဘယ်မှမသွားချင်ပါဘူး။ နိုင်ငံခြားသွားပြီး ကိုယ့်တိုင်းပြည်ကို အထင်သေးတဲ့လူတွေလိုတော့ မဖြစ်ချင်ဘူး။ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး၊ ကိုယ့်ယဉ်ကျေးမှုကိုပဲ ချစ်ချင်တယ်"

"ကိုယ်ကလည်းကွာ...ကိုယ့်တိုင်းပြည်ကို အထင်သေးလို့ မဟုတ်ပါဘူး။ ဒါပေမဲ့ ကိုယ်တို့ဟာ နွားခြေရာခွက်ထဲမှာနေပြီး သမုဒ္ဒရာလို့ ထင်မနေသင့်ဘူး။ သူများတိုင်းပြည်တွေ ဘယ်လောက်တိုးတက်နေတယ်ဆိုတာ သတိထားရမယ်။ ဒါမှ ကိုယ့်တိုင်းပြည်ကို ဘယ်လိုတိုးတက်အောင် လုပ်မယ်ဆိုတာ ကြံစည်စိတ်ကူးနိုင်တယ်"

'မ' သည် ကိုခင်မောင်ကြည်ကို ထပ်၍ အကြောက်အကန်မပြောတော့ချေ။

"အမှန်တော့ ခုလိုပြဿနာတစ်ခုအဖြစ် အငြင်းပွားစရာပေါ်လာခြင်းကပင် 'မ' အတွက် သက်သာရာရသေးသည်ဟု ထင်မိသည်။ ကိုခင်မောင်ကြည်ကမူ ကျေနပ်ဟန်မရှိသေးချေ။ 'မ' ကိုသာ တစ်စုံတစ်ခုပြောလိုဟန်ဖြင့် ကြည့်နေပြန်သည်။

'မ' နဲ့ ကိုယ်နဲ့ ဒီပြဿနာကို နောက်မပြောတော့ပါဘူးကွာ။ ကိုယ်ကလည်း ကိုယ်တွေ့ခဲ့တဲ့အတိုင်း စေတနာနဲ့ပြောတာ။ 'မ' ကလည်း ဒါကိုမကြိုက်။ ဒီတော့ ကိုယ်တို့ တခြားအကြောင်းပြောရအောင်။ 'မ'ဘီအေအောင်ရင် ဘာလုပ်မယ်စိတ်ကူးသလဲ"

"'မ'ကျောင်းဆရာမလုပ်မယ် စိတ်ကူးတယ်"

"ကိုယ် တစ်ခုအကြံပေးချင်တယ်။ တစ်ခုခုကို စပယ်ရှယ်လိုက်စ်လုပ်ပါလား။ ဒါမှမဟုတ်ရင် အမ်အေတက်ပြီး ကောလိပ်မှာ ကျူတာလုပ်ပေါ့။ အပြင်ကျောင်းဆရာမလုပ်တာကတော့ မစားသာပါဘူးကွာ"

"'မ'ကတော့ သိပ်ကြီးကြီးကျယ်ကျယ်တွေ မမှန်းပါဘူး။ စိတ်အေးအေးနဲ့ ကိုယ်ဝါသနာပါတဲ့ အလုပ်ကို လုပ်နေရရင်တော်ပြီ"

ကိုခင်မောင်ကြည်သည် 'မ' ကို အကဲခတ်သလို တစ်ချက်မျှစိုက်ကြည့်လိုက်ရင်း စိတ်ပျက်ဟန်ဖြင့် သက်ပြင်းကို မှုတ်ထုတ်လိုက်သည်။ အတန်ကြာမှ လေသံခပ်ပျော့ပျော့ဖြင့် ချော့လိုက်ပြန်သည်။

"ကိုယ် ဒါကြောင့်ပြောတာ။ ရွှေ'မ'ဟာ ဘယ်သူနဲ့မှ မတူဘူး။ စိတ်အားငယ်လွန်းတယ်။ ကိုယ့် ကိုယ့်ရွှေ'မ'ကို ကြီးကြီးကျယ်ကျယ် ထွန်းထွန်းပေါက်ပေါက် ဖြစ်စေချင်တယ် သိလား။ ဒါဟာ ကိုယ့်စေတနာအရင်းပဲ။ ရွှေ'မ'စိတ်မဆိုးရင် ကိုယ်တစ်ခုပြောချင်တယ်"

ကိုခင်မောင်ကြည်က ပြောရင်းစကားကို ဖြတ်ထားလိုက်သည်။ 'မ' သည် အသက်ရှူကျပ်လာသည်။

နောက်ဆုံးတော့ သည်ဘူတာပင် ဆိုက်ရမည်ကိုလည်း 'မ' က သိထားသည်။

ထို့ကြောင့် စကားလွှဲလိုက်သည်။ ခုတော့လည်း သည်စကားပဲ ပြန်ဆိုက်လာသည်။

"'မ' ကို ကိုယ်က မွန်လို အင်ဘီရှပ်စ် ဖြစ်စေချင်တယ်။ ဆိုလိုတာက မာနထားစေချင်တယ်။ လောကမှာ ထိပ်ကနေစေချင်တယ်။ မထင်မရှား မနေစေချင်ဘူး။ ဒါဟာ ဘာဖြစ်လို့လဲသိလား။ ကိုယ် ရွှေ'မ'ကို ကိုယ့်ရဲ့ခရီးဖော်အဖြစ် ရွေးချင်လို့ပဲ။ ဒီလိုပြောလို့ ရွှေ'မ'ကိုယ့်ကို စိတ်ဆိုးချင်ဆိုးလိမ့်မယ်။ ဒါပေမဲ့ မတတ်နိုင်ဘူး။ ကိုယ့်အနေနဲ့ ဒီကိစ္စဟာ ဆုံးဖြတ်ပြီးသားဖြစ်နေတော့ တစ်နေ့မပြော တစ်နေ့ပြောရမှာပဲ။ ရွှေ'မ'ကမငြင်းဘူးဆိုရင် လူကြီးချင်းစေ့စပ်ဖို့ပဲ"

'မ' သည် ခေါင်းကိုငုံ့၍သာ နားထောင်နေလိုက်သည်။ အစကတည်းကပင် သည်စကားပြောရန် ခင်းနေသည်ကိုလည်း ရိပ်မိထားပြီးဖြစ်လေသည်။

ကိုယ်က တွေးထင်ထားသည့်အတိုင်း ပြောလိုက်ခြင်းဖြစ်၍လည်း 'မ' အဖို့ ဘာမျှမဆန်းလှပေ။ သို့သော် သည်လိုစကားမျိုးကို မချုပ်တည်းနိုင်သူတို့က ဖွင့်ပြောလျှင် 'မ' အတွက် ခေါင်းငုံ့နားထောင်နေရုံသာရှိသည်။

ပြောလည်း မပြောချင်။ သို့သော် ခက်သည်မှာ မပြောလျှင်လည်း ကိုခင်မောင်ကြည်သည် 'မ' ထံမှ အဖြေကို တောင်းတော့မည်မှာ သေချာလှသည်။

"ဒီကိစ္စနဲ့ပတ်သက်ပြီး 'မ' ဘာမှမစဉ်းစားချင်ဘူး။ ပြောလည်း မပြောချင်ဘူး"

"ဘာလဲ၊ 'မ' မှာ ရှိနေပြီလား ... ဒီလိုဆိုလည်း ကိုယ့်ကို ရှင်းရှင်းပြောနိုင်ပါတယ်ကွာ"

"'မ' ဒီကိစ္စနဲ့ပတ်သက်ပြီး ဘာကိုမှ မစဉ်စားသေးပါဘူးဆိုရင် ကိုကိုကြည် သိလောက်ပါတယ်။ ဒီအကြောင်းနဲ့ပတ်သက်ပြီး ဘယ်သူကပဲ လာပြီးပြောပြော ခုထိတော့ 'မ' ဒီအဖြေပဲပေးမှာပဲ"

ကိုခင်မောင်ကြည်သည် စီးကရက်တစ်လိပ်ကို ယူ၍ မီးညှိလိုက်ပြီးလျှင် အကြံထုတ်နေဟန်ရှိသည်။

"ကိုယ် တစ်ခုတော့မေးချင်တယ်။ တကယ်လို့ ဘဝအဖော်တစ်ယောက်အနေနဲ့ ရွေးချယ်ရမယ့် အချိန်ရောက်ပြီဆိုရင် ကိုယ့်ကို 'မ' ဘယ်လိုသဘောထားမလဲ"

"အတူတူပါပဲ ကိုကိုကြည်။ 'မ'ဘယ်သူ့ကိုမှလည်း ရွေးယူဖို့ စိတ်မကူးသေးဘူး။ စဉ်းလည်း မစဉ်းစားသေးဘူး။ ပြီးတော့လည်း အရိုးခံအတိုင်းပြောရရင် 'မ' နဲ့ ကိုကိုကြည်ဟာ မိဘမျိုးရိုး၊ ဂုဏ်သရေ၊ အဆင့်အတန်းတူတယ်လို့ထင်ရပေမယ့် လူချင်းက ကွာခြားပါတယ်။ စိတ်နေစိတ်ထား၊ ရည်မှန်းချက်လည်း ကွာလွန်းပါတယ်။ 'မ' ရဲ့ ရည်မှန်းချက်က ကိုကိုကြည်တို့နဲ့စာရင် နိမ့်လွန်းပါတယ်။ ကိုကိုကြည်၊ ဗစ်တာနဲ့ မွန်တို့ဟာ ဘုံဖျားကိုမှ ရပ်လိုတဲ့သူတွေပါ။ 'မ' နဲ့ အဟပ်ချင်းကွာလှပါတယ်။ ဒီတော့ တကယ်လို့ ဒီကိစ္စကို စဉ်းစားသည့်တိုင်အောင် ကိုကိုကြည်နဲ့ 'မ' နဲ့ဟာ ဆုံစည်းနိုင်ဖို့လမ်းမရှိဘူး"

ကိုခင်မောင်ကြည်သည် သူ့ကုလားထိုင်ကိုရွှေ့၍ 'မ' အနီးသို့ ကပ်လိုက်သည်။

'မ'က သွယ်ဝိုက်သောနည်းဖြင့် မဖြစ်နိုင်ကြောင်းကို ဖွင့်ဟပြောလိုက်သော်လည်း ကိုခင်မောင်ကြည်ကမူ မည်သို့ အဓိပ္ပာယ်ကောက်သည်မသိ အားတက်၍ပင် လာဟန်ရှိသည်။

"ဒါတွေနဲ့ မဆိုင်ပါဘူး 'မ' ရာ၊ တစ်ယောက်နဲ့ တစ်ယောက် ချစ်တယ်ဆိုရင် သဘောချင်း ရည်ရွယ်ချက်ချင်း တိုက်ဆိုင်အောင် ညှိယူလို့ရပါတယ်။ ကိုယ်တော့ ဒါတွေမမြင်ဘူးလေ။ မမြင်မိတာလည်း ဘာကြောင့်လဲ သိလား။ ကိုယ် 'မ' ကိုချစ်လို့ပဲ။ ဒါဟာ ဖုံးကွယ်စရာမလိုဘူး။ ကိုယ်ချစ်တာဟာ 'မ' ကို ငယ်ငယ်ကလေးတည်းက ချစ်တာပဲ။ ကိုယ်ရေးလိုက်တဲ့စာတွေထဲမှာ ဒီအဓိပ္ပာယ်တွေ အများကြီးလည်းပါပါတယ်။ ဒါကြောင့်လည်း မိရွှေ'မ'က ကိုယ့်ဆီကို စာမပြန်တာပေါ့။ အေးလေ ...ဟိုတုန်းကတော့ လူချင်းကဝေးနေလို့ အကြောင်းမပြန်ဘဲ နေချင်လည်းရတယ်။ ခုတော့ ဒီလိုမရတော့ဘူး။ ကိုယ့်ကို အဖြူအမည်းသဲကွဲအောင် ရှင်းရှင်းပဲပြောပါ"

'မ' သည် ခေါင်းငုံ့ထားရင်း တွင်တွင်သာ ယမ်းနေမိသည်။ ခုတော့ တဖြည်းဖြည်း ကြောက်၍ ကြောက်၍လာသည်။

ကိုခင်မောင်ကြည်က 'မ' ၏လက်တစ်ဖက်ကို ဆုပ်ကိုင်လိုက်သည့်အခါတွင် 'မ' သည် အလန့်တကြား မော့၍ပင်ကြည့်လိုက်သည်။ ကိုခင်မောင်ကြည်၏ မျက်လုံးမှအရောင်သည် 'မ' မျက်လုံးတွင်းသို့ စူး၍ဝင်လာသည်။ 'မ' သည် လျှပ်စစ်မိသူကဲ့သို့ မလှုပ်နိုင်အောင် ရှိတော့သည်။

"ပြောပါကွယ် ရွှေ'မ'ကိုယ့်ကို မချစ်ဘူးလား။ ကိုယ် ရွှေ'မ'ကို သိပ်ချစ်တယ်ကွာ။ ချစ်တာမှ ငယ်ငယ်ကလေးကတည်းကချစ်တာ သိလား။ ရွှေ'မ' ကိုယ့်ကိုချစ်တယ်မို့လား"

ကိုခင်မောင်ကြည်သည် တုန်ယင်မောဟိုက်သော အသံကြီးဖြင့် ပြောရင်း 'မ' ၏ပခုံးကလေးကို ပွေ့ယူလိုက်သည်။ 'မ' က အထိတ်တလန့် ယောင်အော်လိုက်သည်။

"အို ... ကိုကိုကြည်... လွှတ် ... လွှတ် ... 'မ' ကြောက်တယ်"

"မလွှတ်ဘူး ...မလွှတ်ဘူး။ ကိုယ့်ကိုချစ်တယ်ပြောမှလွှတ်မယ်"

ကိုခင်မောင်ကြည်မျက်နှာနှင့် 'မ' မျက်နှာမှာ တဖြည်းဖြည်းနီး၍လာသည်။'မ'က မည်သို့တောင်းပန်သော်လည်း ကိုခင်မောင်ကြည်က လုံးဝကြားဟန်မတူတော့ပေ။

သရဲသဘက်စီးနေသူကဲ့သို့ 'မ' အနားသို့ကပ်၍ တတွတ်တွတ်ပြောနေသော်လည်း ဘာကိုပြောမှန်း သဲကွဲအောင် မကြားရချေ။ ပူနွေးသောလေကလေးကသာ 'မ'၏ပါးပေါ်သို့ တိုးဝှေ့၍နေတော့သည်။ 'မ' သည် အလိုလို မော၍လာသည်။ အားအင်များ မရှိသလောက် ကုန်ခန်းနေတော့သည်။

ထိုအတွင်း ကိုခင်မောင်ကြည်သည် 'မ' ကို အတင်းအကျပ်ပွေ့ဖက်ထားရာမှ သူ့လက်များကို လျှော့ချလိုက်သည်။ ပြီးမှ 'မ' ကို နေရာသို့ ပြန်ချလိုက်သည်။

'မ' သည် ရုတ်တရက် ရေတိမ်နစ်ရမည့်ဘဝမှ လွတ်မြောက်ရသဖြင့် ဝမ်းသာမိသည်။ ကိုခင်မောင်ကြည်၏အပြုအမူကို နားမလည်နိုင်အောင် အံ့သြနေမိသည်။

ကိုခင်မောင်ကြည်ကို ကြည့်လိုက်ပြန်တော့လည်း ကိုခင်မောင်ကြည်သည် အပေါက်ဝဆီသို့သာ မျက်တောင်မခတ် စိုက်၍ကြည့်နေတော့သည်။ 'မ' သည် ကိုခင်မောင်ကြည် ကြည့်ရာဆီသို့ လိုက်၍ ကြည့်လိုက်သည်။

အပေါက်ဝတွင် ကိုဘခက်သည် ခေါင်းကိုငိုက်၍ ရပ်နေသည်။ ကိုဘခက်ကို တွေ့လိုက်ရသဖြင့် 'မ' က ဝမ်းသာအားတက်နေသော်လည်း ကိုဘခက်ကမူ ဘာမှ ထူးခြားတုန်လှုပ်ခြင်းမရှိ။ ခါတိုင်းကဲ့သို့ အေးအေးဆေးဆေး။ 'မ' ကို တစ်ချက်မျှကြည့်လိုက်ပြီးလျှင် သူ့အခန်းဆီသို့ တစ်လှမ်းချင်း ဝင်၍ သွားလေသည်။

'မ' သည် ကိုဘခက်၏အပြုအမူကို နားမလည်နိုင်အောင်ရှိတော့သည်။ ကိုဘခက်ကို အလိုလို စိတ်ဆိုးလာမိသည်။

ကိုခင်မောင်ကြည်သည် 'မ' ကို ဝမ်းနည်းဟန်ဖြင့် ကြည့်လိုက်ရင်း လေအေးအေးဖြင့် တောင်းပန်လိုက်သည်။

"ကိုယ့်အပြုအမူဟာ ရိုင်းစိုင်းတယ်ဆိုရင် ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်။ အမှန်တော့ ကိုယ့်မှာ စော်ကားလိုတဲ့စိတ် နည်းနည်းမှမပါပါဘူး။

**ဆက်လက်ဖော်ပြပါမည်။**

"'မ' ဘယ်မှမသွားချင်ပါဘူး။ နိုင်ငံခြားသွားပြီး
ကိုယ့်တိုင်းပြည်ကို အထင်သေးတဲ့လူတွေလိုတော့ မဖြစ်ချင်ဘူး။
ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး၊ ကိုယ့်ယဉ်ကျေးမှုကိုပဲ ချစ်ချင်တယ်"
"ကိုယ်ကလည်းကွာ...ကိုယ့်တိုင်းပြည်ကို အထင်သေးလို့ မဟုတ်ပါဘူး။
ဒါပေမဲ့ ကိုယ်တို့ဟာ နွားခြေရာခွက်ထဲမှာနေပြီး သမုဒ္ဒရာလို့ ထင်မနေသင့်ဘူး။
သူများတိုင်းပြည်တွေ ဘယ်လောက်တိုးတက်နေတယ်ဆိုတာ သတိထားရမယ်။
ဒါမှ ကိုယ့်တိုင်းပြည်ကို ဘယ်လိုတိုးတက်အောင်
လုပ်မယ်ဆိုတာ ကြံစည်စိတ်ကူးနိုင်တယ်"

ဆရာအောင်လင်း၏ "အရိုင်းစံပယ်" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြ ခြင်းဖြစ်ပါသည်။ စာတည်း

# ပါရမီဆယ်ပါးမင်္ဂလာ

သုတေသီ ဦးသိမ်းဇံ

(ယခင်အပတ်မှအဆက်)

"အဲဒီအရှိန်နဲ့ တက်သွားတဲ့မြားဟာ အရှိန်ကုန်တော့ ပြန်ကျလာပါလိမ့်မယ်။ ဒါပေမဲ့ မင်းကြီးအနေနဲ့ အချိန်အားဖြင့် ခဏတော့စောင့်ရမှာဖြစ်ပါတယ် အရှင်"

"အိမ်း၊ ကောင်းပေသားပဲ။ အထက်တက်တဲ့မြားနဲ့ကတော့ သူသူကိုယ်ကိုယ် စွမ်းနိုင်တယ်။ အဲဒါမျိုးတော့ ကြည့်ဖူးတယ်။ သင်ပြောတဲ့နည်းကိုတော့ မမြင်ဖူးသေးဘူး၊ ကြည့်ရတာပ"

"အရှင်မင်းကြီး၊ ကျွန်တော်မျိုးပစ်တင်လိုက်တဲ့မြားဟာ သရက်ခိုင်ရဲ့ အညှာကိုထက်ဝက်ခွဲပြီး အပေါ်သို့ တက်သွားပါလိမ့်မယ်။ အဲဒီမြားပြန်သက်လို့ရှိရင် မူလမြားချက်အတိုင်း တစ်ဆံခြည်မတိမ်းဘဲ ဖောက်ထွက်ပြီး သရက်ခိုင်ကို သယ်ဆောင်လာပါလိမ့်မယ် အရှင်မင်းကြီး"

အသဒိသမင်းသား၏ စကားအဆုံးတွင် လေးသမားဟောင်းများက အကြွားပိုသည်ဟုအဓိပ္ပာယ်ဖြင့် ပါးစပ်ပိတ်ကာရယ်မောကြလေသည်။

"ပညာအစွမ်းတော့ ပြသခွင့်ရလေပြီ လူ့ပြည်တွင် မကြုံဖူးသော လေးအစွမ်းကိုပြတော့အံ့"

ဘုရားအလောင်းအသဒိသမင်းသားသည် အသံတိတ်ရေရွတ်လိုက်ရင်း လေးကိုပင့်ယူလျက် လေးညို့ကို ဆွဲတင်လိုက်သည်။ အားလုံးသော မင်းနှင့်ပရိသတ်အပေါင်းက မျက်တောင်မခတ်ကြည့်နေကြသည်။

ပထမမြားဖြင့် သရက်ခိုင်အညှာကိုဖြတ်ပြီး မြားကို စတုမဟာရာဇ်နတ်ဘုံသို့တက်သွားစေလိုက်သည်။ ယင်းနောက် ဒုတိယမြားကို ထပ်လွှတ်လိုက်ရာ ဒုတိယမြားသည် ပိုမိုလျင်မြန်သောအဟုန်ဖြင့်တက်သွားပြီး ပထမမြားကို ပုတ်ခတ်လျက် လည်သွားစေကာ ဒုတိယမြားက တာဝတိံသာသို့ဆက်လက်တက်သွားလေသည်။ ပစ်ခတ်သည့်မြားက ပြန်ကျလာသောသရက်ခိုင်ကို ဆောင်ယူလာသည်။ ယင်းမြားနှင့်ပင် သရက်သီးကိုမြေမကျစေဘဲ ဖမ်းယူလိုက်တော့သည်။

အသဒိသမင်းသား၏ စွမ်းရည်ကို သိမြင်ကြကုန်သော မင်းနှင့်ပရိသတ်အပေါင်းတို့က လက်ခုပ်လက်ဝါးတီး၊ လက်ကွင်းမှုတ်ကာ ဂုဏ်ပြုကြရာ လေးသမားဟောင်းတို့လည်း အသံတိတ်သွားကြတော့၏။

"တိုင်းပြည်ကို အပ်နှံမည်လော၊ တို့ပြန်စစ်ထိုးမည်လော"

လေးစွမ်းရည်ပြသည့် သတင်းက ပျံ့နှံ့ကျော်ကြားသွားလေရာ ဗာရာဏသီပြည်တွင် အသဒိသမင်းသားမရှိကြောင်း သိလာကြ၍ ခုနစ်ပြည်ထောင်မင်းတို့က စစ်ထိုးလာပြီး ဗာရာဏသီပြည့်ရှင်ကို ရာဇသံပေးလာလေသည်။

"ငါ့နောင်တော်သာရှိရင် ဘယ်သူ့ခြိမ်းခြောက်မှုမှခံရမည်မဟုတ်။ ခုတော့ ရန်သူတို့က ရာဇသံပါပေးလာချေပြီ။ နောင်တော်အား ကန်တော့တောင်းပန်စကားဖြင့် တမန်တို့ကိုစေလွှတ်အံ့"

ဖြဟ္မဒတ်မင်းက အသက်ဘေးကြုံတွေ့လာရသဖြင့် နောင်တရပြီး နောင်တော်ဆီသို့ တမန်စေလွှတ်ရာ မိဘအမွေကိုထိန်းကျောင်းရမည့်ဝန်တာအပြင် သံယောဇဉ်ဖြင့် ညီတော်ကို ခွင့်လွှတ်ကာ အသဒိသမင်းသားသည် ခစားခွင့်ပြုထားသည့် မင်းကြီးအား ခွင့်ပန်လျက် ဗာရာဏသီပြည်သို့ ပြန်လာခဲ့တော့သည်။

"ငါရှိပါရက်နဲ့ ငါ့တိုင်းပြည်ကို စော်ကားကျူးကျော်ဝံ့ကြတကား။ ဒီမြားတော်ရဲ့နောက်ပါးက ထပ်လာသောမြားတို့ဟာ သင်တို့ရဲ့နှလုံးသားကို စူးစိုက်စေအံ့။ အသက်ကို မနှမြောရင်တော့ ရှေ့ဆက်ကြပေတော့"

အသဒိသမင်းသားသည် မိမိတိုင်းပြည်အား ကျူးကျော်ရန်စသည့် ခုနစ်ပြည်ထောင်မင်းတို့ထံသို့ မြား၌ စာဆွဲကာ စေလွှတ်လိုက်ခြင်းဖြစ်သည်။ မြားသည် ခုနစ်ပြည်ထောင်မင်းတို့ စုပေါင်းပွဲတော်တည်နေစဉ် ရွှေခွက်အဖုံးသို့ စိုက်ဝင်သွားသည်ကိုအံ့အားတသင့်တွေ့မြင်လိုက်ကြရပြီး ခုနစ်ပြည်ထောင်မင်းတို့လည်း ကြောက်ရွံ့ကြသဖြင့် ကိုယ်လွတ်ရုန်းကာ ထွက်ပြေးကြလေသည်။ ဗာရာဏသီပြည်လည်း ရန်အပေါင်းမှ အေးငြိမ်းသွားတော့သည်။

"ညီတော် နောင်တော်ဟာကိလေသာကာမဂုဏ်ကို တွယ်မက်ခြင်းမရှိ၊ စည်းစိမ်အာရုံကိုပယ်လျက် ရသေ့ရဟန်းအဖြစ်ကိုသာ တောင့်တတယ်။ ညီတော်သာ တိုင်းပြည်ကို ဆက်လက်စိုးစံအုပ်ချုပ်ပါလေ့"

ညီတော်ဖြဟ္မဒတ်မင်းက သူ၏အမှားကိုဝန်ချတောင်းပန်ပြီး ထီးနန်းကို နောင်တော်ထံသို့အပ်နှံရာ အသဒိသမင်းသားက ငြင်းပယ်၍ ပြန်လည်မိန့်ကြားလိုက်ခြင်းဖြစ်သည်။ ယင်းနောက် မင်းသားသည် လေးမြားကို စွန့်လိုက်တော့သည်။ မုတ်ဆိတ်ကျင်စွယ်ကိုပါပယ်သတ်လျက် ရဟန်းအဖြစ်သို့ ကူးပြောင်းသွားပြီး ဗာရာဏသီပြည်ကို ကျောခိုင်းလျက် ဟိမဝန္တာဆီသို့ ထွက်ခွာသွားလေတော့သည်။ ။

■

# ယဉ်ကျေးလိမ္မာပဒေသာ ၃၈ - ဖြာမင်္ဂလာ

## သည်းခံမှုရှိရမယ်

ခန္တီစ။

"မြေကြီးပမာ အရာရာ၌ သည်းခံခြင်း၊ ဒေါသမပွား မေတ္တာထား၍သည်းခံရခြင်း၊ သည်းခံမှုရှိရမယ်"လို့ မြန်မာလိုအဓိပ္ပာယ်ရတယ်။

၃၈-ဖြာမင်္ဂလာကဗျာတွေရဲ့ အဌမမြောက်ကဗျာဖြစ်တဲ့ "သည်းခံရေးမင်္ဂလာလေးပါး"ထဲက နံပါတ်တစ် မင်္ဂလာတရားပဲဖြစ်တယ်။ သားတို့သမီးတို့၊ မောင်တို့မယ်တို့အတွက် ဘဝတစ်သက်တာ မှတ်သားကြရမယ့် မင်္ဂလာတရားတွေပေါ့ကွယ်။

ဟိုး.. ရှေးရှေးတုန်းအခါက ....။

"ခန္တီစ သည်းခံခြင်းသည် အောင်မြင်ချမ်းသာမင်္ဂလာဖြစ်သတည်း" မြတ်စွာဘုရားရှင်က သီရိမာနှင့်တကွဥတ္တရာတို့အပါအဝင် တရားနာပရိသတ်အား ဟောကြားတော်မူလိုက်ခြင်းဖြစ်သည်။




ဖြစ်စဉ်မှာ မြတ်စွာဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူနေသည့်ကာလ မိဿာဒိဋ္ဌိ သုမနသူဌေးသားနှင့် သမ္မာဒိဋ္ဌိ ပုဏ္ဏသူဌေးသမီးဖြစ်သူ ဥတ္တရာတို့ အကြောင်းပါကြလေသည်။ ထို့နောက် ဥတ္တရာသည် လင်ယောက်ျား၏နေအိမ်သို့ရောက်ရှိချိန်မှစပြီး တရားမနာရသဖြင့် တရားဘာဝနာ ပွားများနိုင်ရေး စဉ်းစားတွေးတောကာ အကြံထုတ်လေသည်။

"အင်း ဒီအစီအစဉ်ကတော့ ကောင်းပေသားပဲ။ ဒီအတိုင်းလုပ်ဆောင်လိုက်ရင် ယောက်ျားဖြစ်သူလည်း အဆင်ပြေ ကိုယ်တိုင်လည်း တရားဘာဝနာအားထုတ်လို့ရတာပေါ့"

ဥတ္တရာသည် ရရှိသည့်အတွေးအကြံကို တစ်ဦးတည်းတီးတိုးရေရွတ်လျက် ကြည်နူးကျေနပ်နေမိ၏။ ထိုအခါ မယားဝတ္တရားမလစ်ဟင်းရလေအောင် သီရိမာအမည်ရှိသည့် ပြည့်တန်ဆာအမျိုးသမီးကို အသပြာ တစ်ထောင်ပေးကာ လင်ယောက်ျားဖြစ်သူအား အလုပ်အကျွေးပြုစေလိုက်တော့သည်။

"မောင်တော်ရေ လှပပျိုမြစ်ခြင်းငှာ မယှဉ်သာတဲ့ သီရိမာဆိုတဲ့ လှပျိုဖြူတစ်ယောက် လာပါလိမ့်မယ်။ ဒီနေ့ကစပြီး အိမ်မှုကိစ္စအဝဝနဲ့ မောင်တော့်ကိုလိုလေသေးမရှိ ဆောင်ရွက်ပေးမယ့်အပြင် ဇနီးမယားဖြစ်သူ နှမတော်ရဲ့ကိုယ်စား မောင်တော်အတွက် ဝတ်ကြီးဝတ်ငယ်အသွယ်သွယ်ကို အလုပ်အကျွေးပြုကာ မောင်တော်ကျေနပ်နှစ်သက်သည်အထိ ပြုစုပေးပါလိမ့်မယ်။ နှမတော်ကတော့ မြတ်စွာဘုရားရှင်အားပင့်ဖိတ်ပြီး ခုနစ်ရက်တာ ကာလပတ်လုံး ဆွမ်းအလှူ၊ တရားအလှူတို့နဲ့ အလှူအတန်းတွေ ပြုလုပ်ပြီး မြတ်စွာဘုရားရှင်ဟောကြားတော်မူမယ့် တရားပွဲမှာ တရားနာယူ၊ ကုသိုလ်ပြုရန်ရှိပါတယ်။ ခွင့်ပြုတော်မူပါမောင်တော်"

လင်ယောက်ျားဖြစ်သူထံခွင့်ပန်ပြီး သူဌေးသမီးလည်းဖြစ်၊ သူဌေးကတော်လည်းဖြစ်သူ ဥတ္တရာသည် စေတနာသုံးတန်ပြဋ္ဌာန်းကာ အလှူပွဲကြီးကို ခြိမ့်ခြိမ့်သဲကျင်းပပြီး တရားဘာဝနာပွားများရမည်ဖြစ်သဖြင့် ကြည်နူးကျေနပ်နေလေသည်။

မိဿာဒိဋ္ဌိ သုမနသူဌေးသားသည် ပြည့်တန်ဆာသီရိမာ၏ ပြုစုမှုအောက်တွင်သာယာမိန်းမော ကျေနပ်နေလေတော့သည်။ သူဌေး၏ဇနီးမယားအဖြစ် ခုနစ်ရက်တာမျှခံယူရပြီး သူဌေးကတော်၏နေရာတွင် အသွင်ဆောင်လုပ်ဆောင်ရခြင်းတို့ကို သီရိမာကလည်း လောဘရမ္မက်ဇောတက်ကာ မတင်းတိမ်နိုင်ဖြစ်ရလေသည်။ ထို့အပြင် သူဌေးကြီးဇနီးမောင်နှံ၏ ချမ်းသာကြွယ်ဝမှုကိုမြင်လာကာ တပ်မက်မှုကြီးထွားလာတော့သည်။

"ဒီစည်းစိမ်တွေဟာ ငါ့စည်းစိမ်တွေဖြစ်သင့်တယ်။ ဒီအိမ်နဲ့ ဒီယောက်ျားကို ငါပဲထိန်းကျောင်းပြုနေရပြီပဲ။ ဒီယောက်ျားကလည်း စည်းစိမ်အပြည့်အဝ ခံစားကာ ကျေနပ်နှစ်သက်လှတယ်လို့ဆိုလေတော့ ခုနစ်ရက်လောက်သာမကဘဲ ထာဝရဖြစ်သင့်ပါပေတယ်"

လောဘရမ္မက်ဇောကို ထိန်းမရတော့သည့် သီရိမာသည် ယုတ်မာရက်စက်စွာဖြင့် မြတ်စွာဘုရားရှင်နှင့်တကွ ရဟန္တာအရှင်မြတ်တို့အတွက် ဆွမ်းနှင့်ဆွမ်းဟင်းများချက်နေစဉ်တွင် ပွက်ပွက်ဆူနေသည့် ဆီပူအိုးဖြင့် ဥတ္တရာ၏ ဦးခေါင်းပေါ်သို့ လောင်းချလိုက်လေသည်။ သုံးကြိမ်သုံးခါတိုင်တိုင် ကြံစည်ကာလုပ်ဆောင်သော်လည်း ဆီပူတို့သည် ရေကဲ့သို့ပြောင်းလဲသွားပြီး အေးမြမှုကိုသာရစေသည်။ သီရိမာ၏ ယုတ်မာရက်စက်သည့် အကြံအစည်လည်း ပျက်ပျယ်သွားရပြီး လူသိရှင်ကြား အရှက်ရရလေတော့သည်။

"ခန္တီစ သည်းခံခြင်းသည် အောင်မြင်ချမ်းသာမင်္ဂလာဖြစ်သတည်း"

ခုနစ်ရက်ခုနစ်လီအလှူပွဲကြီး၏ လှူဒါန်းမှုအစုစုအတွက် မြတ်စွာဘုရားရှင်က တရားဟောကြားတော်မူရာတွင် ထိုကဲ့သို့သော သည်းခံခြင်းတရားနှင့်ပတ်သက်၍ အလေးပေးကာ ဟောကြားတော်မူလိုက်လေသည်။ တရားပွဲတွင် အလှူရှင်ဖြစ်သူ ဥတ္တရာနှင့်တကွ ပြည့်တန်ဆာအလုပ်ဖြင့် အသက်မွေးသူ၊ လောဘရမ္မက်ကြီးသူ သီရမာလည်းရှိနေလေရာ ဥတ္တရာနှင့်သီရိမာတို့အပါအဝင် တရားနာပရိသတ်အပေါင်းတို့လည်း "သောတာပန်" ဖြစ်ကုန်ကြလေတော့သည်။

သည်းခံခြင်းတရားသည် အရာခပ်သိမ်းကို အောင်မြင်၍ ချမ်းသာခြင်းကိုပေးစွမ်းသဖြင့် မင်္ဂလာမည်ကြောင်း၊ သည်းခံခြင်းမင်္ဂလာသည် မျက်မှောက်တွင်သာချမ်းသာသည်မဟုတ်ဘဲ တမလွန်၌လည်း ချမ်းသာကိုခံစားနိုင်ကြောင်း မြတ်စွာဘုရားရှင်က ဟောကြားမိန့်တော်မူခဲ့လေသည်။

ခန္တီစ။

"မြေကြီးပမာအရာရာ၌ သည်းခံခြင်း၊ ဒေါသမပွား မေတ္တာထား၍သည်းခံရခြင်း၊ သည်းခံမှုရှိရမယ်"လို့ မြန်မာလိုအဓိပ္ပာယ်ဖော်ဆောင်တဲ့ ဓမ္မပဒဇာတ်တော်လာ မှတ်သားစရာ ပုံဝတ္ထုတစ်ခုပါပဲ။

သားတို့ သမီးတို့၊ မောင်တို့မယ်တို့အတွက် သာမက လူတိုင်းလူတိုင်းအသိကြွယ်ကာ ကျင့်ဆောင်ကြရမယ့် "သည်းခံရေးမင်္ဂလာ" နည်းနာတွေပေါ့ကွယ်။ ။

# ရီးယဲလ်မက်ဒရစ်နဲ့ ပြင်သစ်တိုက်စစ်မှူး ဘင်ဇီမာ ဘလွန်းဒီအောဆု ပထမဆုံးအကြိမ် ဆွတ်ခူး



ရီးယဲလ်မက်ဒရစ် အသင်းနဲ့ ပြင်သစ်အသင်းတို့ရဲ့ တိုက်စစ်မှူး ဘင်ဇီမာဟာ ကမ္ဘာ့အကောင်းဆုံး ကစားသမားကို ပေးအပ်ချီးမြှင့်တဲ့ ဘလွန်းဒီအောဆုကို ပထမဆုံး အကြိမ်အဖြစ် ရယူဆွတ်ခူးနိုင်ခဲ့ပြီ ဖြစ်ပါတယ်။

တိုက်စစ်မှူး ဘင်ဇီမာဟာ ၂၀၂၁-၂၀၂၂ ဘောလုံးရာသီ အတွင်းက ရီးယဲလ်မက်ဒရစ် အသင်းနဲ့အတူ ပွဲစဉ် စုစုပေါင်း ၄၆ ပွဲမှာ သွင်းဂိုး ၄၄ ဂိုးအထိ သွင်းယူနိုင်ခဲ့ပြီး ချန်ပီယံလိဂ် ဖလားနဲ့ စပိန်လာလီဂါဖလား တို့ကို ရယူပေးနိုင်ခဲ့တာဖြစ်ပါ တယ်။

တိုက်စစ်မှူး ဘင်ဇီမာဟာ ဘိုင်ယန်မြူးနစ်အသင်းမှ ဆီနီဂေါ တိုက်စစ်မှူး ဆာဒီယိုမာနေးနဲ့ မန်စီးတီးအသင်းမှ ဘယ်လ်ဂျီယံ ကွင်းလယ်ကစားသမား ကီဗင် ဒီဘရိုင်းတို့ကို ကျော်ဖြတ်ကာ ဘလွန်းဒီအောဆုကို ရယူဆွတ်ခူး နိုင်ခဲ့တာဖြစ်ပါတယ်။

ဘလွန်းဒီအောဆုကို နောက်ဆုံး ၁၃ ကြိမ်မှာ ၁၂ ကြိမ်က တိုက်စစ်မှူး မက်ဆီနဲ့ တိုက်စစ်မှူး စီရိုနယ်လ်ဒို တို့က ရယူဆွတ်ခူးနိုင်ခဲ့တာဖြစ်ပြီး တိုက်စစ်မှူး မက်ဆီက ခုနစ်ကြိမ်၊ တိုက်စစ်မှူး စီရိုနယ်လ်ဒိုက ငါးကြိမ် ဆွတ်ခူးနိုင်ခဲ့တာ ဖြစ်ပါ တယ်။

ယခုနှစ်အတွင်း ပေးအပ်ချီးမြှင့်တဲ့ကမ္ဘာ့အကောင်းဆုံးအမျိုးသမီး ကစားသမားဆုကိုတော့ ဘာစီလိုနာ အမျိုးသမီးအသင်းမှ ပူတဲလ်လက်စ်က ရယူဆွတ်ခူး နိုင်ခဲ့တာဖြစ်ပါတယ်။ တိုက်စစ်မှူး ဘင်ဇီမာဟာ ၁၉၉၈ ခုနှစ် နောက်ပိုင်း ပထမဆုံးရယူဆွတ်ခူး နိုင်ခဲ့တဲ့ ပြင်သစ်ကစားသမား ဖြစ်ပြီး ၁၉၉၈ ခုနှစ်က တိုက်စစ် မှူး ဇီဒန်းက ဘလွန်းဒီအောဆုကို ပြင်သစ်နိုင်ငံ ကိုယ်စားပြု ကစား သမားတစ်ဦးအနေနဲ့ နောက်ဆုံး ရယူဆွတ်ခူးခဲ့တာ ဖြစ်ပါတယ်။

အသက် ၃၄ နှစ်အရွယ်ရှိ တိုက်စစ်မှူး ဘင်ဇီမာဟာ ၂၀၀၉ ခုနှစ်ကတည်းက ရီးယဲလ် မက်ဒရစ်အသင်းမှာ ကစားခဲ့တာ ဖြစ်ပြီး နိုဝင်ဘာ ၂၀ ရက်မှာ ကာတာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမယ့် ၂၀၂၂ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ပြင်သစ် နိုင်ငံ လက်ရွေးစင်အသင်းနဲ့အတူ ပွဲထွက်ကစားခွင့်ရဖို့ မျှော်လင့် ထားတာလည်း ဖြစ်ပါတယ်။ ယခု ပေးအပ်ချီးမြှင့်တဲ့ ဘလွန်းဒီအော ဆုကို ကမ္ဘာတစ်ဝန်းမှ သတင်းစာ ပညာရှင် ၁၀၀ က မဲပေးရွေးချယ် ခဲ့တာလည်း ဖြစ်ပါတယ်။ **ငွေကြယ်**

**✻ အောင်လအန်ဆန်မှ**

အောင်လအန်ဆန်သည် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီတွင် ရုရှားနိုင်ငံသား ဗစ်တာလီဘစ်ဒက်ရှ်နှင့် ထိုးသတ်ပြီးနောက် ယခုမှ ပြန်လည်ထိုးသတ်ရခြင်းဖြစ်သည်။ အောင်လအန်ဆန်သည် ယခင်က မစ်ဒယ်ဝိတ်တန်း နှင့် လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံအဖြစ် ရပ်တည်နိုင်ခဲ့သော်လည်း ၂၀၂၀ အောက်တိုဘာနှင့် ၂၀၂၁ ဧပြီတွင် အရေးနိမ့်ကာ လက်လွှတ်ခဲ့ရပြီးနောက် စိန်ခေါ်ပွဲများသာ ထိုးသတ်နေရခြင်း ဖြစ်သည်။ အောင်လအန်ဆန်သည် ကမ္ဘာ့ချန်ပီယံ ခါးပတ် လက်လွှတ်ခဲ့ရပြီးနောက် ၂၀၂၁ ခုနှစ် ဇူလိုင်တွင် ဘရာဇီးနိုင်ငံသား လီအန်ဒရိုနှင့် ထိုးသတ်ခဲ့ရာ အနိုင်ရခဲ့သော်လည်း ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီတွင် ရုရှားနိုင်ငံသား ဗစ်တာလီဘစ်ဒက်ရှ် နှင့် ထိုးသတ်ရာတွင် အမှတ်ဖြင့် အရေးနိမ့် ခဲ့သည်။

အောင်လအန်ဆန်သည် ယခုနှစ်အတွင်း ဒုတိယမြောက် စိန်ခေါ်ပွဲ ထိုးသတ်ခြင်းဖြစ်ပြီး ဂျပန်နိုင်ငံသား အိုကာမီမှာမူ ၂၀၁၉ နောက်ပိုင်း စိန်ခေါ်ပွဲ ပြန်လည်ထိုးသတ်ခြင်းဖြစ်သည်။

**သတင်း- ကိုညီလေး**

**ဓာတ်ပုံ- ONE Championship**

# အမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ် (၄) ကျင်းပပြီးစီး

**ရန်ကုန် အောက်တိုဘာ ၁၈**

၂၀၂၂ ရာသီ မြန်မာအမျိုးသမီး လိဂ်ပြိုင်ပွဲ ပွဲစဉ် (၄) ကို အောက်တိုဘာ ၁၆ ရက်နှင့် ၁၇ ရက်က ကျင်းပခဲ့ပြီး အားကစားနှင့်ကာယ ပညာဦးစီးဌာနအသင်း ဦးဆောင် လျက်ရှိသည်။

ပွဲစဉ် (၄) တွင် လက်ရှိချန်ပီယံ အား/ကာသိပ္ပံအသင်းက သစ္စာ အားမာန်အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ အားကစားနှင့် ကာယပညာဦးစီး ဌာနအသင်းက Young Lionesses အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ မြဝတီ အသင်းက YREO အသင်းကို



မြဝတီအသင်းနှင့် YREO အသင်း ယှဉ်ပြိုင်နေစဉ်။

နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ အားကစားနှင့် ကာယပညာဦးစီး ဌာနအသင်းသည် ယခုပွဲ ထပ်မံ အနိုင်ရခဲ့သဖြင့် ထိပ်ဆုံးတွင် ဆက်လက် ဦးဆောင်နိုင်ခဲ့ခြင်း ဖြစ်သည်။ ပွဲစဉ် (၄) အပြီးတွင် အားကစားနှင့် ကာယပညာဦးစီး ဌာနအသင်းက လေးပွဲကစား ရမှတ်ကိုးမှတ်ဖြင့် ဦးဆောင်နေပြီး လက်ရှိချန်ပီယံ အား/ကာသိပ္ပံ အသင်းနှင့် မြဝတီအသင်းက သုံးပွဲကစား ခုနစ်မှတ်စီ၊ သစ္စာ အားမာန်အသင်းက သုံးပွဲကစား ခြောက်မှတ်၊ YREO အသင်းနှင့် Young Lionesses အသင်းတို့က လေးပွဲကစား သုံးမှတ်စီရထားပြီး တနင်္သာရီအသင်းမှာမူ သုံးပွဲ ကစား သုံးပွဲစလုံးရှုံးကာ အမှတ် မရသေးပေ။ **သတင်း- ကိုညီလေး**

**ဓာတ်ပုံ- MWL**

## အနုပညာ



# တေးဂီတအဖွဲ့ BTS မှ ဂျင် စစ်မှုစတင်ထမ်းဆောင်မည်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသား တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ BTS ဟာ စစ်မှု ထမ်းဆောင်မှာဖြစ်ကြောင်း အဖွဲ့ရဲ့ အေဂျင်စီဘက်က လတ်တလော ထုတ်ပြန်ခဲ့တယ်လို့ အောကေပေ့ါပ် ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရသိရပါတယ်။

BTS အနေနဲ့ စစ်မှုထမ်းဆောင်ခြင်းမှ ကင်းလွတ် ခွင့်ရ၊ မရကို ဆွေးနွေးခဲ့ကြပြီးနောက် စစ်မှုထမ်းဆောင် ဖို့ရာဖြစ်လာတာပါ။ အဖွဲ့အနေနဲ့ စစ်မှုထမ်းဆောင်မှာ ဖြစ်ကြောင်း ဘစ်ဟစ်မြူးဇစ်က အောက်တိုဘာ ၁၇ ရက်မှာ တရားဝင်ထုတ်ပြန်ခဲ့ပါတယ်။

အဖွဲ့ဝင်တွေအနက် အသက်အကြီးဆုံးအဖွဲ့ဝင် ဖြစ်တဲ့ ဂျင်က စစ်မှုစတင်ထမ်းဆောင်မှာဖြစ်ပါတယ်။ လက်ရှိမှာ အသက် ၃၀ ခန့်ရှိပြီဖြစ်တဲ့ ဂျင်ဟာ ယခု နှစ်ကုန်ပိုင်းအထိ စစ်မှုထမ်းဆောင်ဖို့ကို ဆိုင်းငံ့ခွင့် တောင်းခံထားတာကိုလည်း ပြန်လည်ရုပ်သိမ်းခဲ့ပါ တယ်။ သူဟာ စစ်မှုထမ်းဆောင်ဖို့ရာ အမိန့်ရရချင်း မှာပင်တာဝန်တွေကို အချိန်ပြည့်စစ်သားတစ်ဦးအဖြစ် ထမ်းဆောင်ဖို့ရာ ရှိနေပါတယ်။

BTS အနေနဲ့ စစ်မှုထမ်းဆောင်မယ့်အပေါ် အေဂျင်စီအနေနဲ့ ဂုဏ်ယူမိကြောင်းနဲ့ အခြားသော အဖွဲ့ဝင်တွေဟာလည်း အသက်အရွယ်အစဉ်အတိုင်း စစ်မှုထမ်းဆောင်ကြမှာဖြစ်တာကြောင့် ၂၀၂၅ ခုနှစ် နောက်ပိုင်းမှာတော့ အဖွဲ့ဝင်အစုံအလင် အနုပညာ လှုပ်ရှားမှုတွေ အတူ ပြန်လည်လုပ်ဆောင်နိုင်မှာဖြစ် ကြောင်းလည်း အေဂျင်စီဘက်က ထည့်သွင်းရေးသား ဖော်ပြခဲ့တာ တွေ့ရပါတယ်။

# Squid Game ရာသီသစ်ရဲ့ ဇာတ်လမ်းတွဲတစ်ပိုင်းအတွက် အနုပညာချီးမြှင့်ငွေ အမေရိကန်ဒေါ်လာ ခုနစ်သိန်းခန့် လီဂျန်ဂျယ်ရရှိ

တောင်ကိုရီးယားမင်းသား လီဂျန်ဂျယ်ဟာ Squid Game ဇာတ်လမ်းတွဲမှာ ပါဝင်သရုပ်ဆောင် ထားပြီး အဆိုပါ ဇာတ်လမ်းတွဲ အောင်မြင်မှုတွေနဲ့ အတူ အနုပညာထူးချွန်ဆုတွေ ဆွတ်ခူးနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။ အဆိုပါ ဇာတ်လမ်းတွဲရဲ့ ဒုတိယမြောက် ရာသီကို မကြာမီရိုက်ကူးတော့မှာဖြစ်ပြီး ယင်း



ဇာတ်လမ်းတွဲသစ်မှာ အပိုင်းတစ်ပိုင်းစီအတွက် လီဂျန်ဂျယ်ဟာ အမေရိကန်ဒေါ်လာ ခုနစ်သိန်းခန့် ရရှိကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသား ဖော်ပြချက်တွေအရ သိရပါတယ်။

လီဂျန်ဂျယ်ရဲ့ အနုပညာဝင်ငွေနဲ့ပတ်သက်ပြီး ဒေသတွင်း မီဒီယာတစ်ခုက လတ်တလော ရေးသား ဖော်ပြခဲ့တာ ဖြစ်ပါတယ်။ နက်ဖ်လစ်ဇ်က ရိုက်ကူး ထုတ်လွှင့်မယ့် အဆိုပါဇာတ်လမ်းတွဲသစ်ဟာ ပထမ ဇာတ်လမ်းတွဲမှာလို အပိုင်း ကိုးပိုင်း ပါဝင်မယ်ဆိုပါက လီဂျန်ဂျယ်အနေနဲ့ ယင်းဇာတ်လမ်းတွဲမှာ ပါဝင် သရုပ်ဆောင်ပေးတဲ့အတွက် အနုပညာချီးမြှင့်ငွေ ကိုရီးယား ဝမ် ကိုးဘီလီယံခန့် ရရှိမှာလည်း ဖြစ်ပါ တယ်။

Squid Game Season 2 ကို လာမယ့်နှစ်အတွင်း စတင်ရိုက်ကူးနိုင်ဖွယ်ရှိပြီး လက်ရှိမှာတော့ ပါဝင် သရုပ်ဆောင်ကြမယ့်သူတွေနဲ့ သဘောတူညီမှုတွေ ရရှိထားပြီး ဖြစ်ပါတယ်။ အဆိုပါ ဇာတ်လမ်းတွဲသစ်မှာ မင်းသား လီဗြောင်ဟွန်းလည်း အဓိကဇာတ်ဆောင် တစ်ဦးအဖြစ်ပါဝင်ထားပြီး ဇာတ်လမ်းတွဲသစ်အတွက် ရိုက်ကူးရေးစရိတ်အနေနဲ့ ဝမ်ဘီလီယံ ၁၀၀ လျာထား ကြောင်းလည်း သိရပါတယ်။

**အေးပြည့် စုစည်းသည်**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်”

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ဇေယျာသုခလမ်း၊ အမှတ်- ၇၇၆ (၁၀၃-ပထမထပ်) (ဘီ)တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို စာချုပ်အဆက်ဆက်ဖြင့် တရားဝင် လက်ရှိထားပိုင်ဆိုင်သူ ဒေါ်အိဖြူဝင်း [၁၂/ကတတ(နိုင်)၀၂၈၅၂၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဤအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ တရားဝင်ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးဇော်သိန်းထွန်း** | **ဦးသန့်ဇင်ဖြိုး** |
| **(တရားလွှတ်တော်ရှေ့နေ၊ စဉ်-၁၆၁၅)** | **(အထက်တန်းရှေ့နေ၊ စဉ်-၄၅၇၃၉)** |

**အခန်း-၃၊ (၇)လွှာ၊ Strand Condo ၊ မဟာဗန္ဓုလပန်းခြံလမ်းနှင့် ဘဏ်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၆၉၈၈၅၇၀၁၆၊ ၀၉-၅၄၁၅၈၀၈**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇၅)ရပ်ကွက်၊ မြေကွက်အမှတ်(၂၃/ခ)၊ ဧရိယာ (၀.၀၇၃)ဧက၊ (အလျား ၄၀ပေ/၃၉ပေ ၉လက်မ x အနံ ၈၀ ပေ ၃ လက်မ / ၈၀ ပေ)၊ (၃၁၉၄ စတုရန်းပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် တည်ရှိသောအမှတ်(၂၃/ခ)၊ အောင်မြေသာစည်လမ်း၊ အောင်မြေသာစည်အိမ်ရာ၊ (၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သည့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့် ပတ်သက်၍ အမည်ပေါက် ဒေါ်မြင့်မြင့်ရီ [၁၂/ကမရ(နိုင်)၀၀၅၄၈၄]ထံမှ ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်သဖြင့် ကန့်ကွက်လိုသူများသည် ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ စာရွက်စာတမ်းများ၊ အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်တော့မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**
**ဒေါ်စန်းစန်းဝင်း (တရားလွှတ်တော်ရှေ့နေ) ၂၁၇၂**
**B.A(LAW)LL.B(Advocate), D.B.L,D.M.L,D.I.L.D.A.Psy.**
**WIPO, DL(101), (201), (317) Switzerland (Geneva)**
**အမှတ် (၂၀၉/ဃ)၊ ဘူတာရုံလမ်း၊ ကန်ဘဲ့၊ (၁၂)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၅၀၇၁၂၀၆၊ ၀၉-၉၇၄၇၃၅၆၈၆**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ၁၂၄-လမ်း၊ အမှတ်(၅၉)၊ (၃လွှာ)၊ မျက်နှာမူလျှင်(ဝဲ)၊ အကျယ်အဝန်း(၁၅x ၄၀) ပေရှိ တိုက်ခန်း(၁)ခန်းနှင့် ရေမီး အစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးမြင့်သန်း [၁၂/တမန(နိုင်) ၀၈၄၁၆၉]မှ တရားဝင် ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသန်းထိုက် [၁၂/မဂတ(နိုင်)၁၀၅၉၃၄]က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

သို့ပါ၍ အထက်ဖော်ပြပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထား မူရင်းများ ယူဆောင်၍ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်နှင်းသီတာဖြိုး(LL.B)** | **ဒေါ်နီနီဝင်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၃၇၂၀)** | **(စဉ်-၅၁၇၁၈)** |

**အမှတ် (၃၆)၊ မြေညီထပ်၊ (၈၉)လမ်း၊ ကန်/ နောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၇၅၉၂၆၀၂၇၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၊ မြေကွက်အမှတ်-၅၀၁/ခ၊ မြေကွက်တည်နေရာအမှတ် (၅၀၁/ခ)၊ (၁)လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးကျော်မင်း[၁၂/မရက(နိုင်)၁၃၄၃၃၂]၊ ဒေါ်ကေခိုင်ထွန်း [၉/မရတ(နိုင်)၀၆၀၄၈၅] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးကျော်မင်း၊ ဒေါ်ကေခိုင်ထွန်းတို့ နှစ်ဦးအနက် ဦးကျော်မင်း(ခင်ပွန်း)ကွယ်လွန်သဖြင့် ဒေါ်ကေခိုင်ထွန်းမှ တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ (၇၃၉/၂၀၂၂)(၇-၉-၂၀၂၂)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဂရန်၊ နိုင်/ကတ်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဝန်ဆောင်ခတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းများအတိုင်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၄-၇-၂၀၂၂ရက်နေ့ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ(၂၆)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၄)ဒေါ်စန်းစန်းရီထံမှ SPရသူဒေါ်သဲသဥ္စာထွန်း၏ အရောင်းမြေပုံကူးတွင်မြေကွက်လိပ်စာ ၉၃၃၊အောင်မေတ္တာလမ်း၊(၂၉)ရပ်ကွက်ဟုအမှန်ပြင်ဆင်ဖတ်ရှုပါရန်။

## အမည်ပြောင်း

ရန်ကုန်မြို့၊ ဒဂုံအရှေ့ပိုင်းမြို့နယ်၊ (၇)ရပ်ကွက်၊ ငထွေရှူးလမ်း၊ အမှတ် (၇၁၅/ခ)နေ အဖ ဦးဆန်းဦး၏ သား မောင်ဟိန်းမြင့်စိုးအား ယနေ့မှစ၍ မောင်ဟိန်းမြင့်အောင်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

## အမည်မှန်

ချင်းရွှေဟော်မြို့၊ အမှတ်(၂)ရပ်ကွက်နေ အဖ ဦးကောင်းရှန်၏ သား၊ ဦးသောင်းထိုက် (ခ) ဦးသောင်းထိုက်စိုး [၁၃/ကလတ(နိုင်) ၀၀၀၆၀၄]သည် တစ်ဦးတည်းဖြစ်ပြီး မောင်သိန်းသန်းထိုက်၊ မောင်သိဒ္ဓိအောင်၊ မောင်သတိုးအောင်တို့၏ ဖခင်ဖြစ်ပါကြောင်း။

## ပျောက်ဆုံးခြင်း

ကျွန်မ ဒေါ်လေးယုခိုင် [၆/ ကသန(နိုင်)၀၃၆၇၃၃] ပိုင်ဆိုင်သော **ဆုမြတ်နိုးအောင်** (ON 7423-A) ကုန်တင်ရေယာဉ်၏ ဂရန် / LSA မူရင်းများမှာ လုပ်ငန်းကိစ္စများလိုက်လံဆောင်ရွက်လုပ်ကိုင်ရင်း ရန်ကုန်မြို့၊ ဆိပ်ကမ်းသာလမ်းအနီးတွင် ကျပျောက်သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်းနံပါတ်-၀၉-၂၅၉၈၅၃၉၆၇**

## အထူးကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်း

AUNG KAUNG KYAW CONSTRUCTION COMPANY LIMITED ကုမ္ပဏီ မှတ်ပုံတင်အမှတ် (၁၃၀၀၄၅၃၅၉)ကိုယ်စား (၁၈-၁၀-၂၀၁၉)ရက်နေ့ အစည်းအဝေးဆုံးဖြတ်ချက်အရ ကုမ္ပဏီ၏ဥက္ကဋ္ဌဖြစ်သူ ဦးကျော်ဝေ [၁၂/လမန(နိုင်)၀၃၃၈၃၀] ကိုင်ဆောင်သူမှ ဒေါ်ရီရီချို [၁၄/မမန(နိုင်) ၀၀၉၅၃၃] ကိုင်ဆောင်သူသို့ (၁၇-၁၀-၂၀၁၉)ရက်တွင် အထူးကိုယ်စားလှယ်လွှဲစာအမှတ်- (၂၇၆၅၀/၂၀၁၉) ဖြင့် လွှဲအပ်ခဲ့ပါသည်။ အဆိုပါအထူးကိုယ်စားလှယ်လွှဲစာအား သတင်းစာကြော်ငြာပါသည့်ရက်မှစ၍ ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးကျော်ဝေ [၁၂/လမန(နိုင်)၀၃၃၈၃၀]**
**ဖုန်း-၀၉- ၄၂၀၂၃၁၁၄၉**

## အထူးကိုယ်စားလှယ်လွှဲစာပြန်လည်ရုပ်သိမ်းခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေးရပ်ကွက်၊ (၈၈) လမ်း၊ အမှတ် (၅၂) နေ ဦးဂျိုးဇက်ဂျွန်ပီတာ (ခ) ဦးစိန်ထွန်း [၁၄/ဒဒရ(နိုင်)၀၈၅၆၆၉] ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြော်ငြာအပ်ပါသည်။

ဦးဂျိုးဇက်ဂျွန်ပီတာ (ခ) ဦးစိန်ထွန်း မှ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ငွေကြာရံရိပ်သာ၊ ပါရမီလမ်း၊ အမှတ်(၁၀) နေ ဦးသန်းနိုင် [၁၂/ဗတထ(နိုင်)၀၂၆၀၁၉] ထံသို့ (၅-၈-၂၀၂၀) ရက်နေ့၌ ရန်ကုန်မြို့၊ မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် လွှဲအပ်ပေးခဲ့သော အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၉၀၉၆/၂၀၂၀) အား ဤကြော်ငြာစာပါသည့်ရက်မှစ၍ ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ဦးဂျိုးဇက်ဂျွန်ပီတာ (ခ) ဦးစိန်ထွန်း ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်သက်ဦး (LL.B, DBL, DIR)**
**GCIP (DL-101/2014) Switzerland**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၄၇၈)**
**အမှတ်(၃)၊ မြေညီထပ်၊ မင်းညွန့်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၁၁၁၈၈၁၂၊ ၀၉-၇၈၄၁၁၁၉၉၂**

## မူးယစ်ကို

## ပစ်

## ပန်းတိုင်သစ်

## စိတ်သစ်

## လူသစ်

## ဘဝသစ်

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်- ၅၊ နည်းဥပဒေ - ၂၀)**
**မော်လမြိုင်မြို့နယ်တရားရုံးတော်၌**
**၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၉၄**

| | | |
|---|---|---|
| ဒေါ်ထွဋ်ထွဋ်ခိုင် | နှင့် | ဦးဇော်ထက်အောင် |
| တရားလို | | တရားပြိုင် |

အမှတ်(၈၁)၊ နံ့သာလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ဦးဇော်ထက်အောင်(ယခုနေရပ်လိပ်စာမသိသူ)အား သိစေရမည်။

သင့်အပေါ်၌ တရားလိုက လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက် (၁၃၈၄ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ရက်)နေ့ မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို၏ စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်တွင် ဤရုံးတော်တံဆိပ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မိုးဦးလင်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၃)**
**မော်လမြိုင်မြို့နယ်တရားရုံး**

## ပျောက်ဆုံးကြောင်း

Dragon Kind International Trading Co., Ltd အမည်ဖြင့် တင်သွင်းထားသော ID No. 100139945730, 100132068150, 100134041561, 100182203921, 100178900840, 100181348741, 100180158300, 100181349110, 100180876460, 100179460250, 100171072850,100182744060, 100171477712, 100176084042, 100183863140, 100180498500, 100197694220, 100198649241, 100189089450, 100192577220, 100196912760 ၏ Customs Statement (မူရင်း) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ အကြောင်းကြားပေးပါရန် အသိပေးကြေညာအပ်ပါသည်-

**Dragon Kind International Trading Co., Ltd**
**ဖုန်း-၀၉-၈၉၈၉၄၂၂၁၁**

## အမြန်ပြန်လာပါ

တောင်ကြီးမြို့နယ်၊ ညိုမီးကျေးရွာ၊ အိမ်အမှတ်(၈၇)နေ ကျွန်တော် ဦးကျော်ဇေယျာထွန်း [၈/စလန(နိုင်)၀၉၃၇၇၇]၏ ဇနီးဖြစ်သူ ဒေါ်ဥမ္မာအောင် [၈/ဂဂန(နိုင်)၀၉၄၄၁၉]သည် ၅-၁၀-၂၀၂၂ ရက်တွင် သမီးနှင့်သားဖြစ်သူတို့အားခေါ်ဆောင်၍ ကျောင်းသို့ သွားမည်ဟုဆိုကာ နေအိမ်မှ ထွက်ခွာပျောက်ဆုံးခဲ့ပါသည်၊ မိမိမှ ဇနီးကိုဖုန်းဖြင့်သော်လည်းကောင်း၊ ဆွေမျိုးမိတ်ဆွေ အပေါင်းအသင်းများထံသော်လည်းကောင်း ဆက်သွယ်စုံစမ်းရှာဖွေခဲ့သော်လည်း လုံးဝ(လုံးဝ)ဆက်သွယ်မှုမရခဲ့ပါသဖြင့် စိတ်ပူပန်နေရပါသောကြောင့် မိသားစုအမြန်ဆုံစည်းရန် ဒေါ်ဥမ္မာအောင် အနေဖြင့်သော်လည်းကောင်း၊ မိမိဇနီးအား သိရှိသူများအနေဖြင့်လည်းကောင်း အောက်ပါဖုန်းနံပါတ်သို့ အမြန်ဆုံး ဆက်သွယ်အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**ဦးကျော်ဇေယျာထွန်း (ဖုန်း-၀၉-၄၃၀၀၉၀၄၃)**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၂)၊ ဦးလင်းလမ်း၊ မြေကွက်အမှတ်(၉၉၉)၊ အကျယ်အဝန်း (၄၀x၆၀)ပေအနက်မှ တရားဝင်မခွဲစိတ်ရသေးသော အကျယ်အဝန်း (၂၀x၆၀)ပေရှိ မြေကွက်အမှတ်(၉၉၈)နှင့် ကပ်လျက်အခြမ်း၊ နှစ်(၆၀) ဂရန်အမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မူလအမည်ပေါက်သူ ဒေါ်ရင်ဌေ [၁၂/ရကန(နိုင်)၀၂၀၃၉၈] အမည်ဖြင့် မှတ်သားတည်ရှိသော်လည်း ယခုရောင်းချသူ ဦးစိုင်းခွန်မွန်း [၁၂/ကမရ(နိုင်) ၀၁၃၇၇၇]မှ ဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြင့်မြင့်သန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၇၆၆)**
**အမှတ်(A-3/A)၊ အရှေ့ပြည်သာရိပ်မွန်၊ (၁၅)ရပ်ကွက်၊ အမှတ်(၂)လမ်းမကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉- ၄၅၄၁၅၃၄၇၄**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရေတာရှည်ရပ်ကွက်၊ ရေတာရှည်လမ်းသစ်၊ တိုက်အမှတ်( ၈-အေ)၊ ပဉ္စမထပ် (၆)လွှာ၊ ဧရိယာ အကျယ်အဝန်း (၂၁'x၆၀')ရှိ ရေ၊ မီးစုံ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား တိုက်ခန်းပိုင်ရှင် ဒေါ်လှလှရင် [၁၂/အလန(နိုင်)၀၃၅၄၄၃]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေများကို ပေးချေထားပြီးဖြစ်ပါသည်။

ဖော်ပြပါအရောင်းအဝယ်ကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုပါက တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးမျိုးမြင့်ဦး** | **ဦးကျော်ဝင်း B.A, R.L, D.E.S, D.B.L** |
| **[၉/ငဇန(နိုင်)၀၈၈၄၀၀]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၅၀၈)** |

**အမှတ်(၈၀)၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉- ၄၅၁၃၇၉၇၉၁၊ ၀၉- ၂၅၄၅၀၇၇၀၀**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ (၈)ရပ်ကွက်၊ ကျန်စစ်မင်းအိမ်ရာ အပိုင်း(၁)၊ တိုက်အမှတ်-၂၂၊ အခန်းအမှတ်-၂၀၅(ဒုတိယထပ်) တိုက်ခန်းတစ်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား တိုက်ခန်းအမည်ပေါက် ဒေါ်သီရိ [၁၂/စခန(နိုင်)၀၀၅၂၆၆] ထံမှ ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချခွင့်ရှိသူဆိုသော ယခုရောင်းချသူ ဒေါ်မြမြဝင်း [၁၄/ဝခမ(နိုင်)၁၄၀၀၃၄]ထံမှ ကျွန်ုပ်မိတ်ဆွေများဖြစ်ကြသော ဦးရဲကျော်စွာနှင့် ဒေါ်ယဉ်ယဉ်ထွေးလှိုင်တို့က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းတို့ဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဤ အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိုးမြင့်(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၆၉၁၃/၂၀၀၁)**
**အမှတ်-၅၆၃၊ အခန်း(၁၀၃)၊ ပထမထပ်၊ MAC Tower ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၄၀၉၉၅၃၊ ၀၉-၅၀၀၁၁၀၈**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအနောက်ရပ်ကွက်၊ ကြယ်စင်မြို့တော်အိမ်ရာဝင်းအတွင်းရှိ City Loft အိမ်ရာ၊ တိုက်အမှတ်- CL7 (TA2)၊ မြေညီထပ်၊ ကားပါကင် ပါဝင်သော RC (၈)ထပ် ကွန်ဒိုအဆောက်အဦ၏ ပထမထပ်အခန်း၊ အခန်းအမှတ် (၁၀၂)၊ ဧရိယာ (၈၅၀) စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ရေမီး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူများဖြစ်သော ဦးဝဏ္ဏထွန်း [၉/မထလ(နိုင်)၁၇၁၆၇၉]၊ ဒေါ်ဆုလှိုင်ဖြိုး [၁၂/အစန(နိုင်) ၁၈၃၀၀၇] တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးအောင်သူရစိုး [၁၂/လမတ(နိုင်) ၀၃၅၄၉၅]၊ ဒေါ်နှင်းဖြူစိုး [၁၂/လမတ(နိုင်) ၀၃၅၀၃၇]တို့က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးအောင်သူရစိုး၊ ဒေါ်နှင်းဖြူစိုးတို့၏ လွှဲအပ်ညွှန်ကြားချက်များအရ**
**ဒေါ်သူဇာကျော်**
**LL.B, D.B.L, D.I.L, D.I.P.L, WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၅၂၆)**
**Ph-09- 765602290**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်(Star City)၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရန်ကင်းလမ်း၊ (Golden City Condominium) (Block No-7)၊ (Unit No- 22-06)၊ အကျယ်အဝန်း (၉၈၆.၃၆)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ၎င်းကွန်ဒိုတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ရှင်ဖြစ်သူ ဦးကျော်မင်းထွန်း [၉/ပဥလ(နိုင်)၀၂၁၉၆၀] ကိုင်ဆောင်သူမှ တရားဝင်ပိုင်ဆိုင်၍ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလာသောကြောင့် ကျွန်ုပ်၏မိတ်ဆွေမှ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသောစာရွက်စာတမ်း(မူရင်း) အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မိုးမိုးမြင့် အထက်တန်းရှေ့နေ (စဉ်-၅၀၆၀၆)**
**အမှတ် (၄၅)၊ အောင်မေတ္တာလမ်း၊ သမိုင်း(၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၅၀၁၂၂၅**

## အရေပြားအကျိတ်နာရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ကျွဲ၊ နွားများတွင်ဖြစ်ပွားတတ်သည့် အရေပြားအကျိတ်နာရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားရခြင်းဖြစ်ပြီး မိမိတို့မွေးမြူထားသောကျွဲ၊ နွားများကို အဆိုပါရောဂါဖြစ်ပွား ကျရောက်ခြင်းမှကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက် နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) နာမကျန်း ကျွဲ၊ နွားများကို လွှတ်ကျောင်းခြင်း၊ အခြားကျွဲ၊ နွားများနှင့် ရောနှောခြင်းမပြုရန်၊
(၂) ကျွဲ၊ နွားမွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုရန်နှင့် ပိုးသတ်သန့်စင်ခြင်းဆောင်ရွက်ရန်၊
(၃) ကျွဲ၊ နွားအသစ်ဝယ်ယူမွေးမြူမည်ဆိုပါက ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ကျွဲ၊ နွားများကို ဝယ်ယူမွေးမြူရန်၊
(၄) ဝယ်ယူသည့်နွားအသစ်များကို မိမိခြံရှိနွားများနှင့် မိမိခြံရှိဝက်များနှင့်အတူ ထည့်သွင်းမွေးမြူခြင်းမပြုမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊
(၅) ရောဂါပိုးသယ်ဆောင်တတ်သည့် အင်းဆက်ပိုးမွှားများဖြစ်သည့် မှက်၊ ခြင်၊ ယင်နှင့် မွှားများကို ထိန်းချုပ်ရန်၊
(၆) ဆေးထိုးအပ်နှင့် ခြံအသုံးအဆောင်ပစ္စည်းများ မျှဝေသုံးစွဲခြင်းမပြုရန်၊
(၇) ကျွဲ၊ နွားများရွှေ့ပြောင်းသယ်ဆောင်ရာတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ တိရစ္ဆာန်ကျန်းမာရေး ထောက်ခံချက်လက်မှတ် (AHD/PC-3)ရယူရန်၊
(၈) မိမိ ကျွဲ၊ နွားများတွင် အရေပြားအကျိတ်နာဖြစ်ပွားနေသည်ဟု သံသယရှိပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(၉) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၄၄၄ ဆူ | ၂၇၆ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၀. ၀၀ | ၄၅၅ ခန်း | ၅၈ ခန်း | ၃၉၇ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၄၃ တိုင် | ၇ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၁၆ ခု | ၅၃၆ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၆၁ ကျင်း | ၂၀၅၈. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၂၄ ကျင်း | ၁၉၄. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၂၀ ကျင်း | ၅၈၉၀. ၆၆ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၃။ | ကြွေပြား ၁ ကျင်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၃၁ ကျင်း | ၁၆၀၅. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ | ၁၅၀၀ သိန်း | ၉၀၁၉ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |
| ၁၆။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)လှူဒါန်းနိုင်ရေး [၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၅၀၀ စုံ | ၁၆၅ စုံ | ၃၃၅ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၀၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇေ ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

ကျွန်တော်တို့နိုင်ငံဟာ ရှေးနှစ်ပေါင်းများစွာကတည်းက တိုင်းရင်းသားတွေစုစည်းနေထိုင်ခဲ့ကြတဲ့ နိုင်ငံတစ်ခုဖြစ်ပါတယ်။ ဒေသ၊ နယ်မြေအလိုက် အုပ်ချုပ်မှုပုံစံတွေ ကွဲပြားခဲ့သော်လည်း လွတ်လပ်ရေးမဆုံးရှုံးမီကာလကတည်းက နိုင်ငံအဝှမ်းမှာ ပင်မအုပ်ချုပ်ကွပ်ကဲမှုရှိတဲ့ပုံစံနဲ့ အုပ်ချုပ်ခဲ့ပါတယ်။ လွတ်လပ်ရေးရရှိတော့လည်း တစ်နိုင်ငံလုံး၊ ပြည်ထောင်စုတစ်ခုလုံး စုစည်းလွတ်လပ်ရေးရရှိခဲ့တာဖြစ်ပါတယ်။ ဒါ့ကြောင့် ရှေးယခင်ကတည်းက ပြည်ထောင်စုစနစ်နဲ့ စုစည်းတည်ဆောက်ခဲ့တဲ့ ကျွန်တော်တို့နိုင်ငံအနေနဲ့ ဒီပြည်ထောင်စုစနစ်ကို ခိုင်မာသည်ထက်ခိုင်မာအောင် ခေတ်နဲ့အညီ တည်ဆောက်ကြမှသာ နိုင်ငံတော်တည်တံ့ခိုင်မြဲမှာ ဖြစ်ပါတယ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁ နှစ်နှင့် ၆ လ (၁၈ လ)ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့် ပတ်သက်၍ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

၁-၈-၂၀၂၂

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ပါ အတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ” ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# နိုင်ငံသူ နိုင်ငံသားများအနေဖြင့် အမျိုးဂုဏ် ဇာတိဂုဏ်စောင့်ထိန်းရင်း ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာများကို နှောင့်ယှက်ဖျက်ဆီးခြင်းမှ ကင်းဝေးစေရန် ဝိုင်းဝန်းကြိုးပမ်းကာကွယ်ထိန်းသိမ်းသွားကြရမည်

နေပြည်တော် အောက်တိုဘာ ၁၈

(၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟို ဌာန-၂ ညီလာခံခန်းမ၌ ကျင်းပရာ ပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ် မှူးကြီး စိုးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဝင်များ၊ ပြည်ထောင်စု တရားသူကြီးချုပ်၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စု ဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ် များ၊ တရားလွှတ်တော်ချုပ် တရားသူကြီး များ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာ ခုံရုံးအဖွဲ့ဝင်များ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဝင်များ၊ ပြိုင်ပွဲကျင်းပရေး

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



## အောင်လအန်ဆန်နှင့် ဂျပန်နိုင်ငံသား အိုကာမီ ထိုးသတ်မည့် စိန်ခေါ်ပွဲကို နိုဝင်ဘာ ၁၉ ရက်တွင် ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၈

မြန်မာ MMA ဖိုက်တာ အောင်လအန်ဆန်နှင့် ဂျပန်နိုင်ငံသား အိုကာမီ ထိုးသတ်မည့် စိန်ခေါ်ပွဲကို နိုဝင်ဘာ ၁၉ ရက်တွင် ကျင်းပသွားမည်ဖြစ်သည်။

ONE Championship အဖွဲ့အစည်းသည် နိုဝင်ဘာ ၁၉ ရက်တွင် စင်ကာပူနိုင်ငံ၌ ONE 163 အမည်ရ ပြိုင်ပွဲကျင်းပမည်ဖြစ်ပြီး ယင်းပြိုင်ပွဲတွင် အောင်လအန်ဆန်နှင့် အိုကာမီတို့၏ မစ်ဒယ်ဝိတ်တန်းစိန်ခေါ်ပွဲ ထည့်သွင်းကျင်းပမည်ဖြစ်သည်။ အောင်လအန်ဆန်နှင့် အိုကာမီသည် ပြီးခဲ့သည့်နှစ်ကတည်းက ထိုးသတ်မည်ဟု သတင်းများထွက်ပေါ်ခဲ့သော်လည်း နိုဝင်ဘာ ၁၉ ရက်မှသာ ထိုးသတ်နိုင်ခြင်းဖြစ်သည်။

စာမျက်နှာ ၂၂ ကော်လံ ၄ သို့ ✻

**ယနေ့ ဖတ်စရာ**

**ဓာတ်ခွဲနမူနာစုစုပေါင်း ၁၃၆၃၈ ခု စစ်ဆေးပြီးစီး ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၅၁၅ ဦး တွေ့ရှိ**

စာမျက်နှာ - ၁၈



**ရီးယဲလ်မက်ဒရစ်နဲ့ ပြင်သစ်တိုက်စစ်မှူး ဘင်ဇီမာ ဘလွန်းဒီအောဆု ပထမဆုံးအကြိမ် ဆွတ်ခူး**

စာမျက်နှာ - ၂၂

# (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနား ပုံရိပ်များ

*(၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို အောက်တိုဘာ ၁၈ ရက် ညနေပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပပြုလုပ်ရာ အခမ်းအနား မြင်ကွင်းပုံရိပ်များကို စုစည်းဖော်ပြလိုက်ပါသည် -*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အရေး အကဲဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စား အတွင်းရေးမှူး ဦးမင်းယုအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အတီး အကဲဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဦးအောင်ကိန်းအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။









နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် အနုပညာရှင်များ၏ ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြစဉ်။



ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အခမ်းအနားမှူးတစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။







# (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား ပုံရိပ်များ

(၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၈ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန-၂ ညီလာခံခန်းမ၌ ကျင်းပရာ အခမ်းအနားမြင်ကွင်းပုံရိပ်များကို စုစည်းဖော်ပြလိုက်ပါသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကယားပြည်နယ် တိုင်းရင်းသားရိုးရာနှင့် ကျေးလက်ရိုးရာယဉ်ကျေးမှုအဖွဲ့အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကချင်ပြည်နယ် တိုင်းရင်းသားရိုးရာနှင့် ကျေးလက်ရိုးရာယဉ်ကျေးမှုအဖွဲ့အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပဲခူးတိုင်းဒေသကြီး တိုင်းရင်းသားရိုးရာနှင့် ကျေးလက်ရိုးရာယဉ်ကျေးမှုအဖွဲ့အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မကွေးတိုင်းဒေသကြီး တိုင်းရင်းသားရိုးရာနှင့် ကျေးလက်ရိုးရာယဉ်ကျေးမှုအဖွဲ့အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မန္တလေးတိုင်းဒေသကြီး တိုင်းရင်းသားရိုးရာနှင့် ကျေးလက်ရိုးရာယဉ်ကျေးမှုအဖွဲ့အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း စစ်ကိုင်းတိုင်းဒေသကြီး တိုင်းရင်းသားရိုးရာနှင့် ကျေးလက်ရိုးရာယဉ်ကျေးမှုအဖွဲ့အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မွန်ပြည်နယ် တိုင်းရင်းသားရိုးရာနှင့် ကျေးလက်ရိုးရာယဉ်ကျေးမှုအဖွဲ့အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရခိုင်ပြည်နယ် တိုင်းရင်းသားရိုးရာနှင့် ကျေးလက်ရိုးရာယဉ်ကျေးမှုအဖွဲ့အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရှမ်းပြည်နယ် တိုင်းရင်းသားရိုးရာနှင့် ကျေးလက်ရိုးရာ ယဉ်ကျေးမှုအဖွဲ့အား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရိုးရာနှင့် ကျေးလက်ရိုးရာ ယဉ်ကျေးမှုအဖွဲ့အား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် Jeng Phang နော်တောင် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးမောင်းဟာ ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် စောဒန်နီယယ် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့်ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးရွှေကြိမ်း ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



အဆို ပြိုင်ပွဲဝင် တစ်ဦး၏ ယှဉ်ပြိုင်မှုကို တွေ့ရစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသီတာဦး ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးကိုကို ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ကြိုင် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာငွေးအောင် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များ (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် အနုပညာရှင်များ၏ ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



(၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ပတ္တလားဖြင့် တီးခတ်ဖျော်ဖြေစဉ်။





(၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသူများကို တွေ့ရစဉ်။




အခြေခံပညာ (၁၀-၁၅) ကဗျာလွတ် အကပြိုင်ပွဲတွင် ပထမဆုရ ကရင်ပြည်နယ်မှ နန်းသဇင်အေးနှင့်အဖွဲ့ ကပြဖျော်ဖြေစဉ်။



အခြေခံပညာ (၁၀-၁၅) ပတ္တလားအတီးပြိုင်ပွဲ ပထမဆုရ မွန်ပြည်နယ်မှ မနွေးနွေးထက် တီးခတ်ဖျော်ဖြေစဉ်။



ဝါသနာရှင်ပထမတန်း အရေးပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ ဦးဗိုလ်စိုးရေးသားသည့် ထိန်းသိမ်းစို့လေ ရိုးရာအမွေ တေးသီချင်းဖြင့် ဖျော်ဖြေစဉ်။




အမျိုးဂုဏ်ဇာတိဂုဏ် မြှင့်တင်ရေး တေးသီချင်းပြိုင်ပွဲတွင် ပထမဆုရ မောင်စွမ်းရည်ထက် ဖျော်ဖြေစဉ်။



(၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသူများကို တွေ့ရစဉ်။



ဝါသနာရှင် ပထမတန်းဆင့် ရုပ်စုံသဘင် အဖွဲ့လိုက်ပြိုင်ပွဲ ပထမဆုရ ပဲခူးတိုင်းဒေသကြီးမှ မိုးပြည့်မြင့်မိုရ် ရုပ်စုံသဘင်အဖွဲ့ ကပြဖျော်ဖြေစဉ်။








(၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ပြိုင်ပွဲဝင်များ၏ သီဆိုယှဉ်ပြိုင်မှု ပုံရိပ်များကို တွေ့ရစဉ်။